
## မဟာဗောဓိမြိုင်ဆရာတော်

mgyoe.com SAMPLE BOOK

# ဘဝစာပန်းချီ
နှင့်
# ဖေ့စ်ဘွတ်ပေါ်က တရားတော်များ

နှစ်အုပ်တွဲပေါင်းချုပ်





## အရှင်ဝိစိတ္တသာရ

သာသနာ့တက္ကသိုလ်


mgyoe.com

naing khun arr @ 2025

mgyoe.com SAMPLE BOOK



မဟာဗောဓိမြိုင်ဆရာတော်

# ဘဝစာပန်းချီ

နှင့်

# ဖေ့စ်ဘွတ်ခ်ပေါ်က တရားတော်များ

နှစ်အုပ်တွဲပေါင်းချုပ်

## အရှင်ဝိစိတ္တသာရ

သာသနာ့တက္ကသိုလ်

ISBN9789997137357
TAYA81
9 789997 137357
MMK 15,000.00

mgyoe.com

mgyoe.com

SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE



မဟာဗောဓိမြိုင်ဆရာတော်

# ဘဝစာပန်းချီ

(နှင့်)

# ဖေ့စ်ဘွတ်ခ်ပေါ်က တရားတော်များ

နှစ်အုပ်တွဲပေါင်းချုပ်

## အရှင်ဝိစိတ္တသာရ

သာသနာ့တက္ကသိုလ်

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်တိုက်
၉(က)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်။

**ပုံနှိပ်မှတ်တမ်း**

■

**ထုတ်ဝေသူ**
ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ (၀၂၀၇၇)
အမှတ် (၄၉၉)၊ ၆-လွှာ (က)၊ ဓမ္မာရုံလမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။

■

**ပုံနှိပ်သူ**
ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်းမြို့နယ်။

■

**ပုံနှိပ်ခြင်း**
၂၀၂၅ ခုနှစ်၊ ဇူလိုင်လ၊ စတုတ္ထအကြိမ်။
(တစ်ပေါင်းတည်း ပထမအကြိမ်)
အုပ်ရေ ၁၀၀၀

■

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| - | နှစ်အုပ်တစ်တွဲ | ၅ |
| ၁။ | ဘဝစာပန်းချီ | ၇ |
| | - ရွှေအနှစ်ခရီး | ၁၁ |
| | - ဒီစာအုပ်နဲ့ပတ်သက်လို့ | ၃၇ |
| | - ဘဝစာပန်းချီ | ၄၁ |
| ၂။ | ဖေ့စ်ဘုတ်ပေါ်က တရားတော်များ | ၂၃၇ |
| | - ဒီစာစုနဲ့ပတ်သတ်လို့ | ၂၄၁ |
| | - ဖေ့စ်ဘုတ်ပေါ်က တရားတော်များ | ၂၄၃ |


■

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# နှစ်အုပ်တစ်တွဲ

ဘဝစာပန်းချီကို သုံးကြိမ်၊ ဖေ့စ်ဘုတ်ပေါ်က တရားတော်များကို
သုံးကြိမ်ထုတ်လုပ်ဖြန့်ချိပြီးပါပြီ။ ယခုတစ်ခါ နှစ်အုပ်တစ်တွဲ
ပေါင်းချုပ်ပြီး တစ်အုပ်တည်းဖြစ်စေလိုတဲ့ ဆန္ဒရှိလာတာနဲ့
စိတ်ကူးချိုချို ဒကာကိုစန်းဦးကို အပ်နှင်းလိုက်ပါတယ်။
ဆရာတော်ကြီးကို ကြည်ညိုကြသူများရော၊ စာဖတ်ပရိသတ်များရော
ကျေနပ်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

မဟာဗောဓိမြိုင်ဆရာတော်

# ဘဝတာပန်းချီ

## အရှင်ဝိစိတ္တသာရ

သာသနာ့တက္ကသိုလ်

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK



မဟာဗောဓိမြိုင်ဆရာတော်ကြီး

mgyoe.com



mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com

# ရွှေအနှစ်ခရီး

မဟာဗောဓိမြိုင်ဆရာတော်ကြီး မိုးမိတ်မပဒါန်ဂူကနေ ဥယျာဉ်တောရကျောင်းကို ပြောင်းရွှေ့သီတင်းသုံးခါစက မိမိလည်း မွေးရပ်မြေရောက်ခိုက် နတ်တလူတောရကို ရောက်သွားတယ်။ မင်းဘိသိက်ခံစေတီတော်ကို ပဒ္မာန်းရွတ်ဖတ်ပူဇော်ပြီး မင်းဘိသိက်ခံဘုရားကို ရှိခိုးပူဇော်ပါတယ်။ ပြီးတာနဲ့ ဂန္ဓကုဋိတိုက်ထဲမှာပဲ စံပယ်နေတဲ့ ဗုဒ္ဓဓာတ်တော်တွေကို ဖူးမြော်လိုက်တဲ့အခါ ဖူးမြော်မဝ ဖြစ်ရတယ်။ မိမိစိတ်ထဲမှာ ဗုဒ္ဓဓာတ်တော်အစစ်တွေလို့ ခံစားရတယ်။ တွေးလိုက် မြင်လိုက်တိုင်းလည်း နောက်ထပ် ဖူးမြော်လိုစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာတယ်။

အဲဒီမှာ ဒေါက်တာလှထွန်းဝင်းကလည်း လုပ်နေကျအလုပ်တွေကို လုပ်ကိုင်ဆောင်ရွက်နေတယ်။ သူနဲ့တွေ့တော့ ဆရာတော်ကြီး သီတင်းသုံးနေတဲ့ ဥယျာဉ်တောရကျောင်းကို သွားချင်ကြောင်း နားပူနားဆာ လုပ်ရတယ်။ ဒေါက်တာလှထွန်းဝင်းက ဆရာတော်ကြီးနဲ့ ပတ်သက်လာရင် သစ္စာရှိသူ၊ ဆရာတော်ကြီး သီတင်းသုံးတဲ့နေရာကို ဖုံးကွယ်ထားရမယ်ဆိုရင်လည်း နှုတ်လုံရာမှာ နှစ်ယောက်မရှိသူအဖြစ် ဆရာတော်ကြီးရဲ့ သာဝကလောကမှာ နာမည်ကြီးလှတယ်။ ဒီတော့ ဒေါက်တာလှထွန်းဝင်းက ဆရာတော်ကြီးကို တိုက်ရိုက်ဖူးတွေ့ခွင့်မရတဲ့အတွက် မိမိကိုလည်း အားနာ၊ ဘယ်သူ့ကိုမှ တိုက်ရိုက်ဖူးမြော်ခွင့် မပေးဘူးဆိုတဲ့ သံမဏိစည်းကမ်းကြီးကိုလည်း ဘယ်လိုမှ ချိုးဖျက်လို့ မရဆိုတော့ လိုက်ပို့ဖို့ ဝန်လေးနေပုံရတယ်။ အဲဒီတုန်းက ဆရာတော်ကြီး သီတင်းသုံးတော်မူခါစဆိုတော့ လူသူလေးပါးကို လုံးဝတားဆီးထားတဲ့အချိန်။ မိမိကလည်း

mgyoe.com

mgyibe.com SAMPLE BOOK

ကျောင်းပေါက်ဝကနေ ဆရာတော်ကြီးကို ဖူးခွင့်ရရင် ကျေနပ်ပါပြီ။ သတ်မှတ်ထားတဲ့ စည်းကမ်းကိုတော့ လိုက်နာရမှာပေါ့ စသဖြင့် မငြင်းနိုင်တဲ့ စကားလုံးတွေနဲ့ ချည်နိုင်တုပ်နိုင်တဲ့အခါ သူ့ကားနဲ့ လိုက်ပို့ပေးပါတယ်။

ကျောင်းပေါက်ရောက်တာနဲ့ ကားပေါ်ကဆင်းပြီး ဆရာတော်ကြီးရှိရာကို ဦးတိုက်ရှိခိုးခဲ့တယ်။ ကျောင်းတံခါးကြီးကိုတော့ သော့ကြီးကြီးနဲ့ လုံနေအောင်ပိတ်ထားတယ်။ အအေးဓာတ်ကိုတော့ ထိရှခံစားလိုက်ရတယ်။ နောက်က အတူပါလာတဲ့ အစ်ကိုဝမ်းကွဲက တပည့်တော်တော့ ရဟန်းဘောင်ထဲ ဝင်ချင်စိတ်ပေါက်သွားတယ်လို့ သူ့ခံစားချက်တွေ ပျို့ထုတ်လာတယ်။ နောက်တစ်ကြိမ်ရောက်တော့ ဒေါက်တာလှထွန်းဝင်းက သူ့မိတ်ဆွေတစ်ယောက်ရဲ့လှပတဲ့ ကားလေးတစ်စင်းကို မောင်းလာပြီး ဝေဘူဆရာတော်ကြီး သီတင်းသုံးခဲ့တဲ့ အင်ကျင်းပင်တောရကို ပို့ပြီး ဧယျမြမ်တောရကျောင်းကို လိုက်ပို့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ကျောင်းဝင်းထဲဝင်ခွင့်ရပြီး ပြသင့်ပြထိုက်တာတွေကို အကုန်လိုက်ပြတယ်။ သံပုရာရည်သောက်ပြီး အနားတောင်ယူခဲ့ရပါသေးတယ်။ ဆရာတော်ကြီး သီတင်းသုံးတဲ့ကျောင်းဆီကိုတော့ ဘယ်သူမှမသွားဖို့ ရေးထားတဲ့ သစ်သားပြားလေးက သံမဏိတံတိုင်းထက်လုံအောင် ဆီးကာထားတယ်။ ဆရာတော်ကြီးကို မျက်မြင်ဒိဋ္ဌ မဖူးရတာကလွဲရင် ကျန်တာတွေကိုတော့ မျက်မြင်ဒူးတိုက် တွေ့ကြုံခဲ့ရတယ်။ ဆရာတော်ကြီးကို ကိုယ်တိုင်ကိုယ်ကျ ဖူးဖို့ကတော့ အကြောင်းမတိုက်ဆိုင်သေးပါ။ ဧယျမြမ်တောရကျောင်းမှာ သုံးဝါတိတိ သီတင်းသုံးတော်မူပြီး ရွှေအနှစ်တောရကို ပြောင်းရွှေ့သီတင်းသုံးတော်မူပြီဆိုတဲ့ သတင်းတွေ ထွက်လာတယ်။ အဲဒီတုန်းက ရွာတွေကို အလှည့်ကျဆွမ်းလောင်းဖို့ စီမံထားတယ်။ အားလုံးကို ဆွမ်းလောင်းခွင့်ပေးလိုက်ရင် အရပ်လေးမျက်နှာက ဆွမ်းလောင်းလာကြတဲ့လူတွေနဲ့ လူ့ပင်လယ်ကြီးဖြစ်သွားမှာကိုကြိုကာထားတဲ့သဘောရှိတယ်။ ဒီဘော့ မိမိတို့လည်း သွားဖူးဖို့အခွင့်မသာသေးဘူး။

နတ်တလူတောရ ဂန္ဓကုဋီတိုက်ထဲမှာ ဒေါက်တာလှထွန်းဝင်းနဲ့ စကားပြောရင်း ဒီစာအုပ်အကြောင်း ရောက်သွားတယ်။ ဒီတင် ဒေါက်တာလှထွန်းဝင်းက ဒီစာအုပ်ထုတ်ဖို့ ဝတ္ထုကျပ်ငွေ သိန်းတစ်ဆယ်ကို သူလှူမယ့်အကြောင်း၊ ဘယ်လ‌ထဲမှာ ဘဏ်ကနေ ပို့လိုက်မယ့်အကြောင်း လျှောက်လာတယ်။ ဒါနဲ့ ဒီစာအုပ်ကို ပထမအကြိမ် အုပ်တစ်ထောင်၊ ဒုတိယအကြိမ် အုပ်တစ်ထောင့်ငါးရာ ထုတ်လုပ်ဖြန့်ချိခဲ့ပြီး ရလာတဲ့ငွေတွေနဲ့ ကျောက်မဲမြို့ ဇေတဝိကာရုံကျောင်းထဲမှာ ဂန္ဓာကုဋီတိုက် ဆောက်လုပ်ဖို့ မတည်အလှူငွေ လှူဒါန်းလိုက်တယ်။ ခုတော့ အဲဒီငွေကို မတည် အရင်းခံထားပြီး နယ်ခံအလှူရှင်တွေ၊ ဟိုက ဒီက အလှူရှင်

mgyibe.com

mgyoe.com
SAMPLE BOOK


တွေရဲ့ အလှူငွေတွေနဲ့ ဆောက်လုပ်နေတာ အာစီနှစ်ထပ်ဂန္ဓကုဋိတိုက်ကြီး အကြမ်းဖျင်း ပြီးစီးနေပြီလို့ သိရတယ်။ မကြာခင်မှာ ဆင်းတုတော်တွေ သိတင်းသုံးနိုင်တဲ့ ခံ့ညားထည်ဝါတဲ့ ဂန္ဓကုဋိတိုက်ကြီး သပ်ရပ်စွာ ဖူးတွေ့ကြရတော့မှာပါ။

ကန့်ဘလူနယ်ထဲမှာ ဒါပေမဲ့ ကောလင်းလောင်းရိပ် ထိုးထားတဲ့ ဖော်ချောင်းဘူတာစိုက် ကျေးရွာတွေဆီ အခါအားလျော်စွာ ရောက်လေ့ရှိပါတယ်။ တစ်ခါတလေလည်း ခဏ၊ တစ်ခါတလေလည်း သုံးလေးလ။ တစ်ခါတော့ ဖော်ချောင်းဘူတာနဲ့ နီးတဲ့ ဘုန်းကြီးကျောင်းကို သွားရင်း ကျောင်းဝင်းထဲကို လှည့်ပတ်ကြည့်ဖြစ်တယ်။ ကျွဲလူးအိုင်လောက်ရှိတဲ့ ကန်ငယ်လေးထဲက မဆိုသလောက် ရေလေးကို ကလေးမလေးနှစ်ယောက်က ရသလောက် ခပ်နေကြတယ်။

ဒီရေက ဘာလုပ်ဖို့လဲ။

သုံးဖို့ ဘုန်းဘုန်း။

သူတို့စကားအဆုံးမှာ ရင်ထဲ ရှသွားသည်။ ရေပေါတဲ့ နေရာတွေနဲ့ပဲ ထိတွေ့ခဲ့ရတဲ့ မိမိအတွက် အိပ်မက်လား၊ ပုံပြင်လားလို့ ခံစားရပြီး မယုံနိုင်ဖြစ်သွားတယ်။ ရေကန် တူးဖော်လှူဒါန်းချင်စိတ်လည်း အန်ကျလာတယ်။ ဒါနဲ့ ဘူတာမှာ လက်ဖက်ရည်ဆိုင် ဖွင့်ထားတဲ့ မောင်နိုင်မင်းဟန်ကို ပြောပြတော့ သူကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်။ ဘက်ဟိုးနဲ့မှ တူးလို့ရမှာ၊ ဒီဘက်ကို ဘက်ဟိုးလာရင် ဦးဇင်းကို အကြောင်းကြားပါမယ်လို့ ပြောရှာတယ်။ မိမိက ရပ်သူရွာသားတွေ ရေချမ်းသာစေချင်တာပဲ ရှိတယ်။ ဘယ်လိုတူးမယ်ဆိုတာလည်း မသိ၊ ဘက်ဟိုးဆိုတာလည်း မသိ။ ငွေဘယ်က ရမယ်ဆိုတာလည်း မသိ။ မသိတွေရဲ့ လွှမ်းခြုံထားတာကို ခံနေရတယ်။ ဒါပေမဲ့လို့ ကန် တူးဖော်လှူမယ်လို့ အဓိဋ္ဌာန်ပြုထားတယ်။ အဲဒီအဓိဋ္ဌာန်က မသိတွေကို ခွာချပစ်နိုင်လိမ့်မယ်လို့လည်း ယုံကြည် လက်ခံထားတယ်။

အချိန်ကာလ ဘယ်လောက်ကြာသွားသလဲဆိုတာကိုတော့ မှတ်မထားတော့ တိတိကျကျမသိဘူး။ မောင်နိုင်မင်းဟန်ဆီက ဘက်ဟိုးတစ်စင်း ရောက်လာပြီး လမ်းဖောက်နေတယ်ဆိုတဲ့သတင်း၊ သူတို့ဆီ ဘယ်တော့လောက် ရောက်လာနိုင်တယ်ဆိုတဲ့သတင်း၊ ရောက်လာပြီ ဆိုတဲ့သတင်းတွေ ဖုန်းဆက်ပြီး အမြဲတမ်း ပို့ပေးနေတယ်။ ဘက်ဟိုးရောက်လာပြီဆိုတာနဲ့ မိမိက ကန်တူးဖော်ဖို့ စတင်လှုပ်ရှားရတယ်။ ပထမဦးဆုံး အစ်မငယ် (မခင်ဆွေသန်း၊ စံပြဆီစက်)ဆီ ဖုန်းဆက်ရတယ်။ အစ်မငယ်က ဦးဇင်းဖြစ်ချင်ရင် ဖြစ်ရမှာပေါ့ဘုရားဆိုတဲ့ စကားလုံးနဲ့ လောင်းထည့်လိုက်တဲ့အနေ ဖြစ်နိုင်ပြီဆိုပြီး အားတက်သွားတယ်။ ပြီးတာနဲ့ မမဦး (ဒေါ်ခင်ဆွေဦး၊

mgyoe.com

mgyoe.com SAMPLE BOOK

ရွှေမြင့်မိုရ်ရွှေဆိုင်ပိုင်ရှင်)ကို ဖုန်းဆက်ပြောပြတော့ သူတို့ညီအစ်မသုံးယောက်က လိုသလောက် လှူဒါန်းမယ်ဆိုတဲ့ စကားတွေနဲ့ အားဖြည့်ပေးလိုက်တယ်။ ဒီအကြောင်း ကြားသိရပြီး ပါဝင်လာတဲ့ အလှူရှင်တွေ ရှိလာတဲ့အခါ ငွေကြေးက မပူရသလောက် ဖြစ်သွားတယ်။

ဘက်ပိုးရောက်တာနဲ့ အဲဒီနေရာကို အရောက်သွားလိုက်တယ်။ ရန်ကုန်နဲ့ ကောလင်း တိုက်ရိုက် အောင်ရတနာအိပ်ကပ်စ်ပရက်စ်ကားကြီးတွေကလည်း လိုင်းပြေးကာစအချိန်ဆိုတော့ သွားရေးလာရေးလည်း အရမ်းလွယ်ကူသွားတယ်။ ဇော်ချောင်းရောက်တာနဲ့ ကျောင်းဘုန်းကြီးနဲ့အတူ ရွာဒကာ ဒကာမတွေ ခေါ်ပြီး အစည်းအဝေးလုပ် အသိပေးလိုက်တယ်။ ကျေးရွာကလည်း ငွေအား လူအား နိုင်သလောက် အားဖြည့်လှူဒါန်းကြတယ်။ ဘက်ပိုးသမားကလည်း လှူနိုင်တဲ့ ဘက်က ဖြည့်ဆည်းလှူဒါန်းပေးပါတယ်။ အဲဒီတုန်းက ဆီဈေးကလည်း အုံသြစရာကောင်းလောက်အောင် ကျနေတဲ့အချိန်၊ ငွေတန်ဖိုးကလည်း အခုနဲ့စာရင် တက်နေတဲ့အချိန်ဆိုတော့ ကန်ကြီးပြီးတော့ ငွေက ပိုလျှံတောင်နေပါသေးတယ်။ သုခချမ်းသာရေကန်လို့ အမည်ပေးထားပါတယ်။ ဒီကန်ကြီး ပြီးစီးသွားအောင် မတည်လှူဒါန်းကြတဲ့-

* ဒေါ်တင်ညွန့်၊
 သမီး မခင်ဆွေဝင်း၊ မခင်ဆွေသန်း
 စံပြဆီစက်၊ ဇီးကုန်းမြို့

* ဦးကျော်မြင့်ဦး + ဒေါ်ခင်ဆွေဦး
 သမီးမသန္တာဆွေ
 ရွှေမြင့်မိုရ်ရွှေဆိုင်၊ ဇီးကုန်းမြို့

နဲ့အတူ ပါဝင်လှူဒါန်းကြသူတွေ၊ ငွေကြေးအပါအဝင် တတ်နိုင်တဲ့ဘက်ကနေ ဖြည့်ဆည်းလှူဒါန်းကြတဲ့ ဇော်ချောင်းက အလှူရှင်တွေကို ကျေးဇူးတင်လှပါကြောင်း မှတ်တမ်းတင်ချင်ပါတယ်။

နှစ်စဉ် ကန်ကြီးထဲ ရေအပြည့်ဖြည့်ပြီး ရပ်သူရွာသားတွေကို ရေနဲ့ပတ်သက်တဲ့ ဒုက္ခရှင်းပေးရတဲ့အတွက် ဝမ်းသာစရာကောင်းလှတယ်။ ရွာဦးကျောင်းဆရာတော် အရှင်သီလာနန္ဒက ရေကန်ထဲ ဆင်းမခပ်ရအောင် စီမံတဲ့အခါ ကိုဂျပန် + မဒွေးတို့မိသားစုက ကျောက်စီကန်သုံးလုံးနဲ့ ရေမော်တာလေးတစ်လုံး လှူဒါန်းပါတယ်။ ဒါ့ကြောင့်မို့ ရေအတွက်ရော၊ ရေရမှုအတွက်ရော ကိုဂျပန် +

mgyoe.com

mgyoe.com SAMPLE BOOK

မငွေးတို့အလှူက ကျေးဇူးကြီးလှတယ်။ ကန်ထဲ ရေရောက်ဖို့အတွက်ရော၊ နေ့စဉ် မပင်မပန်းနဲ့ ရေပေးနိုင်ဖို့အတွက်ရော နေ့တိုင်း စေ့ဆော် လှုံ့လစိုက်နေတဲ့ ရွာဦး ကျောင်းဆရာတော် အရှင်သီလာနန္ဒရဲ့ ကျေးဇူးတရားကတော့ ကြီးမားပြီးရင်း ကြီးမားလှပါတယ်။

အဲဒီနားတစ်ဝိုက်က ရွာတွေက ကန်ရေသောက်ရွာတွေဆိုတော့ ရွာတိုင်း မှာ ရေကန်တွေ ရှိကြတယ်။ နှစ်ပေါက်ရေခံပြီး ရှေ့ရေနောက်ရေဆက်တဲ့ ကန်တွေ ရှိတဲ့ရွာတွေက ရေဒုက္ခမရောက်ကြပေမဲ့လို့ ရှေ့ရေနောက် ရေမဆက်တဲ့ ရွာတွေက နှစ်စဉ် ရေဒုက္ခရောက်ကြတယ်။ ရေစီလှည်းနဲ့ဖြစ်ဖြစ်၊ လှည်းပေါ်မှာ ရေပုံးတွေ အပြည့်တင်ပြီးဖြစ်ဖြစ် ရေရှိတဲ့ချောင်းထဲကို သွားခပ်ကြရတယ်။ အရင်တုန်းကဆို သောက်ရေအတွက် မနက်သုံးနာရီလောက် သွားခပ်ကြရတယ်လို့ ပြောတယ်။

ဇော်ချောင်းရွာရဲ့ အရှေ့ဘက် တစ်မိုင်အဝေးလောက်မှာ သင်တောရွာဆိုတာ ရှိတယ်။ ခုတော့ ကားလမ်းဘေးက ရွာဖြစ်နေပြီး အိမ်ခြေတိုးလာတယ်။ စည်ကား လာတယ်။ အဲဒီရွာမှာလည်း ကန်နှစ်ကန်ရှိတယ်။ ဘုန်းကြီးကျောင်းထဲက ကန်နဲ့ ရွာကန်။ ရွာကန်က ပိုကြီး၊ ပိုနက်တယ်။ ဒါပေမဲ့လို့ နှစ်ကန်လုံး ရှေ့ရေ နောက်ရေ မဆက်ဘူး။ ဒီအတွက် ရေဒုက္ခရောက်ကြတယ်။ ဒီရွာမှာပဲ ရေတွင်းတစ်တွင်း လှူဖြစ်တယ်။ ရန်ကုန်ကပဲ ကိုမောင်မောင်လေးဝင်း + မခင်စန္ဒာ (မစံ) သမီးမွေးမွေး နဲ့ ဖွေးဖွေး မိသားစုက ငွေကျပ်သိန်းတစ်ဆယ်နဲ့ တူးဖော်လှူဒါန်းကြတာ။ ရေတွင်း အောင်မြင်လို့ ရပ်ရွာလူတွေ ဖောဖောသီသီ သုံးနေကြရပြီ။ ဖွေးဖွေးကို အကြောင်း ပြုပြီး လှူတာဖြစ်လို့ ဖွေးဖွေးရေတွင်းလို့ ကင်ပွန်းတပ်ထားတယ်။ မကြာခင်ကပဲ ဒီရွာမှာ ဂျပန်ရေတွင်း အောင်မြင်သွားလို့ သုံးရေအခက်အခဲတော့ မရှိကြတော့ဘူး။ ဒါဖြစ်ရင် ကန်တွေက လိုသေးလားဆိုတဲ့ မေးခွန်းနဲ့ ပစ်ပေါက်နိုင်ပါတယ်။

တစ်သက်လုံး ကန်ရေကို သုံးလာသူတွေဖြစ်လို့ တွင်းရေကို သုံးနေကြရ ပေမဲ့ ကန်ရေကိုပဲ သောက်သုံးချင်ကြတယ်။ အရသာကလည်း ကန်ရေက လေးလေး ပင်ပင် ရှိတာကိုး။ တွင်းရေက ထုံးဓာတ်များတယ်။ ဒါ့ကြောင့်မို့ သောက်တာ၊ ချက်ပြုတ်တာတွေမှာ တွင်းရေကို မသုံးချင်ကြဘူး။ တွင်းရေက ချိုးပြန်တော့လည်း ဆပ်ပြာအမြှုပ်ထွက် နဲတယ်။ ချေး (ဂျီး) မစင်ဘူးဆိုပြီး ကန်ရေလောက် သောက် တာရော၊ သုံးတာရော တွင်းရေကို ခံတွင်းမတွေ့ကြဘူး။ ဒီတော့ သူတို့ရွာက ကန်တွေကိုလည်း နှစ်ပေါက်ရေခံတဲ့ ကန်ကြီးတွေ ဖြစ်ချင်နေကြတာ။

ရွာဦးကျောင်း ကျောင်းထိုင်ဆရာတော် အရှင်သုတသောမက မိမိနဲ့ ဆရာ တူတပည့်။ အမရပူရ မဟာဂန္ဓာရုံမှာ အတူနေခဲ့ကြတာ။ အခု သူကျောင်းထိုင်

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်နေတဲ့ ကျောင်းကိုတောင် အမည်ပြောင်းကို ပယ်ဖျောက်ပြီး ရတနာ့ဂုဏ်ရည် ကျောင်းဆိုပြီး အကြော်တစ်ခု၊ မုန့်တစ်ခု မကျွေးလိုက်ရဘဲ လက်ဖက်ရည်ကြမ်း တစ်ခွက်တောင် မတိုက်လိုက်ရဘဲ အမည်သစ်တွင်သွားတယ်။ မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ ရတနာ့ဂုဏ်ရည်စာအုပ်အမည်ကို ကျောင်းအမည်ပေးလိုက်တာ။ ဆရာတော်ကြီးကို သူတတ်စွမ်းတဲ့ဘက်ကနေ ပူဇော်လိုက်တာပါပဲ။ အဲ·· သူကလည်း သူ့ကျောင်းထဲက ကန်ကြီးကို ချဲ့ချင်၊ တူးဖော်ချင်နေတာ။ ဘက်ဟိုးတွေ အကြောင်း အားလျော်စွာ ရောက်လာတိုင်း သူနိုင်သလောက်လုပ်ခဲ့လို့ ကန်ကြီးက အတော်ကြီး၊ အတော်နက်နေပါပြီ။ ဒါပေမဲ့လို့ နှစ်ပေါက် ရေမခံသေးဘူး။ ဒါနဲ့ မနှစ်က ရန်ကုန် ကျောက်မဲ ဖိုးကုန်း စတဲ့ အလှူရှင်တွေရဲ့ ငွေနဲ့ ကျောင်းကန်ကို နိုင်သလောက် ချဲ့ခဲ့ပေမဲ့လို့ ဘက်ဟိုးက အချိန်မပေးနိုင်လို့ လိုချင်သလောက် ခရီးမပေါက်ခဲ့ဘူး။ ပိုနေတဲ့အလှူငွေတွေ အပ်နှံထားခဲ့ပြီး ရန်ကုန် ပြန်လာခဲ့တယ်။

ဒီနှစ်တော့ သင်တောမှာ အခြေချနေထိုင်တဲ့ မောင်ကျော်မင်းက ကန်ကြီး တွေ တူးဖော်ဖို့ကိစ္စမှာ အတော်ကြီး ကမကထလုပ်ပြီး စေ့ဆော်အားထုတ်တယ်။ ဘက်ဟိုးတာဝန်ခံ ကိုစိုးတင့် (အလယ်ခုံ)နဲ့လည်း ချိတ်ပေးတယ်။ ကိုစိုးတင့်နဲ့ ဖုန်းပြောတော့ ကြွသာကြွခဲ့ပါ၊ ငွေက အရေးမကြီးပါဘူး၊ ဦးဇင်း ဖြစ်ချင်တာ ဖြစ်ရမှာပါလို့ လျှောက်လိုက်တဲ့စကားက မိမိစိတ်ကို ပုလင်းကြီးချိတ်ပေးလိုက် သလို ဖြစ်သွားပြီး ရာနှုန်းပြည့် မောင်းတင်ပေးလိုက်သလို ဖြစ်သွားတယ်။ မောင်ကျော်မင်းက သူ့သူငယ်ချင်းတစ်ယောက် ရှိတယ်။ ဦးဇင်းအကြောင်းကြားပြီး ကြည်ညိုနေတာ၊ မင်္ဂလာဆောင်ထားတာလည်း မကြာသေးဘူး၊ မင်္ဂလာ လက်ဖွဲ့ ငွေတွေကို မသုံးဘူး၊ သင့်တော်တဲ့နေရာမှာ လှူမယ်လို့ ပြောနေတာ၊ ကြွသာကြွခဲ့ ပါလို့ အတက်ပင့်ထုတ်လိုက်ပြန်တယ်။

ဒီတစ်ခါတော့ ကောလင်းကို တိုက်ရိုက်ကားနဲ့ မသွားတော့ဘူး။ မန္တလေးကို သုံးနာရီအဆန်ရထား စီးသွားမယ်။ မန္တလေးကနေ RBE ရထားစီးပြီး ကောလင်း ဘက် သွားမယ်။ လူသက်သာပြီး အေးအေးချမ်းချမ်းရှိတယ်ဆိုပြီး အဲလိုပဲ ခရီးစဉ် ဆွဲပြီး သွားဖြစ်တယ်။ မန္တလေးဘူတာကနေ မောင်ကျော်မင်းက ကြိုနေတယ်။ လုပ်စရာရှိတာလုပ်ပြီး ဘူတာကြီးထဲ ထိုင်နေရင်း မောင်ကျော်မင်းရဲ့သူငယ်ချင်း တရုတ်ပြည်မှာ အလုပ်လုပ်နေတဲ့ မောင်ဇော်နန်းမောင် ရောက်လာတယ်။ သူကလည်း မောင်ကျော်မင်း ပြောပြလို့ သဒ္ဓါပေါက်ပြီး ကန်တွေအတွက် အလှူငွေတစ်သိန်းကို လှူတာပါဆိုလို့ အလှူငွေကို လက်ခံစေပြီး ရေစက်ချပေးလိုက်တယ်။ စိတ်ထဲမှာ တော့ ဘူတာကြီးထဲမှာ ငွေရဖို့ မလွယ်ဘူး၊ တစ်ခါမှလည်း မရဖူးဘူး၊ နိမိတ်

mgyoe.com

mgyoe.com

ကောင်းတယ်၊ လုပ်ငန်းတော့ အောင်မြင်ပြီလို့ တွေးမိပြီး ကြည်နူးလွန်းလို့ ပြုံးမိတယ်။ အဲဒီအချိန်မှာပဲ မက်ဆေ့ချ်ဝင်လာတယ်။ သီရိလင်္ကာမှာ ဗုဒ္ဓစာပေသုတေသနပြုနေတဲ့ ဆရာဖြစ်သူ အရှင်ပဏ္ဍိတဆီက။ ဆရာက သူပင်ပန်းလွန်းလို့ အနားယူရအောင်ဆိုပြီး တပည့်တွေပင့်လို့ ဗီယက်နမ်ကို ရောက်နေတာတဲ့။ အားလုံးအဆင်ပြေတယ်တဲ့။ ကုလားပြည်ကနေ သွားရတာဆိုတော့ နတ်ပြည်ရောက်နေသလိုပဲတဲ့။ မိမိခရီးစဉ်နဲ့ သွားရခြင်းအကြောင်းကို လျှောက်တော့ သာဓုခေါ်နေတယ်။ တိုင်းတာမှုမရှိတဲ့ ကြည်နူးဝမ်းသာမှုကို ခံစားလိုက်ရတယ်။

ဟိုရောက်တော့ ဘက်ဟိုးက မအားသေးလို့ စောင့်နေရတယ်။ နိမိတ်ကတော့ အရမ်းကို ကောင်းနေတယ်။ နိမိတ်တွေကတော့ ကောင်းနေတယ်၊ ဘယ်လိုတွေ ဖြစ်လာမလဲတော့ မသိဘူး၊ ရှိတဲ့ငွေကတော့ ကန်တစ်ကန် တူးဖော်ချဲ့ထွင်ဖို့လောက်ပဲဖြစ်မှာလို့ တွေးနေမိတယ်။ တူးဖော်ဖို့ နီးကပ်လာတာနဲ့ ဘက်ဟိုးတာဝန်ခံ ကိုစိုးတင့်နဲ့ စကားပြောကြတယ်။ တစ်နာရီ ၇၅၀၀၀ ယူပါတယ်။ ဒါပေမဲ့လို့ ဦးဇင်းတို့ကိုတော့ တစ်နာရီကို ၂၅၀၀၀ လှူပါမယ်။ တစ်နာရီ ငါးသောင်းပဲ ပေးပါ။ နာရီများရင်လည်း များသလို ထပ်လှူပါဦးမယ်လို့ နိုင်တဲ့ဘက်ကနေ ပံ့ပိုးကြတယ်။ ဒါနဲ့ ရတနာ့ဂုဏ်ရည်ကျောင်းဝင်းထဲက ကန်ကြီးချဲ့ထွင်တူးဖော်ဖို့အချိန် ရောက်လာတယ်။

ဘက်ဟိုးရောက်လာတော့မယ့်အချိန်မှာ မောင်ကျော်မင်းက စောစောကပြောခဲ့တဲ့ မန္တလေးက သူ့သူငယ်ချင်းကို ဖုန်းခေါ်လိုက်တယ်။ ကန်နဲ့ပတ်သက်ပြီး အမိန့်ရှိစရာရှိတာ အမိန့်ရှိပါလို့ လျှောက်တာနဲ့ ပြောပြစရာရှိတာတွေ ပြောပြလိုက်တယ်။ မိမိပြောနေတာတွေကို ဂရုစိုက်နားထောင်နေပြီး ပြောပြီးတာနဲ့ ဦးဇင်းစိတ်ဆန္ဒရှိသလောက် ကန်ကြီးကို ချဲ့ထွင်တူးဖော်ပါ။ ငွေကတော့ လိုသလောက်တပည့်တော် လှူပါမယ်။ ငွေအတွက်တော့ ဘာမှမပူပါနဲ့။ ငဲ့ကွက်မှုမရှိဘဲ စိတ်ကြိုက်စီမံပါလို့ မောင်ကျော်စိုးထွန်းက လျှောက်တယ်။ မောင်ကျော်မင်းကိုလည်း ဦးဇင်း စိတ်တိုင်းကျ ဦးဇင်း စိတ်ချမ်းသာအောင် လုပ်ပေးပါ။ ငွေကို လိုသလောက် လှမ်းမှာပါ။ ဘဏ်ကနေ ပို့ပေးပါမယ်လို့ ပြောတဲ့အကြောင်း မောင်ကျော်မင်းက ပြန်ပြီးလျှောက်တယ်။ ကန်ကို အမာခံမတည်တဲ့ ဒကာပေါ်ပြီဆိုပြီး မိမိတို့လည်း စိတ်တိုင်းကျ အကောင်အထည်ဖော်နိုင်သွားတယ်။ အဲဒီကစပြီး မောင်ကျော်စိုးထွန်းကို ကန်ဒကာလို့ ကင်ပွန်းတပ်လိုက်တယ်။ ရွာလူကြီးက ခေါင်းဆောင်ပြီး ရွာသူရွာသားတွေကလည်း နိုင်တဲ့ဘက်ကနေ အားဖြည့်ပေးကြပါတယ်။ ဘက်ဟိုးသမားတွေကို ကျွေးမွေးရေးအပါအဝင် စေတနာထား

mgyoe.com

mgyoe.com SAMPLE BOOK

ဂရုစိုက်ကြပါတယ်။ ဒီလိုနဲ့ လူတွေ၊ ဘက်ဟိုးနဲ့ မြေသယ်ကားတွေနဲ့ တက်ညီလက်ညီ လုပ်လိုက်ကြတာ ကျောင်းကန်ကြီးကို စိတ်တိုင်းကျ ပြီးပြည့်စုံအောင် တူးဖော်နိုင်သွားတယ်။ ရှေ့ရေနောက်ရေ ဆက်ပြီးသုံးနိုင်တဲ့ ရေကန်ကြီး ဖြစ်သွားတယ်။ ရန်အောင်ချမ်းသာရေကန်လို့ အမည်ပေး ကင်ပွန်းတပ်ထားပါတယ်။

ကျောင်းထဲက ကန်ကို ချဲ့ထွင်တူးဖော်မယ်ကြားကတည်းက ရွာသူရွာသားတွေက ရွာကန်ကြီးအတွက်လည်း မျှော်လင့်နေကြတယ်။ ငွေကုန်ကြေးကျအလုပ်ဆိုတော့ တိုက်ရိုက်လျှောက်ဖို့လည်း ဝန်လေးနေကြတယ်။ ရွာကန်က ပိုကြီးပိုနက်တယ်။ ဒါပေမဲ့ နှစ်ပေါက်ရေ မခံဘူး။ ရှေ့ရေ နောက်ရေ မဆက်ဘူး။ ဒါကြောင့်မို့ ချဲ့ထွင့်တူးဖော်နေချင်ကြတာ။ ကန်ဒကာ မောင်ကျော်စိုးထွန်းကတော့ ကျောင်းကန်တစ်ကန်တည်း ရည်ရွယ်ထားပုံရတယ်။ အဲဒီအတွက် ကုန်သလောက်လှူမယ်လို့ စိတ်ပိုင်းဖြတ်ထားပုံရတယ်။ ကျောင်းကန် ချဲ့ထွင်တူးဖော်ပြီးတော့ အကျိုးအကြောင်းပြောပြီး ရွာကန်အတွက် ဆက်ပြီး လှူနိုင်၊ မလှူနိုင် မေးရတယ်။ သူ့အသံကို ဖတ်ကြည့်ရတာ သိပ်စိတ်ပါပုံမရဘူး။ ရွာကန်ကတော့ တစ်ရွာလုံးရဲ့ မှီခိုရာ ပိုပြီးဖြစ်တယ်။ ရပ်ရွာရဲ့ အလှူမင်္ဂလာ စတဲ့အရေးတွေ ရှိလာတဲ့အခါ ရွာကန်ကိုပဲ အသုံးပြုကြရတယ်။ နောက်ဆုံး မီးရေး ထင်းရေး ဖြစ်လာရင်လည်း ရွာကန်ကိုပဲ အဓိကထားကြရတယ်။ တကယ်လို့ ရွာကန်ကို ချဲ့ထွင်တူးဖော်ရေး မလုပ်တော့ဘဲ ပြန်ကြွသွားရင် ထမင်းအဝ မကျွေးခံရတဲ့လူလို ရွာသူရွာသားတွေကတော့ အာသာမပြေဘဲ ပါးစပ်ဟောင်းလောင်းနဲ့ ကျန်နေရစ်ကြမှာပဲလို့ မောင်ကျော်စိုးထွန်းကို ပြောပြတဲ့အခါ ဦးဇင်း ဆန္ဒရှိရင် စိတ်တိုင်းကျ စီမံတော်မူပါ။ တပည့်တော် လိုအပ်သမျှ လှူပါမယ်ဆိုတဲ့ အာမခံစကားတွေ တိုးထွက်လာတယ်။ ဒါနဲ့ ရွာကန်အတွက် မျှော်ရင်း လည်ပင်ရှည်သလိုဖြစ်နေတဲ့ ဦးသာထွန်းကိုရော၊ အာဘက်ဘက်ကနေ စေ့ဆော်အားပြည့်နေတဲ့ မောင်ကျော်မင်းကိုရော ရွာကန်အတွက် ဆက်လုပ်ကြစို့လို့ ပြောလိုက်တယ်။ ဒီတော့မှ ကျောင်းကန်တူးဖော်တဲ့အခါ တလစပ် ကူညီဖြည့်ဆည်းပေးနေတဲ့ ရွာသူကြီး ဦးအောင်လင်းက ဆယ်အိမ်ခေါင်းတွေနဲ့ အစည်းအဝေးလုပ်ပြီး ရွာက ပါဝင်လုပ်ပေးနိုင်တာတွေ လုပ်ပေးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။

ရွာကန်ကို တူးဖော်မယ်လုပ်တော့ ရွာကန်မှာ ရေက လူတစ်ရပ်နီးပါး ရှိနေသေးတယ်။ ရေရှားတဲ့နေရာမှာ ဒီရေကို ထုတ်ပစ်ဖို့ကလည်း ရွှေကို အမှိုက်ပုံ ပို့လိုက်ရသလို အားလုံးက နှမြောတသ ဖြစ်နေကြတယ်။ ဒါပေမဲ့လို့ ရေရှည်အတွက် ရေတိုကိုတော့ စွန့်စားရမှာပဲဆိုပြီး ရှိတဲ့ရေကို မော်တာနဲ့ စုတ်တာ၊

mgyoe.com

mgyoe.com SAMPLE BOOK


မြေကြီးကို အခြောက်ခံတာ စတာတွေ လုပ်ကိုင်ဆောင်ရွက်ရင်း ချက်ချင်းတော့ မတူးဖော်ဖြစ်သေးဘူး။ အချိန်ပေးရဦးမယ်။ ဒါနဲ့ ဘက်ဟိုးလည်း မနားရအောင် (မနားရမှ သူတို့လည်း ငွေရမှာ) ဖော်ချောင်းက သုခချမ်းသာရေကန်ကြီးကို နိုင်သလောက် ထပ်ချဲ့မယ်။ ဒါထက် ပိုသပ်ရပ်အောင် လုပ်မယ်ဆိုပြီး ဘက်ဟိုးကို သုခချမ်းသာရေကန်ဘက် ပြောင်းရွှေ့လိုက်ပါတယ်။ သုခချမ်းသာ ရေကန်ကို စိတ်တိုင်းကျ ချဲ့ထွင်ပြီးတဲ့အခါ အနီးအနားက ကန်လက်တက်လေးကိုပါ နိုင်သလောက် တူးဖော်လိုက်ပါသေးတယ်။ နှစ်ကန်ပေါင်း (၁၁) နာရီ ကြာတယ်။ ကန်လက်တက်လေး တူးဖော်ရာမှာ အဲဒီကန်လက်တက်လေး တူးဖော်ဖို့ ဆန္ဒရှိနေကြတဲ့ ကိုငွေဦး + မအေးနှင်းဦးတို့က အလှူငွေ ထည့်ကြတယ်။ သူတို့မိသားစုက သုခချမ်းသာရေကန်ကြီး စတူးဖော်ကတည်းက လိုအပ်တာကို မငြီးမငြူ လှူဒါန်းခဲ့ကြပြီး ရွာဦးကျောင်းဆရာတော် အရှင်သီလာနန္ဒအတွက်လည်း နေ့စဉ် ဆွမ်းချိုင့်ပို့လှူကြတယ်။

သင်တောရွာကန်ကြီးကို ချဲ့ထွင်တူးဖော်တဲ့အခါ ဥက္ကဋ္ဌဦးအောင်လင်း ရပ်မိရပ်ဖ ဦးကျော်မောင်နဲ့အတူ ဦးသာထွန်း၊ ဦးညွှန့်စိန်၊ ကိုမောင်ညို၊ ကိုဝင်းကို၊ မောင်ဖိုးချင်း စတဲ့ လူကြီးလူငယ်တွေကလည်း အစီအမံကောင်းလှတယ်။ သူတို့ အစီအမံကောင်းလို့လည်း ရွာကန်ကြီးကို တူးဖော်တဲ့အခါ အဘက်ဘက်က လိုလေသေးမရှိ စိတ်ချမ်းသာပြီး ပျော်စရာကောင်းသွားတာ။ တစ်ရွာလုံးရဲ့ အလှူငွေကလည်း ဒီကန်ကြီးထဲမှာ ရှစ်သိန်းပါဝင်ထားတယ်။ မြေသယ်ကားကြီး ခုနစ်စီးကို တစ်စီး တစ်သိန်းကျပ်နဲ့ ငှားထားတော့ မြေစာပစ်ရာမှာ အချိန်မကုန်တော့ဘူး။ ဘက်ဟိုး ကုတ်တဲ့အခါ အချိန်တွေ သိပ်မစားတော့ဘဲ နာရီနဲ့သွားပြီး နာရီနဲ့အမျှ ရှင်းရတဲ့ ဘက်ဟိုးစရိတ်လည်း သက်သာသွားတယ်။ အဲလိုသာမလုပ်ရင် မြေစာပစ်တဲ့ ကိစ္စက အတော်ကြီးကျယ်လှတယ်။ ဒါကလည်း ကန်တူးဖူးမှ သိမှာ။ တစ်နေ့ ခုနစ်သိန်းပေးရတဲ့ မြေသယ်ကားခကိုလည်း ငါးကြင်းဆီနဲ့ ငါးကြင်းကြော်နိုင်အောင် ဦးဆောင်လုပ်သူတွေက စီမံထားကြတယ်။ ဘက်ဟိုးသမားတွေ၊ မြေသယ်ကားသမားတွေကို ကျွဲရိုင်း၊ ရှပ် စတဲ့ အအေးဘူးတွေ၊ ရေခဲစိမ်ရေသန့်ဘူးတွေ ဝေတာအပါအဝင် ဗာဟီရကိစ္စမှန်သမျှကိုတော့ မောင်ကျော်မင်းက ဆိုင်ကယ်တစ်စီးနဲ့ ပြေးလွှားနေပြီး ထောင့်စိအောင် ဆောင်ရွက်ပေးတယ်။ ကန်ဒကာက ပို့လိုက်တဲ့ ငွေထုတ်တာ အပါအဝင် ကောလင်းသွားရမယ့်ကိစ္စရှိရင်လည်း သူပဲ သွားပေးတယ်။ နေရောင်တွေနဲ့ ပြင်းထန်စွာ တိုက်ရိုက်လောင်မြိုက်ခံထားရတဲ့ ဝါဝွမ်းဆိုင်ကောင်းကင်ပြင်ကြီးရဲ့ အောက်မှာ ချွေးတလုံးလုံးနဲ့ မမောမပန်း လုပ်ကိုင်

mgyoe.com SAMPLE BOOK

ဆောင်ရွက်နေကြတဲ့ သူတို့တွေရဲ့ ပရဟိတစိတ်၊ ရပ်ကျိုးရွာကျိုး ဆောင်ရွက်နေတဲ့ စိတ်ကို အဲဒီတုန်းက မြင်တွေ့နေရင်းရော အခုတွေးလိုက်မိတိုင်းရော ဝမ်းသာလှတယ်။ ဦးရွှေ၊ ဦးထွန်းရင် စတဲ့ တစ်ရွာလုံးရဲ့ အကြီးဆုံးအဖိုးတွေကလည်း နေ့စဉ်လို ကန်ဘောင်ပေါ် ခင်းကျင်းထားတဲ့ ထိုင်ခုံတွေပေါ် ထိုင်ပေးရင်း စိတ်ခွန်အားတွေ ဖြည့်ဆည်းပေးကြတယ်။ အချိန်ရရင် ရသလို လာရောက်အားပေးလုပ်ကိုင်ဆောင်ရွက်ပေးနေကြတဲ့ ရွာသူရွာသားတွေရဲ့ စေတနာကြောင့် ဒီကန် ကြီးတူးဖော်နေတဲ့အချိန် ပွဲလမ်းသဘင်လို ဖြစ်သွားတယ်။ လာရောက်ကြသူမှန်သမျှအတွက် အချိန်မရွေး စားနိုင်အောင် လက်ဖက်ရည်တွေ၊ အသီးနံ့တွေ၊ ကော်ဖီမစ်တွေ လာလှူကြတာလည်း နေ့တိုင်း ပိုလျှံတဲ့အထိ ရောက်သွားတယ်။ ရွာကန်ကြီး တူးဖော်နေချိန်မှာ မိမိက မိုးလင်းတာနဲ့ အရောက်သွားတယ်။ လုပ်ကိုင်နေသူတွေကို ပစ်ထားရာ မရောက်အောင် အားပေးတဲ့အနေနဲ့ သွားရင်း ကိုယ်နိုင်တာကို အကူအညီပေးနေတာပါ။ ဆွမ်းကိုတော့ ဦးသာထွန်းအိမ်မှာ ဘုဉ်းတယ်။ ဦးသာထွန်းရဲ့ဇနီး ဒေါ်ခင်မြနဲ့အတူ အမ ဒေါ်ခင်လှ၊ ဒေါ်တင်မြ ညီအစ်မ သုံးယောက်ကလည်း အိမ်မှာ နေ့စဉ် စားပွဲပြည့် ဆွမ်းဟင်းခွက်တွေနဲ့အတူ အချိုပွဲကိုအဆင့်မီ စီမံလှူဒါန်းကြတယ်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာ (ချစ်စရာကောင်းလှတဲ့ မြေးမလေး အေးမြစိုးရဲ့အဘွား)ကလည်း နေ့စဉ် ဆွမ်းချိုင့်ပို့တယ်။ ဆရာမကြီး ဦးဇင်းက မေ့တတ်တယ်။ နေ့တိုင်းလာပို့မှ မှတ်မိမှာနော်လို့ စလိုက်တဲ့စကားက ဆရာမကြီးအတွက် ကြိုးကြီးကြီးနဲ့ ချည်ခံလိုက်ရသလို ဖြစ်သွားသလား မသိပါ။ ဆွမ်းကိစ္စ တကယ့်ကို စေတနာအပြည့်နဲ့ ဂရုစိုက်နေတာကိုတွေ့ရတယ်။ ဆရာမကြီးခင်ပွန်း ဦးကံဦးကလည်း ဆွမ်းကိစ္စအတွက် နေ့စဉ်သူနိုင်တာကို ဆောင်ရွက်ပေးတယ်။ အဲ---သမီး ကျောင်းဆရာမတွေရဲ့ လခနဲ့ပွေ့ပိုက်ခံထားရတဲ့ ဒေါ်မြအေးနဲ့ သမီးတွေကလည်း အရောင်တလက်လက်ဝင်းလက်နေတဲ့ ရွှေတန်ဆာတွေကို လည်ပင်း၊ နားနဲ့ လက်တွေမှာ မျက်စိကို ရွှေရောင်တွေသမ်းလာတဲ့အထိ ဝတ်ဆင်ထားကြပြီး ဆွမ်းချိုင့် ပုံမှန်ပို့ရုံသာမကပဲ ကန်ဘောင်ပေါ်က လူတွေအတွက်ပါ အသီးအနှံတွေနဲ့ ဝမ်းဖြည့်ပေးကြတယ်။ တစ်ရက်တည်းဆွမ်းချိုင့်လာပို့ပြီး ပျောက်ချင်းကြီးမကက ပျောက်သွားတဲ့ ဇင်ခိုင်ကတော့ ဆွမ်းပုံမှန်မပို့ပေးပေမဲ့လို့ ကျေးဇူးကြီးလှတယ်။ တစ်နေ့တာ အမောအပန်းတွေကို ညပိုင်းမှာ သူတို့ဆီသွားပြီး အပန်းဖြေရတယ်။ ဇင်ခိုင်တို့ဇနီးမောင်နှံက အသီးမရှိတော့တဲ့ သရက်ပင်တွေကို သီးလာမယ့်အသီးတွေအတွက် ကြိုတင်ကာကွယ်ရင်း တောထဲမှာ တဲထိုးပြီးနေကြတာ။ ညနေအမှောင်တွေ ပြိုဆင်းစအချိန်ဆို မျိုးဝင်းက ဆိုင်ကယ်

mgyoe.com

mgyoe.com
SAMPLE BOOK


မောင်း၊ ဇင်ခိုင်က နောက်ကလိုက်ပြီး ဇနီးမောင်နှံနှစ်ယောက် ရွာထဲကို ထိုးဆိုက်လာကြတယ်။ ဇင်ခိုင်က သူ့အမေအိမ်ရောက်တာနဲ့ ရေတစ်ခွက်သောက်ပြီး ရွာထဲကို တစ်နာရီလောက် အလည်သွားလိုက်တယ်။ ၂၄ နာရီ ဖြစ်ပေါ်သမျှ ရပ်သတင်း၊ ရွာသတင်းတွေကို တစ်နာရီအတွင်း အကုန် ခေါင်းထဲပြုထည့်လာပြီး မိမိ သူတို့အိမ် အိမ်ရောက်သွားပြီး ထိုင်လိုက်တာနဲ့ ရေတံခွန်က ရေကျသလို ဒလဟော သွန်ချပါတော့တယ်။ အပြောကောင်းသူ သတင်းလိုက်မှုဆိုး တစ်ယောက်ရဲ့ သတင်းတွေနားထောင်ရတာ အပျင်းပြေလှတယ်။ တစ်နေ့တာ ပန်းသမျှတွေက သတင်းတွေနားထောင်ရင်း ဒလဟော စီးဆင်းမျောပါသွားတယ်။ တောသူပီပီ ဟန်ဆောင်မှုကင်းကင်းနဲ့ အစိမ်းအမှည့် အရင်းအဖျား ဘယ်သူ့မှမရွေးဘဲ အမြောက်နဲ့ထုနေသလို ဝေဖန်လိုက်တဲ့ စကားလုံးတွေကလည်း အငြိမ့်ကောင်းကောင်းက လူရွှင်တော်ပျက်လုံးကို နားထောင်နေရသလို အူရွှင်လှတယ်။ သတင်းလိုက်ကောင်းလွန်းလို့ တစ်ရွာလုံးက ဇင်ခိုင်ကို ဘီဘီစီလို့ အမည်သစ် ကင်ပွန်းတပ်ပေးလိုက်ကြတယ်။ အကြော်တစ်ခု၊ လက်ဖက်ရည်ကြမ်းတစ်ခွက်တောင် မတိုက်လိုက်ရဘဲ ရလိုက်တဲ့ အမည်ပါ။

နံနက်မိုးလင်းတာနဲ့ ဘက်ဟိုးက မြေကော်ထည့်ပေးလိုက်လို့ မြေပြည့်သွားတာနဲ့ မြေမှာထားတဲ့ အိမ်တွေဆီ မြေသယ်ကားကြီးတွေက တစ်စီးပြီးတစ်စီး ပြေးလွှားလိုက်နဲ့ ကန်တူးဖော်ရေးအလုပ်က ဟန်ချက်ညီညီနဲ့ ပွဲစည်နေတယ်။ အပူကြောက်လှတဲ့ မိမိအနေနဲ့လည်း အပူရဲ့ လောင်မြိုက်တာကို နေ့စဉ် ခံနေရပေမဲ့လည်း ကန်ကြီးတူးဖော်နေတဲ့ မြင်ကွင်းကို ကြည့်ရှုခံစားရင်း ကြည်နူးပီတိက အပူတွေကို ခွာချပေးနေသလား မသိပါ။ ပူလို့ ပူမှန်းတောင် မသိလိုက်သလိုဖြစ်နေပြီး တည်းခိုတဲ့ကျောင်းရောက်မှပဲ အပူဒဏ်ရဲ့ အားကောင်းမောင်းသန် ဝါးစားခံခဲ့ရတာကို သိလိုက်ရတယ်။ အဲဒီအချိန်မှာပဲ မွေးရပ်ဇာတိမြေမှာ ကျောင်းထိုင်နေတဲ့ မိမိဦးလေး အရင်း အမေ့မောင်ထွေး မင်္ဂလာကျောင်းဆရာတော် အရှင်ပညာသာရက အလှူကြွလာရင်း မိမိတို့ဆီ ရောက်လာတယ်။ အလှူပြီးတာနဲ့ ပြန်မယ်လုပ်ပေမယ့်လည်း ကန်တူးဖော်နေတာကို အားပေးကြည့်ရှုရင်း နှစ်ရက်သုံးရက်လောက် သီတင်းသုံးသွားတယ်။ ပြန်မကြွခင် တစ်ရက်အလို နံနက်စောစောမှာ စာအိတ်တစ်အိတ်ကို ခါးပိုက်ဆောင်လွယ်အိတ်လေးထဲက ထုတ်ပြီး ကန်ကြီးပြီးသွားတဲ့အခါ လှေကားအတွက်ဆိုပြီး ငွေတစ်သိန်း လှူသွားတယ်။ အဲဒီတစ်သိန်းကို မောင်ကျော်မင်းက တစ်ဆင့် ဦးဆောင်လုပ်နေသူတွေဆီ လွှဲအပ်လိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

နေ့စဉ်မှန်မှန် ညီညီညွတ်ညွတ် ကြိုးကြိုးစားစား ရွက်ကုန်ဖွင့်တက်ကုန် လှော်ပြီး ထောင့်စေ့အောင် လုပ်နေကြတော့ နှစ်ပတ်ကျော်မှာ ရွာသူရွာသားတွေ စိတ်ကြိုက်အဆင့် ရောက်ရှိသွားပြီး ကန်တူးဖော်ရေးလုပ်ငန်းကြီး ပြီးစီးအောင်မြင် သွားပါတယ်။ ရွာကန်တစ်ကန်အနေနဲ့ အကျယ်ရော၊ အနက်ရော အားရစရာ ကောင်းလှတယ်။ ချောင်းရေလာတဲ့အခါ ရေအပြည့်ထည့်ထားရင် ရေကို စိတ်ကြိုက် သုံးစွဲနိုင်ပြီမို့ ရေနဲ့ပတ်သက်လာရင်ရော၊ မီးရေး ထင်းရေးနဲ့ ပတ်သက်လာရင်ရော လုံးဝပူပင်စရာမရှိ စိတ်ဒုံးဒုံးချရတဲ့အဆင့်ကို ရောက်ရှိသွားတယ်။ ဘက်ဟိုးတာဝန်ခံ ကိုစိုးတင့်က ဒီနားတစ်ဝိုက်မှာ သင်တောကန်လိုမျိုး ဘယ်မှာမှ မရှိဘူးကွလို့ အပြောကောင်းကောင်း အာဘောင်အာရင်းသံသံနဲ့ လက်ဖက်ရည်ဆိုင်မှာ လိုက်ဗ် တိုက်ရိုက်အသံလွှင့်နေတဲ့သတင်းကိုလည်း ကြားလိုက်ရပါသေးတယ်။

ကန်ကြီး ပြီးစီးသွားတဲ့သတင်းကို ကန်ဒကာ မောင်ကျော်စိုးထွန်းဆီ အရောက်ပို့လိုက်တဲ့အခါ မောင်ကျော်စိုးထွန်းတို့အဖွဲ့ ကားတစ်စီးနဲ့ ကန်ကြည့် ရောက်လာပါတယ်။ သူတို့က ညခုနစ်နာရီမှ မန္တလေးက ထွက်လာပြီး နားနား နေနေ မောင်းလာတော့ နံနက်နှစ်နာရီမှာ ရောက်တယ်လို့ သိရတယ်။ နံနက်ခင်း သူတို့အိပ်ရာထတော့ အိမ်ရှင်က မျက်နှာသစ်လောက်ရုံရေတော့ ရှိတယ်။ ရေချိုး ရင်တော့ ကျောင်းသွားချိုးရမှာလို့ ပြောပြတဲ့အခါ ရေရှားတဲ့ဒဏ်ကို လူတို့ကိုယ်တိုင် ခံစားလိုက်ရတဲ့အခါ ဟတ်ထိသွားတယ်။ ငါတော့လှူရကျိုးနပ်သွားပြီ။ တကယ်ကို ရေလိုအပ်တဲ့နေရာမှာ ရေလှူဖြစ်သွားပြီ။ ခံစားချက်ကနေ ဖောက်ထွက်လာတဲ့ အဲဒီအသံက နှလုံးသားထဲ တိုးရှိုးဝင်ရောက်သွားပြီး ကန်နဲ့ပတ်သက်တဲ့ စေတနာတွေ တဖွားဖွားဖြစ်ပေါ်သွားတယ်။ ကန်ကြီးကို ကြည့်ရှုတဲ့အခါ ကျေနပ်အားရမှု လှိုင်း တွေက တဒိုင်းဒိုင်း ဆောင့်တက်သွားတယ်။ ပထမတော့ ကန်ကြည့်ရုံသက်သက် လာတဲ့ ကန်ဒကာက ကန်အောင်ပွဲလုပ်ပြီး ရေစက်ချချင်ပါတယ်။ ရပ်သူရွာသားတွေ ကို ရေစက်ချတဲ့နေ့မှာ ကျွေးမွေးချင်လာတယ်။ ဒါနဲ့ သူနဲ့အတူပါလာတဲ့ ကိုတင် မောင်ကြည်နဲ့ ကိုကျော်ဟိန်းတို့က ကန်ရေစက်ချတဲ့နေ့မှာ တစ်ရွာလုံးကို သူတို့ကပဲ ကြာဆံချက်ကျွေးပါရစေလို့ လှူခွင့်တောင်းလာလို့ လက်ခံလိုက်တယ်။ ကြာဆံ ချက်ကို ကောင်းကောင်းမွန်မွန် အဝကျွေးကြမယ်လို့ ရည်ရွယ်ပြီး ရန်ကုန် ကြာဆံ ချက်နည်းအတိုင်း ထည့်ရမယ့် ပစ္စည်း အချိန်အဆတွေကို ရန်ကုန်လှမ်းမေးပြီး ရန်ကုန်ကြာဆံချက်နဲ့ တစ်ရွာလုံးကို ကျွေးမွေးဧည့်ခံကြတယ်။ ရွှေမန်းတင်မောင်ရဲ့ အောင်ပါစေသီချင်းက လော်စပီကာထဲ ကနေ ရွှင်မြူးစွာ ထွက်ပေါ်လာပြီး ကန်ဒကာရဲ့ သဒ္ဓါတရားကို ဆွပေးဖွပေးနေတာ ကြည်နူးစရာကောင်းလှတယ်။ ပင့်သံဃာတွေကို

mgyoe.com

mgyoe.com
SAMPLE BOOK

လှူဖွယ်ဝတ္ထုတွေနဲ့ လှူဒါန်းပြီး ပရိတ်နာ၊ တရားနာ၊ ရေစက်ချအပြီး၌ ကန်အောင်ပွဲမင်္ဂလာဟာ ငြိမ့်ညောင်းစွာ ပြီးစီးသွားတယ်။ ရေစက်ချပြီးသွားတော့ တပည့်တော်ရင်ထဲ အေးစိမ့်ကြည်နူးသွားပြီး တအားကို ကျေနပ်သွားတယ်။ အခုစဉ်းစားမိတိုင်း လုပ်ခဲ့သမျှ ကုသိုလ်တွေထဲမှာ ဒီရေကန်ကြီး လှူရတာကို အကျေနပ်ဆုံး၊ ပီတိအဖြစ်ဆုံးပဲလို့ သူ့ရင်ထဲက ပီတိတွေ ဒွာပနာထားတဲ့ ဝါကျတွေ စီတန်းလျှောကျလာတယ်။ ဒီရေကန်ကြီး အရှည်သဖြင့် တည်တံ့ရေး၊ နှစ်စဉ် ချောင်းရေကနေ ပိုက်သွယ် ရေဖြည့်ပေးရေးစတဲ့ ကန်နဲ့ပတ်သက်တဲ့ ကိစ္စအဝဝကို ဆက်ပြီး တာဝန်ယူ လှူဒါန်းသွားမယ့်အကြောင်းလည်း တစ်ခါတည်း အာမခံသွားတယ်။ အားလုံးကို ပြည့်စုံချမ်းသာစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကန်ကြီးကို ပြည့်စုံချမ်းသာသောက်သုံးရေကန်လို့ အမည်ပေးကင်ပွန်းတပ်လိုက်ရပါတယ်။

ပြည့်စုံချမ်းသာကန်ကြီးကို လေ့ကားနှစ်စင်း ဆင်ရဦးမယ်။ လူရော၊ တိရစ္ဆာန်ရော ကန်ထဲကျတဲ့ အန္တရာယ်ကနေ ကာကွယ်ပေးနိုင်အောင် ကန်ကို သံဆူးကြိုးတွေ၊ သံဇကာတွေနဲ့ ဘိလပ်မြေတိုင်စိုက်ပြီး ပတ်ပတ်လည် ကာရဦးမယ်။ ဒီအလုပ်တွေကို သကြိန်ပြီးမှ လုပ်ကြဖို့ ဆုံးဖြတ်ပြီး မိမိအတွက် ပြန်ရမယ့်အချိန် ရောက်လာတယ်။

ကန်ဒကာက ဦးဇင်း ကြွချင်တဲ့နေရာတွေကို သူ့ကားနဲ့ လိုက်ပို့မယ့်အကြောင်း လျှောက်တော့ မဟာဗောဓိမြိုင်ဆရာတော်ကြီး သီတင်းသုံးနေတဲ့ ရွှေအနှစ်တောရကို သွားကြမယ်ဆိုပြီး နောက်နေ့မိုးလင်းတာနဲ့ ထွက်လာခဲ့ကြတယ်။ ဗန်းမောက်မြို့နယ်မှာလို့ သိရတယ်။ အဲဒီဒေသကို တစ်ခါမှ မရောက်ဖူးပေမယ့်လို့ လမ်းပန်းဆက်သွယ်ရေး ကောင်းလာတဲ့ ဒီခေတ်ကြီးထဲမှာ သွားဖို့မခက်တော့ဘူး။ ဓာတ်ဆီဆိုင်တွေလည်း လက်ဖက်ရည်ဆိုင်တွေ ပေါလာသလိုမျိုး ပေါလာတယ်။ ဆီဖြည့်ဖို့ မခက်ခဲတော့ဘူး။ ကားပေါ်ပါလာတဲ့ သုံးယောက်လုံးက ကျွမ်းကျင်စွာ ကားမောင်းနှင်နိုင်သူတွေဆိုတော့ အလှည့်ကျ မောင်းနှင်သွားရုံပဲ။

ညင်သာစွာ မောင်းနှင်လာတဲ့ ကားလေးဟာ ဟိုက်ဝေးလမ်းမကြီးပေါ်မှာ ဒုက္ခမပေး၊ ဆန္ဒမပြခဲ့လို့ ဝမ်းသာကြည်နူးဖြစ်ကြရတယ်။ မြို့ရွာတွေကို ကျော်ဖြတ်လိုက် စိုက်ခင်းတွေအားရောက်လိုက်နဲ့ မရောက်ဖူးတဲ့ ဒေသက ရှုခင်းတွေဆိုတော့ ကြည့်လို့ကောင်းကောင်းနဲ့ ခံတွင်းတွေ့နေတယ်။ တစ်နေရာအရောက်မန်လည်ဆရာတော်ကြီးတောရကျောင်းဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရတဲ့ အခါမဟာဒေဝလင်္ကာအစွဲကြောင့်မို့ ဝင်ကြည့်ချင်တဲ့စိတ်ကို ချက်ချင်းပဲ မြိုချလိုက်ရတယ်။ အင်းတော်မြို့ထဲရောက်တော့ ရွှေအနှစ်တောရနဲ့ အင်းတော်နဲ့ နီးတယ်လို့ ကြားဖူး

mgyoe.com SAMPLE BOOK

နားဝရှိလို့ ကားရပ်ပြီး စုံစမ်းကြည့်တော့ ပြောပြနိုင်သူ မရှိတာနဲ့ ရှေ့ဆက်မောင်းသွားကြတယ်။ လမ်းဘေးဝဲယာက ရွာတွေကိုကြည့်ရတာ ပူလောင်တဲ့ဒဏ်ကို ပြင်းပြစွာခံရတယ်လို့ မခံစားမိလို့ သဘောကျနေမိတယ်။ စစ်ကိုင်းတိုင်းဆိုပေမယ့် ပြည်နယ်အရိပ်ကို ကောင်းကောင်းကြီး ခိုလှုံထားနိုင်ပုံရတယ်။ ရာသီဥတုခံတွင်းတွေ့စရာ ကောင်းတာကရော၊ လူတွေ အသားအရည် ဝင်းပနေတာကရော၊ ဗမာစကားကို ဝဲပြီး ပါးလှပ်စွာ ပြောနေကြတာကရော ဒီရောပေါင်းများစွာက ပြည်နယ်လောင်းရိပ်ထဲမှာ ဝပ်ကျင်းထားတယ်ဆိုတာကို ဝန်ခံနေတယ်။ အင်းတော်မှာအိမ်ထောင်ကျတဲ့ ဇင်ခိုင်ညီမရဲ့ သမီးလေး မနောဖြူ သင်တောကို ရောက်လာတော့ ကဒူးမလေးလို့ ခေါ်တဲ့အခါ ကဒူးမ မဟုတ်ဘူး၊ ရှမ်းနီလို့ ပြန်ပြောနေတာကို ကြားယောင်ရင်း ဒီဒေသက ရှမ်းတွေက ရှမ်းနီတွေ ထင်တယ်လို့ ကားစီးရင်း အတွေးစတွေရဲ့ အနိုင်ယူတာ ခံနေရတယ်။ မရောက်ဘူးတဲ့ ဒေသဖြစ်လို့ ရှုခင်းတွေကြည့်လို့မဝဖြစ်ခြင်း၊ ဆရာတော်ကြီး သီတင်းသုံးရာနေရာကို သွားနေရတာမို့ ဝမ်းသာစိတ်က လွှမ်းထားခြင်းတွေကြောင့်မို့ ထိနမိဒ္ဒက အနားမသိနိုင်ဘူး။ ဗန်းမောက်မြို့ထဲဝင်တော့ ဗန်းမောက်က  ထင်တာထက် ကြီးကျယ်ခမ်းနားနေတာတွေ့ရတယ်။ ဖုန်းဆိုင်တွေ၊ ဟိုတယ်တွေနဲ့ တန်ဆာဆင်ထားတဲ့ ကားလမ်းဝဲယာက မြို့ပြယဉ်ကျေးမှုရနံ့ကို ပြင်းထန်စွာ ပေးဆပ်နေတယ်။ ရွှေအနှစ်တောရ လမ်းညွှန်ပေးဖို့ ကားပေါ်ကနေ ဆင်းမေးတော့ အမေးခံရသူတိုင်းက ဖြေနိုင်ကြ၊ လမ်းညွှန်နိုင်ကြတယ်။ ဆရာတော်ကြီးကို အကြောင်းပြုပြီး ရွှေအနှစ်က ဗန်းမောက်နယ်သူနယ်သားသူတွေရဲ့ နှလုံးသားထဲ ဝပ်နေလေပြီ။ တွေ့ရတဲ့ရွာတိုင်းမှာ အတန်းကျောင်းတွေကို တွေ့ရတော့ ကျောင်းတွေကတော့ နေရာအနှံ့ ဖွင့်ထားနိုင်ပြီ။ ပညာရေးစနစ်ကောင်းပြီး ပညာတတ်တွေ မွေးထုတ်နိုင်ဖို့ပဲ လိုတော့တယ်ဆိုတဲ့ ကျေနပ်ခြင်း၊ မကျေနပ်ခြင်း စိတ်နှစ်မျိုးတို့ လွန်ဆွဲပွဲလေး စိတ်ထဲမှာ ဖြစ်သွားပါသေးတယ်။ ဒေသတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်မှုရဲ့ ပွေ့ဖက်ထားတာကို ခံနေကြရတော့ တွေ့ရသူတိုင်း အေးငြိမ်းတဲ့အရိပ်တွေ ထိုးနေတယ်လို့ ခံစားရတယ်။ ဗန်းမောက်ကနေထွက်လာကြတာ တစ်ရွာဝင် တစ်ရွာထွက်နဲ့ ရွှေအနှစ်ရွာကို ရောက်ပါပြီ။ တစ်လမ်းတည်းဖြစ်လို့ လမ်းမှားစရာမရှိပါ။ နယ်လမ်းတွေဖြစ်လို့ ကားကလည်း ရှင်းနေတယ်။ ဆိုင်ကယ်လောက်ပဲ တွေ့ရတယ်။ ဟိုဘက်ဘယ်ထိပေါက်ပြီး ဘယ်ထိရောက်တယ်မသိတော့။ ဒီကားလမ်းရဲ့ အဆုံးက ဘယ်လဲဆိုတာကို မေးလည်းမမေးမိ။ ရွှေအနှစ်ရောက်တော့ ရွှေအနှစ်တောရရှိရာကို မေးပြီး ချိုးကွေ့မောင်းသွားတယ်။ လမ်းမှာ

mgyoe.com

mgyoe.com

ဘုန်းကြီးတစ်ပါးက ဦးဆောင်ပြီး တံတားပြင်နေပုံရတယ်။ ဘုန်းကြီးကျောင်းထဲကို ရောက်ပြီး ကားရပ်တော့မှ ရွာကျောင်းဆရာတော်ပဲလို့ ခန့်မှန်းရတယ်။

ကျောင်းအောက်မှာ အုပ်စုလုပ်နေကြတဲ့သူတွေထဲက ဒကာတစ်ယောက် မိမိတို့ဆီ လာတယ်။ ဦးအောင်ရွှေတဲ့။ ရှေ့ဆက်ကားသွားလို့ မရတော့ကြောင်း၊ ဆရာတော်ကြီးကို ဘယ်သူ့ကိုမှ ဖူးခွင့်ပေးမထားကြောင်း၊ ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းဝင်းနားအထိတောင် အနားသီခွင့်မရှိကြောင်း ဗမာဘာသာစကားကို ဝဲလျှစွာ ပြောပါတယ်။ အပြုံးနဲ့ ဖုံးအုပ်ထားတဲ့ ဦးအောင်ရွှေရဲ့ မျက်နှာဟာ ရိုးသားမှုကို အဝစားထားတဲ့အတွက် ချစ်စရာကောင်းလှတယ်။ ဦးအောင်ရွှေက သွားလို့ရတဲ့အထိ လိုက်ပို့တယ်။ ဆရာတော်ကြီး သီတင်းသုံးတဲ့ နေရာအထိ လမ်းကောင်းအောင် လုပ်ပေးထားပုံရတယ်။ လက်ခုတ်သမားတွေရဲ့ အနိုင်ကျင့် မခံရသေးတဲ့ တောကြီးဟာ တကယ့်ကိုပီဘိတောကြီး။ နေရောင်မထိုး၊ လရိပ် မကျလောက်ဘူး။ အမည်မသိ သစ်ပင်တွေက စိမ်းရင့်နေတယ်။ ဒီတောကြီးထဲမှာ နွေမရှိလောက်ဘူး။ ဆောင်းတွင်းမှာတော့ အေးစိမ့်နေလောက်တယ်။ ချွေးသီးချွေးပေါက်တွေရဲ့ လမ်းကြောင်းမရှိတဲ့ ဒီတောကြီးထဲမှာ တိတ်ဆိတ်ငြိမ်သက်မှုကို မြတ်နိုးသူ၊ လူသံတွေကို စက်ဆုပ်သူ၊ ငြိမ်သက်နုဖတ်မှုကို ခံစားတတ်သူ၊ အေးမြမှုကို အချိုဓာတ်အဖြစ် ခံစားတတ်သူတွေကတော့ ပျော်မွေ့ကြမှာပဲ။ ခေါ်လိုက်လို့ ထူးသံမကြားရတဲ့နေရာ၊ ထူးချင်လို့လည်း ခေါ်သံမကြားရတဲ့နေရာ၊ တကယ့် ဧကစာရီ တစ်ပါးတည်းကျင့် တစ်ပါးတည်းနေ တရားရှင်တို့ရဲ့ ပျော်မွေ့ရာနေရာ။ တောကို ချီးမွမ်းတော်မူတဲ့ ဗုဒ္ဓရှင်တော်မြတ်ရဲ့ အသံတော်ကိုတောင် ကြားလိုက်ရသလို ခံစားမိတယ်။

ဦးအောင်ရွှေက ဆရာတော်ကြီးကို ဆွမ်းလောင်းတဲ့ ဓမ္မာရုံထိ ဦးဆောင်သွားတယ်။ ဓမ္မာရုံထဲမှာ ဒကာသုံးယောက်က စောင့်နေကြတယ်။ ဆရာတော်ကြီးကို စိတ်ပါလက်ပါ စောင့်ရှောက်ပေးနေကြပုံရတယ်။ ဘယ်သူမှ မရှိပေမယ့်လို့ ပျင်းရိငြီးငွေ့နေတဲ့အရိပ် မျက်နှာတစ်ခုလုံး ထိုးထားတာကို မတွေ့ရဘူး။ ဆရာတော်ကြီးပုံတော်ကို ချိတ်ဆွဲပူဇော်ထားတယ်။ သူ့ကို လှူချင်သူတွေ မိမိတို့ ပတ်ဝန်းကျင်က သံဃာတော်တွေကို လှူကြဖို့ တိုက်တွန်းထားတဲ့ ဆရာတော်ကြီးရဲ့ လမ်းညွှန်ချက်ကို ဖတ်လိုက်ရတော့ ဆရာတော်ကြီးရဲ့ သာသနာတော်ကို မြတ်နိုးတဲ့စိတ်၊ တန်ဖိုးထားတဲ့စိတ်ကို သိမ့်ခနဲခံစားလိုက်ရတယ်။ ငါနဲ့ ငါ့တပည့် သာဝကတွေကိုသာ လှူ၊ တခြားသူကို မလှူရလို့ ရဟန်းဂေါတမက ပညတ်ထားတာ ဟုတ်ပါသလားလို့ မေးခွန်းတွေနဲ့ ပစ်ပေါက်ချည်နှောင်ဖို့ ကြိုးစားပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ရောက်လာတဲ့ တိတ္ထိတွေရဲ့ မေးခွန်းတွေကို အဲဒါ ငါ့စကားမဟုတ်ဘူးလို့ ချက်ချင်းလက်ငင်း ပုတ်ချလိုက်တဲ့ ဗုဒ္ဓရှင်တော်ရဲ့ နားထဲစွဲနေတဲ့ စကားတော်ကိုလည်း ကြားယောင်လိုက်ပါသေးတယ်။

အဘိုးတို့… ကင်ဆာရောဂါ ပျောက်ချင်လို့၊ သူတို့သားသမီး ဂျပန်မှာ အလုပ်ရချင်လို့၊ လုပ်နေတဲ့စီးပွားရေး တစ်ဟုန်ထိုး တက်ပြီး ကျိုကျိုတက်ချမ်းသာသွားချင်လို့ စတဲ့ သူတို့လိုချင်တာကို ပြဋ္ဌာန်းပြီး ရပ်ဝေးကနေ ခရီးနှင်လာသူတွေကို အဘိုးတို့ တားထားနိုင်ပါ့မလား။ ကျုပ်က အဲလိုလုပ်ပေးနိုင်ရင် အဘိုးတို့ဆီ ရောက်လာပါ့မလား။ ကျုပ်မှာ ဆွေမျိုးတွေ အများကြီးလို့ အမိန့်ရှိပြီး လောဘဦးစီးပြီး ရောက်လာနိုင်သူတွေကို တားထားကြဖို့ ဂေါပကအဘိုးတွေနဲ့ စည်းတားထားလိုက်တယ်။ တကယ်တော့ ဆရာတော်ကြီးက ဧကစာကျင့်နေချိန်မို့ ဘယ်သူ့ကိုမှ အတွေ့မခံပါ။ ဒီထဲ အတင်းတိုးပြီး ဝင်လာနိုင်သူတွေရှိလို့ (အရင်ကလည်း တစ်ခါမက ရှိခဲ့ဖူးလို့) အဘိုးတွေ နားလည်နိုင်လောက်တဲ့စကားတွေနဲ့ လောင်းထည့်ပြီး စည်းတားထားတော်မူလိုက်တာ။

ဆရာတော်ကြီးက ရောက်ခါစ (၁၁) လတိတိ ဆွမ်းခံတယ်။ ဒီဓမ္မာရုံကနေ ဆွမ်းလောင်းကြရတာ။ ဒါတောင် တစ်နေ့ ဘယ်နှစ်အိမ်ဆိုပြီး အကန့်အသတ်နဲ့။ ၁ လပြည့်တာနဲ့ ဆွမ်းခံမကြွတော့ဘူး။ ဘယ်သူ့မှလည်း အတွေ့မခံတော့ဘူး။ ဆရာတော့်နားမှာ တစ်ယောက်မှ မရှိဘူး။ ဘယ်သူလာဆွမ်းကပ်ပြီး ဘယ်လိုဘုဉ်းပေးနေတယ်ဆိုတာ မသိရဘူးလို့ အဘိုးတစ်ယောက်က ရိုးစင်းစွာ ဖွင့်အန်ပါတယ်။

ဆရာတော်ကြီးက အာဟာရသိဒ္ဓိပြီးတာရင်လည်း ဖြစ်နိုင်ကြောင်း၊ နတ်တွေကြည်ညိုတဲ့ ရဟန်းဖြစ်တာမို့ သစ်ပင်ရင်း ဆွမ်းရပ်ပြီး ရုက္ခစိုးလောင်းတဲ့ဆွမ်း ဘုဉ်းပေးတာလည်း ဖြစ်နိုင်ကြောင်း မိမိအထင်ကို ပြောပြမိတယ်။ ရန်ကုန်မှာ သီတင်းသုံးတဲ့ စေတီတော်ကြီးတွေ ဦးဆောင်တည်နေတဲ့ ဆရာတော်ကြီးနဲ့တွေ့တော့ မဟာဗောဓိမြိုင်ဆရာတော်ကြီးအကြောင်း မေးကြည့်တဲ့အခါ "ဟာ မဟာဗောဓိမြိုင်ဆရာတော်က ရုက္ခစိုးတွေ အကြည်ညိုခံရတာ" လို့ အမိန့်ရှိဖူးတယ်။

ဂေါပကဒကာကြီးတွေကို ကြည့်လိုက်တဲ့အခါ အဖြစ်ပဲ ဝတ်ဆင်ထားပြီး အိမ်မှုကိစ္စ အပါအဝင် ဗာဟိရတွေကို ယာယီပုတ်ချထားတော့ သူတို့မျက်နှာမှာ အေးစိမ့်မှုက နေရာယူထားတယ်။ ပူလောင်မှုတွေက အနားမသီနိုင်ဘဲ သူစိမ်းပြင်ပြင် အဝေးကြီးရောက်နေပုံရတယ်။ ငြိမ်းအေးမှုက ငွေကြေးပစ္စည်းဥစ္စာတွေနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

မဆိုင်ပါလား၊ ရာထူးဂုဏ်ထူး နာမည်ထူးတွေနဲ့ မဆိုင်ပါလားဆိုတဲ့ အသိစိတ်က ရင်ထဲ စိုက်ဝင်သွားတယ်။ ဟန်ဆောင်မှုကင်းတဲ့၊ မိတ်ကပ်မပါတဲ့ သူတို့အလှတွေက ကြည့်တတ်လေ မြင်ရလေပါလားလို့ အတွေးစတွေ ပြိုဆင်းလာတယ်။

လောကွတ်မပါ၊ အကြမ်းထည်စကားတွေကိုပဲ စိမ့်ထွက်လာတဲ့ ဂေါပကဒကာကြီးတွေဆီက အိုးကြီးကြီးနဲ့ ခံယူနိုင်ပေမဲ့လို့ ပြည့်လာဖို့ကတော့ မလွယ်လောက်ဘူး၊ သင်တောကို ဒီနေ့အရောက်ပြန်ရမယ်။ ဒါမှ မနက်ဖြန် မန္တလေးကို သွားနိုင်မှာ။ မကြာခင်ကမှ ဒုတိယအကြိမ် ထွက်လာတဲ့ မိမိစာအုပ်တစ်အုပ်ကို ရေးစရာရှိတာရေးပြီး ဆရာတော်ကြီးကို ကပ်ခွင့်ကြုံတဲ့အခါ ကပ်ဖို့ အထပ်ထပ်မှာနေမိတယ်။ ကန်ဒကာမောင်ကျော်စိုးထွန်းကလည်း ဆရာတော်ကြီးကို ဖူးခွင့်ပေးတဲ့အခါ သူ့ဆီဖုန်းဆက်ဖို့ အကြိမ်ကြိမ် တီးတိုးတိုက်တွန်းပြီး ဖုန်းနံပါတ်ပေးနေတယ်။ ဖုန်းစိမ်းနံပါတ် သူ့ဖုန်းထဲဝင်လာတိုင်း ရွှေအနှစ်ဂေါပကတွေဆီကလားဆိုပြီး မျှော်လင့်ချက်အပြည့်နဲ့ နားထောင်မိကြောင်း မကြာခင်ကမှ မိမိကို ပြောပြနေသေးတယ်။ ရောက်ရောက်ခြင်းရော၊ ပြန်တော့မယ့်အခါရော ဆရာတော်ကြီးကို မှန်းဆပြီး ရှိခိုးကြတယ်။ ဂေါပကဒကာကြီးတွေကို နှုတ်ဆက်ပြီး ရွှေအနှစ်တော ငြိမ်းအေးတဲ့ရင်ခွင်ကနေ ထွက်ခွာလာကြတယ်။ စိတ်တွေရဲ့ ထုံးစံအတိုင်း ဒီခရီး၊ ဒီအတိုင်းအတာပဲရှိပေမဲ့လို့ အပြန်ခရီးကား မြန်လွန်းလှတယ်လို့ ထင်နေမိတယ်။ ဗန်းမောက်မြို့ထဲရောက်တော့ ကန်ဒကာတို့အဖွဲ့က လက်ဖက်ရည် ဆိုင်ထိုင်ကြတယ်။ ကားပေါ်မှာ မိမိတစ်ပါးတည်း။ ဇလုံတောင်ပေါ် တက်ဖို့။

ဇလုံတောင်ကို သွားကြရင်း လမ်းမှာ ဇလုံတောင် တောင်တက်ကားတွေနဲ့ ဟောတစ်စီး၊ ဟောတစ်စီး ဆုံရတဲ့အခါ ဇလုံတောင်လည်း အရမ်းကို စည်နေပုံရတယ်ဆိုတဲ့အသိက လက်ခနဲ ပေါ်လာတယ်။ တောင်ခြေရောက်တော့ တောင်တက်ကားတွေ စီတန်းရပ်ထားတယ်။ ကိုယ့်ကားနဲ့ ကိုယ်တက်ခွင့်ပေးပုံမရ။ လူပြည့်တက်တာဆိုတော့ လူစောင့်နေရတယ်။ တစ်စီးစာ အပြည့်ပေးရင်လည်း ပါသလောက်လူနဲ့ တက်လို့ရတယ်။ ကိုယ့်သဘော။ တောင်ပေါ်တက်တော့ လမ်းတွေက အတော်ဖြူးနေပါပြီ။ ဒီလောက်မတ်စောင့်တဲ့ တောင်ပေါ်ကို အခုလို လမ်းဖောက်ထားတာ စတင်ဖောက်လုပ်သူတွေကိုရော၊ ထိန်းသိမ်းနေသူတွေကိုပါ ကျေးဇူးတင်စရာကောင်းလှတယ်။ တောင်ပေါ်ရောက်တော့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေနဲ့ ဖွေးဖွေးလှုပ်နေတယ်။ ကျောက်ထီးစေတီရောက်တော့ တစ်ထောက်နားပြီး ဘုရားဖူးကြရတယ်။ သံဃာတော်တွေအတွက် ကျောက်ထီးရိပ်မှာ အချို့ပွဲတွေ ပြင်ထားပေမဲ့လို့ ဝိကာလအချိန်ကြီးဖြစ်လို့ ဆာနေတဲ့စိတ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

တောင်အောက် လွှတ်ချလိုက်ရတယ်။ ရုပ်ရှင်သရုပ်ဆောင် ဦးဇော်ဦးနဲ့တူတဲ့ ဒကာကြီးတစ်ယောက်က ကြက်သွေးညိုးရောင်အင်္ကျီကို ဝတ်ထားတယ်။ ဒကာကြီး ဘိုးတော်လားလို့ ပြုံးပြီးစလိုက်တော့ "တပည့်တော်က ရတနာသုံးပါးက လွဲပြီး ဘာမှမကိုးကွယ်ဘူးဘုရား" လို့ ကြက်ခေါင်းဆိတ်မခံ ပြန်ပြောလိုက်တော့ ဟာသမထုတ်ဘဲ ရယ်လိုက်ရပါသေးတယ်။ သူက မကွေးကနေ ကားစီးလုံးငှားပြီး နီးစပ်ရာ မိတ်ဆွေနဲ့ ဘုရားဖူးထွက်လာတဲ့အကြောင်း၊ မြစ်ဆုံကို ရောက်ခဲ့ပြီး အင်းတော်ကြီး ရေလည်ဘုရားကိုလည်း ဖူးခဲ့ကြောင်း၊ ဒီကနေ ပြန်ဆင်း ပြီး ထီးချိုင့်ဘက်ကနေ ပတ်မောင်းပြီး အညာသီဟတောဘုရားကို ဖူးပြီး မန္တလေး မှသည် နေပြည်တော်ထိ ခရီးဆက်မယ့်အကြောင်း ဘုရားဖူးခရီး မိုင်ထောင်ချီ ခရီးစဉ်ကြီး ပို့ထွက်လာတာကို ကြားလိုက်ရတဲ့အခါ ခင်မောင်ထူးရဲ့ "ကြိုးကြာငှက်တို့ရဲ့ မိုင်ထောင်ချီခရီး" ဆိုတဲ့ သီချင်းက နားထဲကို ရစ်ဝဲလာတယ်။

ကျောက်ထီးစေတီကနေ ဇလုံတောင်ထိပ် ခရီးဆက်ရတယ်။ သိပ်မကြာလိုက်ပါ။ တောင်ပေါ်မှာ အဆောက်အဦတွေနဲ့ စည်ကားနေပြီ။ ဘုရားဖူးတွေ ပိုများနေတာ တွေ့ရတယ်။ တည်းခိုစရာ ဇရပ်တွေလည်း ဆောက်ထားတယ်။ အဝတ်အစား အသုံးအဆောင်တွေအပါအဝင် စားသောက်စရာတွေလည်း ရောင်းချနေသလို လက်ဖက်ရည်ဆိုင် ထမင်းဆိုင်ပါ ဖွင့်ထားတယ်။ ဈေးတွေကြည့်လိုက်တော့ တောင်အောက်နဲ့စာရင် ဒေါ်လာဈေးလို ခေါင်အထိတင်ထားတာ တွေ့ရတယ်။ အပြစ်တော့ မဆိုသာ။ ဒီပေါ်မှာ ဆာလို့ ဝယ်စားစရာရှိတာ သူတို့ကျေးဇူးပဲ။ မဝယ်မနေရမဟုတ်။ ကိုယ်ကြိုက်မှဝယ်။ စားချင်လို့ စားစရာရှိတာကိုပဲ ဝမ်းသာနေရပြီ။ ဇလုံတောင်ကို ပုံတွေထဲမှာ မြင်ဖူးပေမဲ့ အခုတော့ ကိုယ်တိုင်ရောက်နေပြီ။ အကြောင်းမရှိရင် ဘယ်မှမသွားတတ်တဲ့ မိမိအတွက် အိပ်မက်ဆန်နေတယ်။ ဇလုံတောင်ပေါ်က စေတီတော်ကို မြင်ရတဲ့နေရာက ဖူးလိုက်ရရင်ပဲ ကျောက်တုံးကြီးတွေ တစ်ဆင့်ပြီးတစ်ဆင့် ပလ္လင်ခံထားတဲ့အတွက် ကြည်နူးစရာကောင်းလှတယ်။ စိမ်းစိမ်းစိုနေတဲ့ ရှုခင်းကြီးက ခွာချလိုက်လို့ ချွေးတွေနဲ့အတူ အမောတွေလည်း ကွာကျသွားပြီး လူတစ်ကိုယ်စာပဲ တိုးဝင်လို့ရတဲ့ ကျောက်တုံးကြီးတွေကြား တိုးဝှေ့တက်ရတာဆိုတော့ ပွင့်လို၊ ကြူကြူသင်းလိုမျိုး အတွဲဘော ပိုင်ရှင်တွေ ဘယ်လိုမျိုး တက်ပြီးဖူးကြမလဲ၊ ကျောက်တုံးတွေပဲ ပြိုလဲသွားမလား၊ သူတို့အတွဲဘောကြီးတွေပဲ စလင်းဖြစ်သွားမလားလို့ တွေးမိပြီး ပြုံးမိပါသေးတယ်။ "မတက်တော့ပါဘူး၊ အပေါ်ရောက်အောင် တက်နိုင်မှ ဆုတောင်းပြည့်မယ် ပြောတယ်၊ ရောက်အောင်တက်ဟော့" လို့ ပါးစပ်ပေါက်ကနေ နဂ္ဂတစ်နဲ့ ပေါ့စ်တစ်အပြိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


ခုန်ချနေတဲ့ ဘွားတော်နှစ်ယောက်ရဲ့ ဝါကျတွေကလည်း နားထဲမှာ ဝင်ဆောင့်မိအောင် ဆောင့်လိုက်ပါသေးတယ်။ ကလေးလှလှလေးတွေကို ချစ်တတ်တဲ့ မိမိက ရင်ခွင်ပိုက် ကလေးလှလှလေးတွေကို ယုယစွာ နှုတ်ဆက်တော့ အိစက်စွာ ပြုံးနေကြတယ်။ ဒါလည်း ချွေးတိတ်ဆေးပဲ။ (မလှတဲ့ ရင်ခွင်ပိုက်ကလေးတွေ ရှိနိုင်ပေမယ့်လို့ မိမိ မျက်လုံးထဲ တိုးဝင်မလာလို့ သတိမထားမိပါကြောင်း…) တောင်ပေါ်စေတီတွေ၊ ဆင်းတုတော်တွေကို အားပါးတရ ဖူးမြော်ပြီးတော့ ရှုခင်းကို ငေးစိုက်ပြီး ကြည့်မိ တယ်။ ပိတ်ပိတ်ဖုံးနေတဲ့ မြစိမ်းရောင်ကမ္ဘလာကြီးထဲက ထိုးထွက်လာတဲ့ ကျောက် တောင်ကြီးပါလား။ တကယ်တော့ ဒီတောင်ကြီးပေါ်ကနေ ရှုခင်းတွေကို အကန့် အသတ်မရှိ ငေးစိုက်ကြည့်ရင်း လေသန့်လေအေးကို အားပါးတရ ရှူရှိုက်နေရ မှာ။ ဒီတောင်ပေါ်ကို အနဲဆုံး တစ်ညလောက်တောင်မှ အချိန်မပေးနိုင်ရင် အရသာ ရှိသင့်သလောက် မရှိနိုင်ဘူး။ နောက်တစ်ခါလာရင် တစ်ညတော့ အနဲဆုံး အိပ်မယ်လို့ ကိုယ့်ဘာသာ အဆိုတင်သွင်းပြီး ကိုယ့်ဘာသာ ထောက်ခံနေမိတယ်။

ပါလာသူတွေက သူတို့ဟန်းစက်တွေနဲ့ တဖျတ်ဖျတ် ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘုတ်တင်ဖို့ ကြိုးစားနေကြတယ်။ အရင်ကတော့ ဖုန်းရှိသူက ရှားပြီး အခုတော့ ဖုန်းမရှိသူက ရှားနေပြန်တယ်။ ဩော်… ခေတ် ခေတ် ခေတ်။ မိမိကတော့ ဓာတ်ပုံလည်း မရိုက်၊ အရိုက်လည်းမခံ၊ ဖေ့စ်ဘုတ်လည်း ပုံကို မတင်တတ်တော့ သူတို့အတွက်တော့ လွင်တီးခေါင်ကြီးလို ဖြစ်နေတယ်။ ဦးဇင်း သေချာကြည့်ရှု မှတ်သားခဲ့နော်။ စာရေးတဲ့အခါ ထည့်ရေးလို့ရအောင်ဆိုပြီး ကိုဝင်းလှိုင်က လက်တို့ ပြီးတော့ ပြောရဦးမယ်ဆိုတဲ့ သီချင်းစာသားလို တို့တို့ပြီး သတိပေးနေတယ်။ ဒီခရီးစဉ်မှာ ကိုဝင်းလှိုင် ပါလာတာလည်း ရွှင်မြူးစရာကောင်းလှတယ်။ သူက ဟာသမထုတ်ဘဲ သူ့ကြည့်ပြီး ပျော်စရာကောင်းနေတယ်။ ကိုလှိုင် သခွက်ပန်းဆိုတဲ့ အကောင့် ဖွင့်ထားတော့ မိမိက စာအုပ်အငှားဆိုင်တို့၊ စာအုပ်ဆိုင်တို့ ဖွင့်ထား တယ်ထင်နေတာ။ ကဗျာဆန်နေလို့။ မေးကြည့်တော့ မဟုတ်ဘူးတဲ့။ ဆားထွက်တဲ့ ဝက်လက်နားက သခွတ္တောဇာတိမို့ သခွတ်ပန်းလို့ ထည့်ထားတာဆိုတော့ ပျက်လုံး မဟုတ်ဘဲ ရယ်ရပါသေးတယ်။ ကိုလှိုင် သခွက်ပန်းက ဘာသာရေးနဲ့ နိုင်ငံရေးကို သေသေချာချာ ဆစ်ပိုင်းပြတော့ သူ့အမြင်ကို အထင်ကြီးသွားတယ်။ သူ့အမြင်တွေက လက်တွေ့ဆန်ပြီး သဘာဝကျနေတော့ အေး…ကိုဝင်းလှိုင်ကို မန္တလေးတိုင်း လူမှုရေးဝန်ကြီး ခန့်သင့်တယ်။ အဲဒီဝန်ကြီးမျိုးကို ဘာသာရေး နိုင်ငံရေးဆစ်ပိုင်း နားလည်မှ ခန့်သင့်တာလို့ ရင်ထဲကအတိုင်း ပြောလိုက်တော့ "ဝင်းလှိုင်က ဦးဇင်း အဲလိုပြောလိုက်တော့ ကားမောင်းရင်း မြောက်သွားလိုက်တာ၊ တပည့်တော်တောင်

mgyoe.com

mgyoe.com SAMPLE BOOK

ကားအက်ဆီးဒင့် ဖြစ်မှာစိုးပြီး ထင့်ခနဲ ဖြစ်သွားတယ်'' လို့ ကန်ဒကာက သခွက်ပန်း အကြောင်းပြောရင်း ရယ်နေပါသေးတယ်။

ဇလုံတောင်ထိပ်မှာ ဘုရားဖူး၊ ရှုခင်းကြည့်ပြီး ဆင်းလာတယ်။ တောင်တက် တောင်ဆင်းလူတွေ တစ်ယောက်နဲ့တစ်ယောက် တိုးတိုက်မိကြပေမဲ့ ဒေါသမထွက် အပြုံးမပျက် ဖြစ်နေကြတာကို ကြည့်ပြီး ပီတိဖြစ်လိုက်ရပါသေးတယ်။ ကားစီးမယ့် နေရာရောက်တော့ စောင့်နေရသေးတယ်။ အခွက်ပန်းတို့အဖွဲ့က လက်ဖက်ရည်ဆိုင်မှာ ငြိမ့်နေကြပြီ။ မိမိကတော့ ရေသန့်ပုလင်းကို ပွေ့ပိုက်ပြီး လမ်းလျှောက်ရင်း ပရိတ် ရွတ်နေတယ်။ အဲ---တောင်ပေါ်ကနေ တောင်အောက် ကားစီးတော့ မကွေးက ဒကာကြီးဦးဇော်ဦးတို့အဖွဲ့နဲ့ တစ်စီးတည်း ဆုံဆည်းရပြန်တယ်။ ကားစထွက်တော့ ရှေ့က ဦးဇင်းအတွက် ကျွန်တော် ကားခရှင်းမယ်လို့ အော်ပြောလိုက်တဲ့အသံ နားထဲ တိုးဝင်လာတယ်။ ဘိုးတော်လားလို့ စလိုက်တဲ့စကားလုံးနဲ့ ပြုံးလိုက်တဲ့ အပြုံးက ဦးဇော်ဦးနှလုံးသားကို ပွေ့မိပိုက်မိသွားပုံရတယ်။ တကယ်တော့ မိမိက အညာနဲ့ အကျိုးပေးသူမဟုတ်ဘူး။ ငွေမထားတဲ့ မိမိအတွက် အညာဘက်သွားပြီဆို စိစဉ်ရတာ မွန်းကြပ်လှတယ်။ ဒီတစ်ခါတော့ ကန်ကြီးတွေ ဦးဆောင်တူးဖော်တဲ့ အလှူက တခြားကုသိုလ်တွေနဲ့ ပေါင်းမိပြီး အကျိုး ပေးလာပုံရတယ်။ အညာသူ အညာသားတွေနဲ့ အကျိုးပေးလာတယ်။ ကန်ဒကာ အပါအဝင် ကားပေါ်ပါလာသူ တွေအကုန်လုံး အညာကလူတွေ။ ကားပေါ်မှာ လိုက်ပါလာရင်း ဦးဇော်ဦးကတော်နဲ့ အတူပါလာတဲ့ ဒကာမတွေကလည်း မိမိနဲ့ ဆွေမျိုးတော်စပ်ချင်ပုံရတယ်။ နေတဲ့ နေရာ အပါအဝင် မိမိအကြောင်းကို စကားလုံးတွေနဲ့ သေနင်္ဂဗျူဟာခင်းနေကြတယ်။ မိမိကလည်း တွေ့တုန်းခင် ကွယ်ရင်ပျောက်မှု ကျင့်သုံးထားတာ သူတို့ဗျူဟာကို ပါးနပ်စွာ ရှောင်တိမ်းနေတော့ သူတို့ဗျူဟာတွေ မဆုံးခင်မှာဘဲ တောင်ခြေရောက် သွားတော့ မိုးရာသီမှာ တိုက်ပွဲနားလိုက်ရသလို ဖြစ်သွားတယ်။

ဆတ်သွားဘုံကျော်ဆရာတော်ကို အကြောင်းပြုပြီး မကွေးတိုင်းက မိမိနဲ့ ချိတ်မိနေတယ်။ ကိုယ်က ပုတ်ချခွာချထားပေမဲ့လို့ မကွေးအရိပ်က သူတို့တတ်နိုင် သလောက် ညွတ်ကျပြီး မိုးပေးထားတယ်။ မရောက်တာ ကြာညောင်းလှပြီဖြစ်တဲ့ ဆတ်သွားကို အကြောင်းတစ်ခုနဲ့ ဒီတစ်ခါရောက်သွားတော့ မကွေးတိုင်းရဲ့ မေတ္တာ ကို အန်ကျလျှံကျတဲ့အထိ ခံစားလိုက်ရတယ်။ သူတို့ရင်ထဲမှာ နှစ်ပေါင်းများစွာ မတွေ့ကြရပေမဲ့လို့ အရင်ကအတိုင်း ဆက်ထုံးမပြေသေး၊ မရွေ့သေးပါလားဆိုတဲ့ ခံစားချက်က စိတ်ထဲမှာ မြည့်ခနဲ ရှသွားတယ်။ မိမိ စိတ်ကလည်း ဒီအရွယ်၊ ဒီ အနေအထား၊ ဒီခေတ်အရ ပြောင်းလဲသွားပြီး ဘယ်ရယ် ဘယ်သူရယ် မဟုတ်တော့၊

mgyoe.com

mgyoe.com SAMPLE BOOK

ရောက်တဲ့နေရာ နေတတ်ပြီးတော့ တွေ့တဲ့လူနဲ့ နေတတ်သွားပြီ။ (အချောအလှ အဖြူအဝင်း ကြိုက်တာက လွဲလို့ပေါ့။)

မိမိတို့အဖွဲ့ စီးလာတဲ့ကားလေးက ဟိုက်ဝေးလမ်းမကြီးပေါ်မှ လှစ်ခနဲ လှစ်ခနဲ။ ပြိုင်မြင်းတစ်ကောင်ကို စီးနေရသလို လမ်းဘေးဝဲယာရှုခင်းတွေ၊ စိုက်ခင်းတွေက ကြည့်လို့မဝ။ ဒီဒေသမှာ အေးချမ်းစွာ နေချင်စိတ်ပေါက်သွားတယ်။ သစ်တောတွေ ပြုန်း၊ ရာသီဥတုတွေ ဖောက်ပြန်နေပေမဲ့လို့ ဒီဒေသက အပူနဲ့ သိပ်အရမ်းကြီး အလှော်ခံရလေးဟန် မတူဘူး။ မိမိတို့အဖွဲ့ ကံကောင်းတာက အဲဒီနေ့က မိုးတစ်ပြိုက် နှစ်ပြိုက်ရွာပြီး တစ်လမ်းလုံး မိုးအေးနေတယ်။ ချွေးတွေ ယိုစီးခွင့်မရ။ ကားပေါ်မှာတော့ အဲယားကွန်း ဖွင့်ထားလို့ ပြဿနာမရှိ။

သင်တောမှာ တစ်ညအိပ်ပြီးပြန်တော့ ကျွန်းလှမှာတစ်ထောက် နားကြတယ်။ ပြီးတော့ သဖန်းဆိပ်ဆည်ကြီးဆီ ခရီးဆက်ပြီး ပင်လယ်ပြင်လို ကျယ်ဝန်းတဲ့ ဆည်ကြီးကို တမေ့တမော ကြည့်ဖြစ်ကြတယ်။ လွန်ခဲ့သောနှစ် တစ်နှစ်နှစ်က သဖန်းဆိပ်ဆည်ကို ခေါင်းခုအိပ်ထားတဲ့ နှစ်ရွာပေါင်းပြီး တစ်ကျောင်းကို ကိုးကွယ်တဲ့ စွယ်တော်ရွက်ကို ရွာနှစ်ရွာက ရွာဦးကျောင်းဘုရားပွဲမှာ ကြုံကြိုက်လို့ တရားဟောပင့်လို့ ညတရား ဟောခဲ့ဖူးတာကို အမှတ်ရမိပါသေးတယ်။ ကြည်ပြာရောင် ရေတွေအပြည့် သိပ်ထားတဲ့ ဆယ်ရေပြင်ကို စက်လှေနဲ့ ဖြတ်သွားရတဲ့ အရသာကလည်း ငြိမ့်ငြိမ့်ညောင်းညောင်း ရှိလှတယ်။ တရားဟောတာကို သဘောကျသမို့ အောင်မြင်တယ်လို့ ပြောရမယ်။ တရားဟောတယ်ဆိုတာ ဒီလိုဖြစ်ရမှာပေါ့လို့ ဒကာတစ်ယောက်က အာလုပ်သံကြီးနဲ့ ပရိသတ်ဆီကအသံကို လာပို့ပေးတယ်။ တကယ်လား၊ စိတ်ချမ်းသာအောင် ပြောတာလား၊ မစုံစမ်း မစစ်ဆေးတော့ပါ။ ကိုယ့်အလုပ်ကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်တာက ကိုယ့်တာဝန်။ နာပြီး သဘောကျခြင်း မကျခြင်း ဆုံးဖြတ်တာက သူတို့တာဝန်။ ဒီရွာက ဆည်ထဲမှာ ရွှေ့ကျင်ပြီး စီးပွားဖြစ်ကြတာဆိုတော့ အစိုးရက ချပေးတဲ့ လယ်ယာမြေတွေကိုတောင် မလုပ်ကြဘူး။ စက်လှေပေါ်ကနေ ဖူးမြင်နေရတဲ့ ရွှေတိဂုံပုံတူစေတီတော်ကြီးက ကျက်သရေရှိလှတယ်။ တစ်ယောက်တည်း တည်ထားတာတဲ့။ တရားဟောတဲ့ည တစ်ညအိပ်ပြီး မနက်ရောက်တော့ ကလေးမလေး ခုနစ်ယောက်က အာရုံဆွမ်း မုန့်ဟင်းခါး လာကပ်တယ်။ ရန်ကုန် ရောက်ဖူးလားဆိုတော့ ရောက်ဖူးတယ်တဲ့။ ဘယ်မှာတည်းလဲဆိုတော့ ဟိုတယ်မှာတဲ့။ မိမိခန္ဓာကိုယ်မြောက်ပြီး မိုးထိရောက်သွားသလား ခံစားရတယ်။ ဟိုတယ်တည်းတဲ့ တောသူတောင်သားကို ပထမဦးဆုံးတွေ့လိုက်ရလို့။ အဲဒီတုန်းက အရွေးကောက်ခံသမ္မတ မတက်သေးဘူး။ ဒီမိုကရေစီ

mgyoe.com

mgyobe.com SAMPLE BOOK

ရဖို့ ရှန်းနေကြတုန်း။ သူ့ကိုကြည့်တော့လည်း နုရည်ဖတ်ရည် ရှိလှတယ်။ တောရုပ် မပေါ်ဘူး။ သဖန်းဆိပ်က မောင်းလာပြီး ကန့်ဘလူသစ်တောပြတိုက်ဥယျာဉ်ထဲ ဝင်ကြတယ်။ အင်ကြင်းပင်ကြီးတစ်ပင်လုံး ကျောက်ဖြစ်နေတာကို တွေ့ရတယ်။ ဘူမိဗေဒပါမောက္ခတွေရဲ့ အလုပ်ဖြစ်ပြီး မိမိတို့အတွက်တော့ အံ့သြတာကလွဲပြီး ဘာမှ မသိဘူး။ ကန့်ဘလူမြို့ထဲ ဖြတ်သွားတော့ ကန့်ဘလူက အစည်ကြီးမဟုတ် ပေမဲ့လို့ မြို့နဲ့ပိုသင်းတယ်။ ဒေါက်တာလှထွန်းဝင်းတို့ ဇာတိ ကုန်းက စည်တယ်။ ချမ်းသာတဲ့သူပေါတယ်။ ဒါပေမဲ့ ကန့်ဘလူလောက် မြို့ရုပ်မပေါက်ဘူး။

အပြန်ခရီးစဉ်တစ်ခုလုံး သခွက်ပန်းက ဒိုင်ခံကားမောင်းတယ်။ တပည့် တော်က ဒီခရီးမှာ ဘာမှမလုပ်ဖြစ်ဘူး။ ယာဉ်မောင်းကုသိုလ်ပဲ ယူရမှာလို့ပြောပြီး အန္တရာယ်ကင်းအောင် မောင်းပေးပါတယ်။ ရွှေဘိုမြို့ထဲ ဝင်တော့ ငယ်ငယ်က အမေလက်ဆွဲပြီး နှစ်တိုင်းရောက်တဲ့ စေတီတော်ဘုရားပွဲမှာ စေတီတော်ဘုရား ကို ဖူးခဲ့ရဖူးတယ်။ မြို့ရောက်လာကတည်းက မဖူးဖူးဘူး။ စေတီတော်ဘုရားကို ပို့ပေးဖို့ ပြောရတယ်။

ဘုရားရောက်တော့ မိမိနဲ့ ကန်ဒကာက ဘုရားပေါ် တက်သွားကြပြီး ကျန်တဲ့သူတွေကတော့ မတက်ကြ။ သူတို့က ခဏခဏ ရောက်ဖူးပုံရတယ်။ လက်ဖက်ရည်ဆိုင်ကို မောင်းသွားကြတယ်။ စေတီတော်ကို ပရိတ်ရွတ်၊ ပဋ္ဌာန်း ရွတ်ပူဇော်ပြီး လုပ်ခဲ့သမျှ ကုသိုလ်တွေကို အမျှဝေတယ်။ ကန်ဒကာက ပုတီးစိတ် နေတာ မိမိထက်တောင် ကြာပါသေးတယ်။ အသက်ငယ်သေးပေမဲ့လို့ ဘာသာရေး အားကောင်းသူ။ ဒါကြောင့် စီးပွားရေးအကျိုးပေးတာနေမှာပဲလို့ စိတ်ထဲ ကောက်ချက် ချနေမိတယ်။ စေတီတော်ရင်ပြင်ကို လှည့်ပတ်ကြည့်ရှုတော့ အားရစရာ အကောင်းကြီး မဟုတ်ဘူး။ ဒီလောက်နာမည်ကြီးပြီး နှစ်စဉ်နှစ်တိုင်း တစ်နယ်လုံးမှာ အစည်ကားဆုံး ဘုရားပွဲ ကျင်းပနေတဲ့ စေတီတော်ကြီးမှာ ဒီလိုမျိုး အားရစရာအကောင်းကြီး မဟုတ်တာ ဂေါပကရဲ့ အားနည်းချက်ဖြစ်လောက်တယ်။ ဘာ့ကြောင့်ဆိုတာ မြို့ခံ တွေကတော့ ပိုပြီးတိတိကျကျ သိနေမှာပါ။

ရွှေဘိုရောက်ချိန်မှာပဲ အမှောင်က ပြိုဆင်းနေပြီ။ ရောင်စုံမီးတွေ ထိန်ထိန် လင်းလက်နေပြီ။ မိမိတို့ငယ်တုန်းကလို မဟုတ်တော့။ ဘဏ်တွေရဲ့မျက်နှာသာ ပေးတဲ့ မြို့ကြီးဖြစ်နေပြီး အတော်ကြီး စည်ကားနေပြီ။ ရာသီစုံသီးနှံ ဖြစ်ထွန်းနေ တဲ့ တစ်နယ်လုံးရဲ့စီးပွားရေးက ခရိုင်မြို့ကြီးကို အားကောင်းမောင်းသန် အထောက် အကူ ပေးနေမှာ သေချာတယ်။ နယ်စီးပွားဖွံ့မှ မြို့စီးပွား ထွားကြိုင်း လာတာ သဘာဝပဲလေ။ နယ်ညှုံ့လေ မြို့ဆွံ့လေပဲ။ နယ်ညှုံ့ပေမဲ့ ပြည်ပထွက်ကိတ် ဝင်ဂိတ်

mgyobe.com

mgyoe.com SAMPLE BOOK

ရှိတဲ့ မြို့ကတော့ ပိုဖွံ့ဖြိုးတယ်။ ရွှေဘိုက နာမည်ကြီးတဲ့ထဲမှာ ဝင်းကိတ်လည်း ပါတယ်။ မြို့လယ်ခေါင်မှာ ကားရပ်ပြီး ဝင်းကိတ်ကို ပတ်ရှာနေကြတယ်။ ပင်မ တိုက်ကြီးက ပိတ်သွားလို့လားမသိ။ လက်ဆောင်ပေးဖို့ ပစ္စည်းဝယ်တဲ့ ဘာသာ စကားကို မိမိက မတတ်မြောက်။ စိတ်မဝင်စား။ ဒါ့ကြောင့် မမေးမိ။ ရွှေဘိုနဲ့ မန္တလေးက မဝေးလှ။ လမ်းကောင်းတော့ ခဏနဲ့ ရောက်သွားတယ် ထင်ရတယ်။ အမရပူရရောက်တော့ အဲဒီမြို့မှာ အခြေချတဲ့ ကိုဝင်းလှိုင်နဲ့ ကိုတင်မောင်ကြည်က ဆင်းနေရစ်ကြတယ်။ ကိုကျော်ဟိန်းက တမ္ပဝတီမှာ ဆင်းနေရစ်ပြီး မကြာမီမှာပဲ ကန်ဒကာတို့တိုက်ကို ထိုးဆိုက်သွားတယ်။ မောင်ကျော်စိုးထွန်းဇနီး မကေသီစန်းက တံခါးဖွင့်ပေးပြီး လုံးလုံးကလည်း သူ့သခင်အလာကို ကြိုနေရှာတယ်။ စိမ်းနေတဲ့ မိမိတို့ကိုတော့ အရေးတောင်မလုပ်။ သူ့သခင်နဲ့ အတူပါလာသူတွေပဲ အန္တရာယ် မရှိဘူးဆိုတဲ့ အသိနဲ့ ဟောင်လည်း မဟောင်။ မိမိ ဝေယျာဝစ္စ လုပ်ဖို့ဆိုပြီး မောင်ကျော်မင်းလည်း လိုက်ပါလာတယ်။

အိမ်ကို ကျောင်းအဖြစ်နဲ့ သီတင်းသုံးပါဆိုပြီး ဟိုတယ်တစ်ခုလို အစွမ်းကုန် ဂရုစိုက်ကြပါတယ်။ တပည့်အရင်းလို၊ တူအရင်းလို သဘောထားပြီး လိုတာ ရှိလည်း အလှူခံဖို့ တကယ့်ရင်ဘတ်နဲ့ လျှောက်တယ်။ ဦးဇင်းလိုတဲ့ ငွေကြေး လောက်တော့ တပည့်တော်တို့အတွက် မခဲယဉ်းပါဘူးလို့လည်း စကားတန်ဆာဆင် ထားတယ်။ လိုအပ်တဲ့နေရာ၊ လိုအပ်တဲ့ပုဂ္ဂိုလ်တွေအတွက် လမ်းညွှန်ပေးမယ်။ ကိုယ့်အတွက်တော့ မပြောဘူးလို့ ဆုံးဖြတ်ထားတယ်။ သူ တိုက်မှာရှိနေတဲ့အခိုက် လိုလေသေးမရှိအောင် ဂရုစိုက်ကြတယ်။ မောင်ကျော်မင်းက မိမိအကြောင်းကို ဘာမှမထား၊ ဘာမှမရှိဆိုတဲ့ မအက္ခရာတွေနဲ့ ကြော်ငြာထားတော့ အဲဒီ မအက္ခရာတွေကို ကန်ဒကာက ခံတွင်းတွေ့နေတယ်။ မိမိအတွက် သားကြီးငါးကြီး တွေ မကပ်ဖို့၊ သတ်သတ်လွတ်ဆန်ဆန်ကပ်ဖို့တော့ ပြောပြရတယ်။ သူတို့လည်း ကယိကထမများရအောင်၊ မိမိလည်း မေတ္တာပွားများရာမှာ အဆင်ပြေအောင် ပြောလိုက်တာပါ။

မန္တလေးမှာရှိနေတုန်း ပဋ္ဌာန်းပူဇော်လို့ အဆင်ပြေမယ့် ဘုရားတွေကို တစ်ဆူပြီးတစ်ဆူ လိုက်ပို့တယ်။ သူကိုယ်တိုင်လည်း ပုတီးစိတ်တယ်။ ကန်ဒကာ က ဒီဘုရားတွေကို အလှည့်ကျ ပဋ္ဌာန်းရွတ်၊ ပုတီးစိတ်ပြီး ပူဇော်နေတာ။ ဒါ့ကြောင့်မို့ လိုက်ပို့တာ ဝတ်ကျေးတန်းကျေ မဟုတ်ဘူး။ အားတက်သရော ရှိလှတယ်။ မန္တလေးနဲ့ သူစိမ်းပြင်ပြင်ရှိလှတဲ့ မိမိစိတ်ကိုလည်း ခွာချပေးတဲ့အနေနဲ့ တစ်မြို့လုံး ပတ်မောင်းပြီး ပြတယ်။ ဟုတ်တယ်။ မန္တလေးက အရင်မန္တလေး မဟုတ်တော့ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ခေတ်မီတိုက်ကြီးတွေနဲ့ စီခြယ်ထားပြီး သန့်ရှင်းလတ်ဆတ်နေတယ်။ ကားလမ်းပေါ်၊ ပလက်ဖောင်းပေါ်မှာ အမှိုက်သရိုက် မတွေ့ရဘူး။ ဝန်ကြီးချုပ်ကောင်းတော့ မြို့တော်ရဲ့ဥပမိကလည်း ပို့ခန့်ပိုစည်လာတယ်။ ယာဥ်မောင်းတွေ ကားလမ်းပေါ် တဖျစ်ဖျစ်နဲ့ ကွမ်းထွေးတာ၊ ရဲမြင်မှ ခါးပတ်ပတ် လိုက်တာတွေကလွဲရင် မန္တလေးက ပီဘိမန္တလေးဖြစ်နေပြီ။ အဆင့်မြင့်လက်ဖက် ရည်ဆိုင်ကြီးတွေကလည်း မန္တလေးမြို့ကို ပိုတောက်သွားအောင် ပေါလစ်တင်ပေးနေပုံရတယ်။ အရင်က စက်ဘီးမြို့တော်၊ ခုတော့ ဆိုင်ကယ်မြို့တော်၊ ကားပေါတဲ့ခေတ်ဖြစ်ပေမဲ့ ရွှေမန်းသားတွေက ဆိုင်ကယ်ကို ပိုရင်ဖိုတဲ့သဘော ရှိတယ်။ ဆိုင်ကယ်စီးရတဲ့ အရသာကို ပိုစွဲမက်ပုံရတယ်။ နှစ်ဆန်းတစ်ရက်ရောက်တော့ အညာဘုရားတွေနဲ့ စိမ်းကားလှတဲ့ မိမိကို မုံရွာကို လိုက်ပို့လို့ ဗောဓိတစ်ထောင်ဘုရားနဲ့ သမ္ဗုဒ္ဓေစေတီတော်ကို အကြာကြီး ဖူးမြော်ခဲ့တယ်။ သင်္ကြန်ပြီးစဆိုတော့ မုံရွာမြို့ကြီးက အနားယူနေတယ်။

နှစ်ဆန်းနှစ်ရက်နေ့မှာ ကုမ္ပဏီအိတ်စ်ပရက်စ်နဲ့ ရန်ကုန်ကို ပြန်လာခဲ့တယ်။ ဒီမှာ အနားယူစာဖတ်ရင်း အဓိပတိတရားလေးပါးကို ခေါင်းပေါ်ရွက်၊ တာဝန်တရားငါးပါးကို ပွေ့ပိုက်ပြီး ရေးရမယ့်စာအုပ်ကြီးကို ရေးဖို့ ပြင်ဆင်နေတဲ့ အလုပ်ကို ဆက်လုပ်နေတာ တစ်နှစ်ကျော်ကာလရောက်တော့ ပြီးစီးသွားတယ်။ ပြင်ဆင်လို့တော့ပြီးပြီ အကောင်အထည်ဖော်ဖို့ပဲ လိုတော့တယ်။

ဒီအတွင်းမှာပဲ မောင်ကျော်မင်းက သူ့မှာရှိတဲ့အစွမ်းအစကို ချွန်မြခွင့်ရသွားတယ်။ ဦးလေးဘုန်းကြီးရဲ့ မတည်ငွေတစ်သိန်းသာရှိတဲ့ လှေကားနှစ်စင်းကို အလှူငွေ (၂၅)သိန်းကျော် ရအောင်လုပ်ပြီး အကောင်အထည်ဖော်နိုင်သွားတယ်။ ကန်ပတ်ပတ်လည်ကာဖို့ အင်္ဂတေတိုင်တွေလည်း လုပ်ပြီးသလောက် လုပ်ပြီးသွားပြီ။ သူက လိုအပ်တာမှာ၊ လိုအပ်တာရှာပေးပြီး ဦးညွန့်စိန်က ဦးစီးလုပ်တာ။ ရွာသားတွေ ကန်တူးဖော်နေတုန်းက အလုပ်သွားလုပ်နေတဲ့ လူငယ်ခေါင်းဆောင် ကိုမောင်မောင်လတ်လည်း ပြန်ရောက်လာပြီး ဦးညွန့်စိန်ကို အပြည့် ကူညီနေတယ်။ ဒီကန်ကြီးတူးဖော်ဖို့အရေး ကြံ့သလိုစေ့ဆော်ပေးနေတဲ့ ရွာဥက္ကဋ္ဌလုပ်ခဲ့သူ ဦးမောင်မြင့်လည်း အလုပ်ကပြန်ရောက်လာပြီး တစ်တပ်တအား ကူညီနေတာကို တွေ့နေရတယ်။ ကန်ဒကာနဲ့အတူ ကန်ကြီးဆီ ပြန်သွားပြီး လိုအပ်တာတွေ လုပ်ပေးရဦးမယ်။

တကယ်တော့ ကမ္ဘာလောကကြီးထဲက သက်ရှိသက်မဲ့တွေအတွက် ရေမြေလေမီး ဓာတ်ကြီးလေးပါးက အမြဲထာဝရ ရေလိုအပ်နေတယ်။ ဘယ်ဓာတ်ကတော့ မလိုအပ်ဘူးလို့ ဘယ်လိုမှပြောလို့မရ။ တစ်ခုချို့တဲ့တာနဲ့ ဒုက္ခရောက်ရတော့တယ်။ သက်ရှိသက်မဲ့တွေအတွက် မဖြစ်မနေလိုအပ်တဲ့ ဓာတ်ကြီးလေးပါးထဲမှာ တစ်ပါး

mgyoe.com

mgyoe.com SAMPLE BOOK

အပါအဝင်ဖြစ်တဲ့ ရေကို တို့တတွေ လှူဒါန်းနိုင်သွားပြီ။ ဒီအတွက် ဒီကန်တွေနဲ့ ပတ်သက်ပြီး ငွေအား လူအား စိတ်အား ပါဝင်သူတွေရဲ့ ကုသိုလ်ကံက ကြီးမားလှတယ်။ လူအိပ်ပေမဲ့လို့ အလှူမအိပ်တဲ့ ကုသိုလ်ဖြစ်ကြောင်း ကန်ဒကာ့အသိဉာဏ်က သဘောပေါက်ပြီး နှလုံးသားက လက်ခံသွားတယ်။ ဒီကန်တွေနဲ့ ပတ်သက်ပြီး ကုန်ကျစရိတ်ကို ဂဏန်းမထားတော့။ လိုသလောက် လုပ်၊ လိုသလောက် ပြောလို့ ဖိတ်မန်လာတယ်။

ဘက်ဟိုးတာဝန်ခံ ကိုစိုးတင့်က သူတို့ရွာရေကန်ကြီးကိုလည်း နောက်နှစ်မှာ နာရီ (၁၅၀) လောက် တူးဖော်ပါမယ်။ ဦးဇင်း ဝိုင်းဝန်းပါဦး ဘုရားလို့ အားကိုးတကြီးနဲ့ လျှောက်ထားလာတယ်။ မိမိကလည်း စဉ်းစားတောင် မနေတော့ဘဲ ကူညီပါမယ်၊ တူးဖော်ဖြစ်တာနဲ့ ပြောပါလို့ ချက်ချင်းပဲ တုန့်ပြန်လိုက်တယ်။ ကန်နက်ကို ပြောပြတော့ တပည့်တော်ကို ပြောပါဘုရား။ တပည့်တော် ပါဝင်မှာပါလို့ လျှောက်တယ်။

ဗုဒ္ဓက ဆာခြင်းကို ရောဂါထဲမှာ အဆိုးဆုံးလို့ ဟောတော်မူထားလို့ ရေဆာတဲ့ ရောဂါကတော့ နေ့စဉ်ဖြစ်နေကြမှာပဲ။ အဲဒီရောဂါကို ကုသပေးဖို့ အတွက် ထာဝရဆေးရုံကြီးတွေနဲ့တူတဲ့ ရေကန်ကြီးတွေ တူးဖော်ရာမှာ မည်သူမဆို ပါဝင်နိုင် ဆောင်ရွက်နိုင်ပါတယ်။ မိမိတို့လည်း ရေကန်ကြီးတွေ တူးဖော်ပြီးတော့ ရေငတ်တဲ့ ရောဂါကို ကုသပေးနိုင်ခဲ့ပါပြီ။ နောက်လည်း အဆင်ပြေသလို ဆေးရုံနဲ့တူတဲ့ ရေကန်ကြီးတွေကို ဘယ်လိုနေရာ ဘယ်လိုဒေသမှာပဲဖြစ်ဖြစ် လိုအပ်ရင် တူးဖော်နိုင်ရင် တူးဖော်ပေးသွားမှာပါ။

ရွှေအနှစ်တောရကအပြန် မဟာဗောဓိမြိုင်ဆရာတော်ကြီးကို စွဲနှစ်စွာ ကြည်ညိုလာတဲ့ ကန်ဒကာ ကိုကျော်စိုးထွန်းနဲ့ မကေသီစန်းတို့ ဇနီးမောင်နှံကို ကန်သာယာစာပေရဲ့ ပွဲဦးထွက် မဟာဗောဓိမြိုင်ဆရာတော် ဘဝစာပန်းချီစာအုပ်ကို တတိယအကြိမ် ထုတ်လုပ်ဖြန့်ချိခွင့်ပြုလိုက်ရပါကြောင်း…။

အရှင်ဝိစိတ္တသာရ
ရန်ကုန်မြို့

❑

mgyoe.com



mgyoe.com SAMPLE BOOK
mgyoe.com

# ဒီစာအုပ်နဲ့ပတ်သက်လို့

မဟာဗောဓိမြိုင်ဆရာတော်ကြီးအကြောင်းကို ဘာဖြစ်လို့ ရေးဖွဲ့ဖြစ်တာလဲဆိုရင် ''ကြည်ညိုလို့''ဆိုတဲ့ အဖြေထွက်လာတယ်။ ရဟန်းတစ်ပါးပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်တစ်ဦးပဲဖြစ်ဖြစ် ဘာအရေးကြီးဆုံးလဲဆိုရင် ကိုယ့်ကိုယ်ကိုယ် ကြည်ညိုဖို့၊ လူအများက ကြည်ညိုလေးစားဖို့ပါပဲ။ မဟာဗောဓိမြိုင်ဆရာတော်ကြီးက အဲဒီလိုပုဂ္ဂိုလ်မျိုး။ ဘာဖြစ်လို့ အများက ကြည်ညိုလေးစားကြတာလဲဆိုရင် ဘုရားသားတော်ရဟန်း ပီသလို့ပဲလို့ ယတိပြတ်ဖြေရမယ်။ ရဟန်းပီသဖို့ ဘယ်လောက်ထိ ခက်ခဲတယ်ဆိုတာ ဝိနည်းစည်းကမ်းကို နားလည်သူတိုင်း သဘောပေါက်ကြတယ်။

နက်ရှိုင်းတဲ့အတွေး၊ လေးနက်တဲ့ အရေးအဖွဲ့တွေနဲ့ ခုန်ထွက်လာတဲ့ ဆရာတော်ကြီးရဲ့စာတွေကို ဖတ်ရတဲ့အခါ၊ ဆရာတော်ကြီးအကြောင်း ဖွဲ့သီထားတဲ့ စာတွေကို ဖတ်ရတဲ့အခါ၊ အနှစ်ပြည့် အဆန်လှတဲ့ စကားလုံးတွေနဲ့ ဥပန ထားတဲ့ ဆရာတော်ကြီး လက်ရာကဗျာတွေကို ဖတ်ရတဲ့အခါ၊ ဆရာတော်ကြီးအကြောင်း အတွင်းသိ၊ အစင်းသိ တပည့်ဒကာတွေဆီကရော၊ ဆရာတော်ကြီးကို ဖူးခဲ့ရ၊ တရားနာခဲ့ရတဲ့ ဒကာ၊ ဒကာမတွေဆီကရော ဆရာတော်ကြီးအကြောင်းတွေကို ကြည်ညိုမဝ တသပြန်ပြောပြတာတွေကို ကြားလိုက်ရတဲ့အခါမှာရော ကြည်ညိုစိတ်တွေ ဖိတ်စဉ်လျှံကျလာတယ်။ အဲဒါတွေက ဒီစာကိုရေးဖို့ တွန်းအားတွေ ဖြစ်သွားတယ်။

လွန်ခဲ့တဲ့ ငါးနှစ်လောက်က မန္တလေးရောက်တော့ မိတ်ဆွေ ဘုန်းကြီး တစ်ပါးဆီမှာ တည်းဖြစ်တယ်။ မိတ်ဆွေဘုန်းကြီးကလည်း အချိန်ရသမျှ တရား

mgyoe.com

mgyoe.com SAMPLE BOOK

မှတ်နေသူ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တောထွက်ပြီး တရားအားထုတ်မယ်လို့ ရည်မှန်းထားသူ။ "ငါကတော့ လောလောဆယ်မှာ မဟာဗောဓိမြိုင်ဆရာတော်ကြီးကို အကြည်ညိုဆုံးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ပိုင်ဆိုလို့ ပရိက္ခရာက လွဲပြီး ဘာမှမထားလို့ပဲ"လို့ စကားနဲ့တဲ့ အဲဒီဘုန်းကြီးရင်ဘတ်ထဲကနေ လင်းလက်တောက်ပတဲ့ စကားလုံးတွေ ခုန်ထွက်လာတယ်။

ဟုတ်ပါတယ်။ ပစ္စည်းဥစ္စာတွေနဲ့ ပတ်သက်လာရင် ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ်တွေကရော၊ ဘေးကပုဂ္ဂိုလ်တွေကရော၊ အရမ်းအထင်ကြီးနေတဲ့ ဒီနေ့ ဒီအချိန်မှာ ဆရာတော်ကြီးက ပစ္စည်းလေးပါးကို ကြာရှက်ပေါ် ရေအတင် မခံသလို စွဲလမ်းငြိတွယ်မှုမရှိဘဲ စွန့်ပယ်တော်မူနိုင်တယ်။ ရောက်တဲ့နေရာ ရတဲ့ပစ္စည်းကို ဘာမှ ငဲ့ကွက်မှုမရှိဘဲ စွန့်ပစ်ခဲ့ပြီး တစ်တောဝင်၊ တစ်တောထွက်နဲ့ သီတင်းသုံးတော်မူတယ်။ ငှက်ဟာ အတောင်ပံဆိုတဲ့ဝန်ပဲ ရှိပြီး ဘယ်သွားသွား အတောင်လေး ခပ်ပြီး ဘာဝန်မှမရှိဘဲ ပေါ့ပေါ့ပါးပါး ပျံသွားသလို ရဟန်းဆိုတာ ပရိက္ခရာဆိုတဲ့ ဝန်ပဲရှိရမယ်။ ဘယ်သွားသွား ပရိက္ခရာဆိုတဲ့ ဝန်ပဲရှိပြီး ပေါ့ပေါ့ပါးပါး သွားရမယ်ဆိုတဲ့ ဗုဒ္ဓအဆုံးအမနဲ့အညီ ဆရာတော်ကြီးက သီတင်းသုံးတော်မူတယ်။ ဒါကြောင့်မို့ ရောက်လေရာ အရပ်ဒေသမှာ ဆရာတော်က ဖူးခွင့်ပြုလိုက်တာနဲ့ လာဖူးတဲ့သူတွေဟာ ကြက်ပျံမကျ စည်ကားလှတယ်။ ဆရာတော်ကြီးကို ဆွမ်းလောင်းခွင့်ရဖို့အတွက် လာကြတဲ့ ဆွမ်းဒကာ၊ ဒကာမတွေဟာ လူပင်လယ်ကြီး ဖြစ်သွားတယ်။

အညာဒေသက မြို့ကြီးတစ်မြို့မှာ ဆရာတော်ကြီး တရားဟောမယ်ဆိုတော့ တရားနာပရိသတ်က သောင်းနဲ့ချီပြီး လာကြတယ်။ ပွဲဦးထွက်ဟောမယ့် နိုင်ငံကျော် လူပျံတော်ဆရာကြီးက လူပင်လယ်ပြင်ကြီးကို ကြည့်ပြီး ထိတ်လန့်အံ့သြသွားတယ်။ ဒီလောက်များတဲ့ ပရိသတ်မျိုး သူ့တစ်သက် မကြုံဖူးဘူး။ သူဟောတာကို နာဖို့လာတာမဟုတ်ဘူး၊ ဆရာတော်ကြီး ဟောတာကို နာဖို့ လာကြတာလို့ ကောက်ချက်ချပြီးတော့ ပဋိသန္ထာရစကားလောက်သာ ပြောပြီး တရားဟောစင်မြင့်ကနေ တရားနာပရိသတ်ထဲ ဆင်းလာတယ်။ သူလည်း တရားနာပရိသတ်ထဲမှာ ဆရာတော်ကြီးတရားကို နာဖို့ နေရာယူလိုက်တယ်။

ဆရာတော်ကြီးလို အကျင့်ပဋိပတ်နဲ့ ပြည့်စုံတဲ့ရဟန်းမျိုးတွေ သာသနာတော်မှာရှိနေတာ သာသနာတော်အတွက်ရော၊ ကိုးကွယ်တဲ့ ဒကာ၊ ဒကာမတွေအတွက်ရော အင်မတန်မှ ကံထူးလှတယ်။ ဒီလိုပုဂ္ဂိုလ်ထူးတွေက သာသနာတော်ရဲ့ ပြယုဂ်တွေဖြစ်လို့ သာသနာနဲ့ ပတ်သက်လို့ မေးခွန်းထုတ်ချင်သူတွေကို

mgyoe.com

mgyoe.com

အဖြေပေးပြီးသား ဖြစ်သွားတယ်။ ဘုရားသားတော်ရဟန်းဆိုတာ ဒီလိုမျိုးလို့ ဘာသာခြားတွေကို ရှင်းပြစရာမလိုဘဲ သဘောပေါက်စေတယ်။ သာသနာတော် မျက်နှာစာ လင်းလင်းထိန်နေဖို့အတွက် ဒီလိုမျိုး ရဟန်းတွေ ပေါ်ထွက်နိုင် သလောက် ပေါ်ထွက်ပါစေလို့ ဆုတောင်းပတ္ထနာပြုနေမိတယ်။

ဘဝဖြစ်စဉ်တွေကို ကိုယ်တိုင်ဖွင့်ထုတ်ဖော်ပြထားတဲ့ ဆရာတော်ကြီး ကိုယ်တိုင်ရေး ထေရုပ္ပတ္တိစာအုပ်နီကြီးကို ဖတ်ပြီးတော့ ဒီစာအုပ်မှာပါတဲ့ စာသား တွေ ဒီစာအုပ်ရေးသူရဲ့ ရင်ဘတ်ထဲကနေ ခုန်ထွက်လာတယ်။ ဆရာတော်ကြီး ရဲ့ ဘဝရုပ်ပုံလွှာကို မိမိအတွေ့အကြုံနဲ့ ဖျော်စပ်ပြီး စုတ်ချက်ဆွဲလိုက်ရာကနေ "ဒီဘဝစာပန်းချီ" စာအုပ် ဖြစ်ပေါ်လာတယ်။ နောက်ထပ်လည်း ဒီလိုမျိုး ဘဝစာပန်းချီစာအုပ်တွေ ဖွဲ့သီဖြစ်ဦးမယ်လို့ မျှော်လင့်မိတယ်။ ဒီစာအုပ်ကိုဖတ် ပြီး အကျိုးတစ်ခုခု ရတယ်ဆိုရင် ဒီစာအုပ် ရေးရကျိုးနပ်ပါပြီ။ ဗုဒ္ဓမြတ်စွာ သာစုခေါ်မယ့် ရဟန်းတစ်ပါးအကြောင်းကို ရှိသမျှ အတတ်ပညာနဲ့ စာပန်းချီ ခြယ်ခွင့်ရလို့ အရမ်းကြည်နူးနေမိတယ်။

ဒီစာတွေ သီဖွဲ့နိုင်အောင် ပံ့ပိုးပေးကြတဲ့ ကြီးပွားရေးဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာသာရ၊ အခန်းဆက်ဖော်ပြပေးတဲ့ နေလရောနယ် အယ်ဒီတာအဖွဲ့၊ စာအုပ် ဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ ကိုအောင်လင်းသူ အပါအဝင် ကူညီကြသူအားလုံး ကို အထူးကျေးဇူးတင်ပါတယ်။

ဒီစာအုပ် ထုတ်လုပ်ဖြန့်ချိနိုင်အောင် ငွေကျပ်ဆယ်သိန်း ဓမ္မဒါန လှူဒါန်း တဲ့ ဒေါက်တာလှထွန်းဝင်း + ဒေါ်ရီရီဝင်း၊ သမီးဒေါက်တာ အေးငြိမ်းစံ M.B.B.S၊ သားမောင်အောင်ဖြိုးစံ (စီးပွားရေးစီမံခန့်ခွဲမှုပညာ၊ စက်မှုစီးပွားရေး စီမံခန့်ခွဲမှုတက္ကသိုလ်)၊ မောင်အောင်ထက်စံ (ရန်ကုန်အင်းစိန် နည်းပညာ တက္ကသိုလ်) မိသားစုကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီစာအုပ်ကနေ ပေါ် ပေါက်လာသမျှ ဝတ္ထုငွေတွေကို ကျောက်မဲမြို့ ပကာ+မန်ကောင်းမူးရွာ၊ ဇောတိ ကာရုံကျောင်းတိုက်အတွင်း ဂန္ဓကုဋိဘုရားကျောင်း ဖြစ်မြောက်ရေးအတွက် လှူဒါန်းသွားပါမယ်။

အရှင်ဝိစိတ္တသာရ
ရန်ကုန်မြို့
၃၁-၅-၂၀၁၄၊ စနေနေ့နံနက်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

# ၁

မဟာဗောဓိမြိုင်ဆရာတော် ရေးတဲ့စာတွေ၊ မဟာဗောဓိမြိုင်ဆရာတော် အကြောင်း ရေးထားတဲ့စာတွေကို ဖတ်ရ၊ ဆရာတော် ဟောတဲ့ တရားတွေကို နာရ၊ ဆရာတော်အကြောင်း ပြောပြတာတွေကို နားထောင်ရတဲ့အခါ ဆရာတော် ကြီးကို ကြည်ညိုမဝ ဖြစ်ရတယ်။ ဆရာတော်ကြီးအကြောင်း ဒီထက်ပိုသိချင်တဲ့ အာသာက တမြမြ ဖြစ်လာတယ်။ အဲဒီအချိန်မှာ ဆရာတော်ကြီးကိုယ်တိုင် ရေးဖွဲ့ ထားတဲ့ ထေရုပ္ပတ္တိစာအုပ်ကြီး ထွက်လာတော့မယ်လို့ ကြားရတယ်။ ကောင်း လိုက်တဲ့သတင်း၊ မြိန်လိုက်တဲ့သတင်း။ ဒါနဲ့ ဆရာတော်ကြီးရဲ့ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိစာအုပ်ကြီးကို လည်တမော့မော့နဲ့ မျှော်ခဲ့ရတယ်။

ထွက်လာပါပြီ။ ခန့်ခန့်ညားညား ဝံ့ဝံ့ကြွားကြွား စာအုပ်ကြီး။ စာအုပ် ကို အနီရောင် ကတ္တီပါအဝတ်စနဲ့ ဖုံးထားပြီး အဝတ်စပေါ်မှာ ရွှေစာလုံးတွေ ဖောက်ထားတယ်။ စာမျက်နှာ (၄၁၃) မျက်နှာရှိပြီး ဆရာတော်ကြီးရဲ့ ဘဝ ဖြစ်စဉ် ဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာ တန်ဆာဆင်ထားတယ်။ ဖတ်လိုက်တာနဲ့ လက်က မချချင်ပေမဲ့လို့လည်း လက်ကချပြီး ထုံပိုင်းထုံပိုင်း ဖတ်ရတယ်။ ဘာလို့လဲဆိုတော့ ဆရာတော်ကြီးအကြောင်းကို ဖတ်ရင်း ကြည်ညို၊ ကြည်ညိုရင်း ရေးဖို့ အာသီသ ပြင်းပြနေတယ်။ တကယ်တော့ ဆရာတော်ကြီးပေးတဲ့ ဓမ္မတွေကို ပထမဦးဆုံး သိအောင်လုပ်ပြီး ဒုတိယအနေနဲ့ နိုင်သလောက် ကျင့်သုံးဖို့ပါပဲ။ ဒါဆိုရင် အားလုံးအတွက် အကျိုးရှိသွားပြီ။

အတ္ထုပ္ပတ္တိစာပေဆိုတာ အဖတ်သင့်ဆုံးစာထဲမှာ ပါသလို မြန်မာတွေနဲ့ လည်း အရင်းနှီးဆုံးလို့ ဆိုရမယ်။ ဘာလို့လဲဆိုတော့ မြန်မာတွေက ဗုဒ္ဓဝင်တို့၊

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတကတို့နဲ့ ကြီးပြင်းလာကြတာ။ ဗုဒ္ဓဝင်နဲ့ ဇာတကဆိုတာ ဗုဒ္ဓဘဝဖြစ်တော်စဉ်တွေပဲ။ ဗုဒ္ဓဘဝဖြစ်တော်စဉ်တွေကို အတိတ်က ဖြစ်ရပ်တွေကိုပါ တူးဖော်ပြီး ဖွဲ့သီထားတာ။ ရသတွေနဲ့ ရက်ဖောက်ထားလို့ ပျင်းစရာလည်း မကောင်းဘူး။ ဘုရားလောင်း ပညာရှိပုံ၊ အနစ်နာခံပုံ၊ အသက်ပေးပုံ၊ ခေါင်းဆောင်ပီသပုံ၊ တန်ဖိုးထားပုံ၊ ကောင်းပုံ၊ မြဟ္မစိုရ်အားကောင်းပုံ၊ ဝီရိယအား ကောင်းပုံတွေကို ပုံဖော်ဖွဲ့ဆို သီကျူးထားတာတွေက ဆွဲဆောင်မှုကောင်းလွန်းလို့ စုတ်တသပ်သပ်ဖြစ်ကြရတယ်။ တစ်ခါ ဘုရားလောင်း နုစဉ်အခါက ဆိုးခဲ့၊ ပေခဲ့၊ တေခဲ့ပုံတွေကို ဖတ်ရ ကြားရပြန်တော့လည်း သည်းထိပ်ရင်ဖို ဖြစ်ကြရတယ်။ တစ်နှယ်ငင်တံစဉ်ပါဆိုသလို ဘုရားလောင်းနဲ့ တွဲဖက်ပါရမီဖြည့်ကြတဲ့ သာဝကကြီး၊ သာဝိကာမကြီးတွေရဲ့ အလောင်းအလျာတွေ ဘုရားလောင်းနဲ့အတူ လက်တွဲပါရမီဖြည့်ခဲ့ကြပုံ၊ ပေးဆပ်ခဲ့ကြပုံတွေကိုလည်း ကြည်ညိုမဝ ဖြစ်ကြရတယ်။

အဲဒီသာဝကကြီးတွေ၊ သာဝိကာမကြီးတွေရဲ့ ဘဝဖြစ်စဉ်တွေကိုလည်း အရှင်တွေ ရှင်မတွေကိုယ်တိုင် ပြောပြလို့ ထေရာပဒါန်၊ ထေရီပဒါန်၊ ထေရဂါထာ ထေရီဂါထာဆိုပြီး မှတ်တမ်းတင်ထားတယ်။ အတ္ထုပ္ပတ္တိစာပေစာရင်းဝင် ပိဋကတ်စာပေပါပဲ။ ဒါကြောင့်မို့ အတ္ထုပ္ပတ္တိစာပေတွေထဲမှာ ဗုဒ္ဓစာပေဟာ အစောဆုံးလို့ ပြောရပါမယ်။

မြန်မာတွေဟာ စာပေတွေထဲမှာ ဗုဒ္ဓဝင်၊ ဇာတကတွေနဲ့ အရင်းနှီးဆုံးလို့ ပြောနိုင်တယ်။ အင်္ဂလိပ်တွေ တစ်နိုင်ငံလုံး မသိမ်းပိုက်နိုင်မီမှာ မြန်မာတွေရဲ့ ပညာကျောင်းက ဘုန်းကြီးကျောင်းပဲ။ ဘုန်းကြီးက ဒီဗုဒ္ဓဝင်စာပေတွေကိုပဲ သင်ပေးတယ်။ ပြောပြတယ်။ ဒီစာပေတွေနဲ့ ဆုံးမတယ်၊ သွန်သင်တယ်။ ရှေးမြန်မာတွေရဲ့ နှလုံးသားတွေထဲမှာ ဗုဒ္ဓဝင်က စွဲငြိနေတယ်။ ကိုယ်သင်ခဲ့ ကြားခဲ့ရတာတွေကို လူကြီးဖြစ်လာတဲ့အခါ ကလေးတွေကို ပြောပြတယ်။ မိဘရင်ခွင်မှာ မှီအိပ်ရင်း သားငယ် သမီးငယ်လေးတွေက ဗုဒ္ဓဝင်နဲ့ ရင်းနှီးမှုရသွားတယ်။ ဗုဒ္ဓဝင်က သူတို့ရင်ထဲမှာ ခွာချလို့ မရလောက်အောင် စွဲကပ်သွားတယ်။ ဘုန်းကြီးကနေ ကျောင်းသား၊ ကျောင်းသားကနေ မိဘ၊ မိဘကနေ သားသမီးအထိ လက်ဆင့်ကမ်းလာတဲ့ ဗုဒ္ဓဝင်စာပေဟာ တစ်နိုင်ငံလုံး ပျံ့နှံ့သွားတယ်။

ဗုဒ္ဓဝင်ကိုပဲ ဇာတ်သမားတွေက ဇာတ်ကပြီး ပေးတယ်။ စာရေးဆရာတွေက စာအုပ်တွေ၊ ဝတ္ထုတွေ၊ ကဗျာတွေနဲ့ ရေးဖွဲ့သီကျူး ပုံဖော်ပေးကြတယ်။ ပန်းချီဆရာတွေက စုတ်ချက်ဆွဲပြီး ပန်းချီကားတွေ ဖန်တီးကြတယ်။ ပန်းပုဆရာတွေက ပန်းပုရုပ်တွေ ထုဆစ်ကြတယ်။ ဒီတော့ လူတန်းစားပေါင်းစုံထဲ ပို့ပြီး

mgyoe.com

mgyoe.com

ကျယ်ပြန့်သွားတယ်။ သီချင်းရေးဆရာတွေက သီချင်းရေးပြီး အဆိုတော်တွေက သီဆိုကြတယ်။ နားထဲကနေ နှလုံးသားထဲအထိ စီးဆင်းသွားတယ်။ ဒီနည်းနဲ့ လမ်းဖောက်ခဲ့ကြတာ ခေတ်အဆက်ဆက်ပဲ။ ခေတ်ကွာလို့ ပုံဖော်တာ ကွာပေမယ့်လို့ အနှစ်သာရကတော့ ဒါပါပဲ။

အဲသလို ခေတ်အဆက်ဆက်က သူတော်သူမြတ်၊ လူတော်လူတတ်တွေရဲ့ တာဝန်ကျေခဲ့မှုတွေကြောင့်မို့ မြန်မာနဲ့ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာနဲ့ မြန်မာဆိုတာ ဒင်္ဂါးပြားရဲ့ ခေါင်းနဲ့ပန်းလိုပဲ ဘယ်လိုမှ ခွဲခြမ်းလို့မရနိုင်ဘူး။ အင်္ဂလိပ်တွေဟာ မြန်မာတွေရဲ့မြေကို သိမ်းပိုက်နိုင်ပေမယ့်လို့ မြန်မာ့နှလုံးသားကို သိမ်းပိုက်နိုင်စွမ်း မရှိခဲ့ဘူး။ (၆၂) နှစ်နဲ့ (၃) ရက် ကျွန်ဖြစ်ခဲ့ပေမယ့်လို့ ဗုဒ္ဓသာသနာဟာ မြန်မာ့မြေကနေ ခွာမသွားတာဟာ အဲဒါတွေကြောင့်မို့လို့ ပြောလို့ရတယ်။

❑

mgyoe.com

mgoe.com SAMPLE BOOK

# ၂

မဟာဗောဓိမြိုင်ဆရာတော်ရဲ့ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိစာအုပ်ကြီး ထွက်လာပြီဆိုတာနဲ့ ကြီးပွားရေးဆရာတော် ဘဒ္ဒန္တပဏ္ဍိတသာရက အဲဒီစာအုပ်ကြီးရော၊ ဆရာတော်ပဲ ပြုစုထားတဲ့ သုညသင်္ချေ့ရကထာ (သုညမှ စလာခဲ့ရသောဘဝသင်္ချေ့ရတို့အကြောင်း) စာအုပ်ရော ဖတ်ချင်တယ်လို့ အမိန့်ရှိတယ်။ ဒါနဲ့စာအုပ်ကြီးကို ရအောင် ကြိုးစားရတယ်။

ဆရာတော်က ကိုယ်တိုင်ရေး ထေရုပ္ပတ္တိစာအုပ်ကြီးကို ဘဝကန္တာရသင်္ကေတကထာ ခရီးလမ်းကြမ်း စခန်းဖွေရှာ တစ်သက်တာလို့ ကင်းပွန်းတပ်ထားတယ်။ ကြွမယ့်စခန်းကို ခရီးလမ်းကြမ်းဖြတ်သန်းပြီး တစ်သက်တာ ကြွမြန်းခဲ့ရတဲ့ အတွေ့အကြုံ အသိအမြင် အတွေ့အမြင် ဗဟုသုတတွေကို ဖွင့်ဖောက်ဖော်ထုတ်ထားတဲ့ စာအုပ်ကြီးလို့ အဓိပ္ပာယ်ထွက်နေတယ်။ အတွင်းဖုံးမှာတော့ဘဝခရီးကြမ်းမှတ်တမ်းလို့ လက်သည်းကွင်းနဲ့ ဖော်ပြထားတယ်။

ဘဝခရီးကြမ်း ဘဝခရီးကြမ်း ဘဝခရီးကြမ်း ဒီစကားလုံးတွေက ဒီစာအုပ်မဖတ်ခင်မှာပဲ မိမိနှလုံးသားထဲမှာ အတော်ရိုက်ခတ်သွားတယ်။ ဟုတ်တယ်။ အများစုက ခရီးကြမ်းကို မဖြတ်သန်းချင်ဘူး။ ကော်ဇောနီခင်းထားတဲ့ လမ်းကိုပဲ ပြုံးပြုံးရွှင်ရွှင်ဆက် လက်ပြပြီး သွားချင်ကြတယ်။ ပြုံးချင်တယ်။ မမဲ့ချင်ဘူး။ လက်ပြချင်တယ်။ လက်ညှိုးထိုး မခံချင်ဘူး။ အဲယားကွန်းနဲ့ အေးစိမ့်စွာ နေချင်တယ်။ နေလောင်ဒဏ် မခံချင်ဘူး။ အဲလို မကျော်ရတီလူသားတွေထဲမှာ ဆရာတော်ကြီးက သူ့စခန်းရောက်ဖို့ ခရီးလမ်းကြမ်းကို မောင်းနှင်ခဲ့ရပါတယ်လို့ ဝန်ခံထားတယ်။ အဲဒါကိုပဲ ကြည်ညိုအားကျမိတယ်။ မိမိကိုယ်တိုင်က အဆင်းရဲ မခံနိုင်ပေမဲ့လို့ ဖဲမွေ့ယာပေါ်ကနေ ကြီးပွားသွားသူတွေထက် သုညကစပြီး

mgoe.com

mgyoe.com SAMPLE BOOK

ကြီးပွားသူတွေကို အားကျတယ်။ နိုင်ငံပိုင် သယံဇာတတွေကို လက်ညှိုးထိုး ရောင်းစား၊ အာဏာပိုင်တွေကို ကပ်ဖားလုပ်၊ အစမ္ပဆိုတာ ကြားကောင်းအောင် ပဲ ပြောတတ်ကြတဲ့ ခရိုနီတွေထက် ကိုယ့်ဒူးကိုယ်ချွန်နဲ့ ကြီးပွားသွားသူတွေကို အားကျတယ်။ ရေနံတွေ ပန်းထွက်နေလို့ ချမ်းသာကြတဲ့ အာရပ်ကုလားနိုင်ငံ တွေထက် လူ့ဦးနှောက်ကို အရင်းအနှီးပြုပြီး ကြီးပွားနေတဲ့ စင်္ကာပူလိုနိုင်ငံမျိုး တွေကို အားကျတယ်။

ဒါကြောင့်မို့ လောကဓံကို အံတုပြီး ဘဝခရီးလမ်းကြမ်းကို ဖြတ်သန်း ရင်း စခန်းရောက်အောင် အပေါက်နင်တဲ့ ဆရာတော်ကြီးကို ကြည်ညိုမဝ ဖြစ် နေရတယ်။ တကယ်လို့သာ ဆရာတော်ဟာ ရိပ်သာကြီးတစ်ခုမှာ ပစ္စည်းလေးပါး ပြည့်ပြည့်စုံစုံနဲ့ စခန်းပေါက်အောင် အရောက်ကြွတယ်ဆိုရင် ခုလောက်ကြီး ကြည်ညိုစိတ်တွေ ယိုဖိတ်ချင်မှ ယိုဖိတ်မယ်။ ဒါက မိမိစိတ်အစဉ်ကို ပြောပြ တာပါ။ တကယ်တော့ ပစ္စည်းလေးပါး ပေါများခြင်း၊ ရှားပါးခြင်းက အရေး မကြီးလှပါဘူး။ အဲဒီပစ္စည်းလေးပါးအပေါ်ထားတဲ့ မနသိကာရဆိုတဲ့ သဘောထား ကသာ အရေးကြီးပါတယ်။ ပေါနေပေမယ့်လို့ မသာယာရင် ဘုရားအလိုတော် ကျတယ်။ တရားရှိတယ်။ ရှားနေပေမယ့်လို့ ရှိသလောက် ကလေးအပေါ်မှာ တွယ်တာတပ်မက် ငြီကပ် စွဲလမ်းနေမယ်ဆိုရင် ဘုရားအလိုတော်မကျဘူး။ တရား မရှိဘူး။ ဒါကြောင့်မို့ ပစ္စည်းအပေါ်မှာထားတဲ့ စိတ်ထားကပဲ အရေးကြီးတယ် ဆိုတာ တွေ့ရတယ်။

ခရီးလမ်းကြမ်းကို ဖြတ်သန်းလို့ ကြည်ညိုမှုအားကြီးရတာက ဒီလိုပါ။ ဗုဒ္ဓရှင်မြတ်ဟာ သိဒ္ဓတ္ထမင်းသားဘဝမှာ အင်မတန် နူးနယ်တဲ့မင်းသား။ ကြီးမား တဲ့စည်းစိမ်ကို ခံစားရသူ။ နေလောင်တာ မခံရဖူးဘူး။ အချမ်းဒဏ်ကို မခံစား ရဖူးဘူး။ ကိုယ်အမာရွတ်၊ စိတ်အမာရွတ် မထင်ဖူးဘူး။ အိစက်တဲ့ ဖောင်ဖွ၊ နားဝင်ပီယံဖြစ်တဲ့ သဒ္ဒါရုံ၊ မွှေးမြတဲ့ ရနံ့၊ ချိုစိမ့်တဲ့ အရသာ၊ ရှုလို့မဝတဲ့ မြင်ကွင်းတွေနဲ့ (၂၄) နာရီ ရက်စွဲထဲ ဆွဲထည့်ခံထားတယ်။

သဗ္ဗညုဗုဒ္ဓ စခန်းရောက်ဖို့အတွက် သိဒ္ဓတ္ထဘဝနဲ့ ရောမခြားနားတဲ့ ဘဝ ခရီးကြမ်းကို ဖြတ်သန်းတော်မူတယ်။ ဝါရွှေရောင် ဖန်သင်္ကန်းကို ဆင်မြန်းပြီး တာနဲ့ အရာရာဟာ ရပ်တည်ဖို့ပဲ။ ခံစားဖို့မဟုတ်တော့ဘူး။ ပစ္စည်းလေးပါးက တရားရှုမှတ်နိုင်ဖို့ ငြမ်းတွေ သဘောပဲ။ တရားရှုမှတ်တာက ပစ္စည်းလေးပါး အတွက် ငြမ်းမဟုတ်ဘူး။ လောကီအမြင်နဲ့ လောကုတ္တရာအမြင်၊ လောကအမြင် နဲ့ ဓမ္မအမြင်က စပ်လို့မရ၊ ကပ်လို့မရလောက်အောင် ကွာခြားလှတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကျင့်ရင် ဗုဒ္ဓဖြစ်နိုင်တယ်လို့ အထင်ရောက်ပြီး ဒုက္ကရစရိယာ (ဒုက္ခစရိယာ မဟုတ်ပါ) အကျင့်ကို ကျင့်တော်မူခဲ့တယ်။ ဆင်းဆင်းရဲရဲ ကျင့်ရင်တော့ လိုချင်တဲ့ သဗ္ဗညုဗုဒ္ဓ ဖြစ်မှာပဲလို့ ထင်ပြီး ကျင့်ခဲ့တာ။ ဘယ်လောက်အထိ ကျင့်ခဲ့သလဲဆိုရင် နတ်တွေက ဘုရားလောင်း သေသွားပြီ။ မသေသေးဘူး စသဖြင့် နတ်အချင်းချင်း အထင်မှားရတဲ့အထိတောင် ရောက်သွားတယ်။

လုံးဝ အစာမစားဘဲ အစာဖြတ်တော့မယ့် အနေအထားထိတောင် စဉ်းစားတယ်။ ဒါပေမဲ့လို့ နတ်တွေက အစာဖြတ်ရင် မွေးညှင်းပေါက်တွေကနေ နတ်သြဇာတွေ ထည့်ပေးမယ်လို့ ပြောလာတာနဲ့ အစာမဖြတ်တော့တာ။ စားပေမဲ့လို့ မသေရုံတမယ်ပဲ စားတယ်။ လက်ခုပ်တစ်ဖက်လောက်ရှိတဲ့ ပဲနောက်ရည်၊ ပဲပိစပ်ရည်စတာလောက်ကိုပဲ သုံးဆောင်တယ်။ အဲဒီတော့ ခန္ဓာကိုယ်က အလွန်ကို ပိန်ကြုံသွားတယ်။ အင်္ဂါကြီးငယ်တွေက ကစွန်းနွယ် အဆစ်တွေလို၊ တင်ပါးဆုံက ကုလားအုပ် ခြေရာလို၊ ကျောကုန်းရိုးက ပုတီးလုံးလေးတွေလို၊ နံရိုးတွေက ဇရပ်ပျက်ရဲ့ အခြင်တွေလို၊ မျက်တွင်းထဲက မျက်လုံးတွေက ရေတွင်းနက်ကြီးရေလို၊ ဦးခေါင်းတော်က ဘူးသီးနုနုကို နေပူလှန်းထားသလို ဖြစ်သွားတယ်။ ဗိုက်ကိုကိုင်လိုက်ရင် ကျောကို ရောက်သွားတယ်။ ကျောပြင်ကို ကိုင်လိုက်ရင် ဗိုက်ကိုရောက်သွားတယ်။ အစားအစာ နဲပါးလှလို့ ကျောပြင်နဲ့ဗိုက်က တစ်သားတည်းဖြစ်နေတယ်။ ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါ မှောက်ခုံလဲကျသွားတယ်။ ခန္ဓာကိုယ်ကို လက်နဲ့ထိလိုက်တာနဲ့ အမွေးတွေ ကျွတ်ပါလာတယ်။ ရွှေလို ဝါဝင်းနေတဲ့အသားရေတွေဟာ ညှိမဲ မွဲပြာသွားတယ်။ ဒီလောက်အထိ ဒုက္ခခံပြီး ကျင့်ခဲ့တယ်။ ဒီလိုကျင့်ပေမဲ့လို့လည်း လမ်းမှန်မဟုတ်လို့ ပန်းတိုင်မရောက်ခဲ့ဘူး။ အစွန်းရောက်နေလို့။ အလယ်လမ်းနဲ့သွားမှသာ သဗ္ဗညုဗုဒ္ဓ ဖြစ်တော်မူခဲ့တယ်။

မဟာဗောဓိမြိုင်ဆရာတော်ကြီးက ဘုရားရှင်ရဲ့ ဇွဲ၊ လုံ့လ၊ သတ္တိကို စံထားပြီး ဘဝခရီးကြမ်းကို လျှောက်လှမ်းခဲ့ပုံရတယ်။ တောင်ကြီး ဘယ်လောက်မြင့်မြင့် ကြိုးစားတက်လို့ တောင်ထိပ်ရောက်သွားရင် အမောပြေသွားတာပဲ မဟုတ်လား။

❑

mgyoe.com SAMPLE BOOK

# ၃

မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီကတည်းက လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းက ဘိုင်အိုဂရပ်ဖီ (ခေါ်) အတ္ထုပ္ပတ္တိစာပေတွေ ပေါ်ပေါက်လာရေး လှုံ့ဆော်အားပေးခဲ့တယ်။ ဒါပေမဲ့လို့ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကိုတောင် ဒီစာရေးတဲ့နေ့အထိ ပြည့်ပြည့်စုံစုံ ထွက်လာတာ မတွေ့ရသေးဘူး။ ဗိုလ်ချုပ် ကွယ်လွန်ပြီးစ လွတ်လပ်ရေးခေတ်ဦးကတည်းက ဗိုလ်ချုပ်အတ္ထုပ္ပတ္တိ ပြုစုရေးအဖွဲ့ကို ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း အပါအဝင် ဖွဲ့စည်းပေးခဲ့ပေမဲ့လို့ တစ်ကြိမ်ဆိုလား အစည်းအဝေးလုပ်ပြီး နိဗ္ဗာန်ဝင်သွားတယ်။ စာအုပ် ထွက်မလာဘူး။ ဒီအတွက် ဝန်ကြီးချုပ်ဦးနုကို ဦးအောင်သန်းက အပြစ်တင်ထားတယ်။ အဲဒီတုန်းကသာ တကယ်အကောင်အထည်ဖော်ခဲ့ရင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်အပါအဝင် ဗိုလ်ချုပ်အကြောင်း ခရေစေ့တွင်းကျ သိမိသူတွေနဲ့ ဝိုင်းရုံထားလို့ အတော်ပြည့်စုံတဲ့ အတ္ထုပ္ပတ္တိကြီးဖြစ်လာမှာ သေချာတယ်။

အဲ… အဲဒီတုန်းက ရက်စက်လှသူ လူသားစား ဘီလူးကြီး ဦးစော နောက်ကွယ်မှာ အလိုဆိုးကို အကောင်အထည်ဖော်နိုင်အောင် စနစ်တကျ အကွက်ရိုက်ပေးသူတွေက အင်္ဂလိပ်တွေသာမက ဗမာတွေပါ ပါနေသလား၊ ပါနေရင် အဲဒီဗမာတွေကိုပါ ဖော်ထုတ်ရမှာစိုးလို့ ဒီအတ္ထုပ္ပတ္တိကို မျက်ကွယ်ပြုခဲ့တာလားလို့ စဉ်းစားစရာတွေ တထွေကြီး တထွေးကြီး ဖြစ်ရတယ်။ အခုတော့ အဲဒီ လူဆိုးစာရင်းဝင်တွေလည်း သေလို့ အဝိစိ ရောက်နေလောက်ပါပြီ။ ဒီတော့ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိ ပြည့်ပြည့်စုံစုံထွက်ဖို့ ကောင်းပါပြီ။ ဗိုလ်ချုပ်ရုပ်ရှင်ထက်

mgyoe.com

mgyoe.com SAMPLE BOOK

စောပြီးတောင် ထွက်သင့်တယ်။ ဘယ်သူမှ မလုပ်ရင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ဦးဆောင်ပြီး လုပ်သင့်တယ်။

အတ္ထုပ္ပတ္တိစာပေက တိုင်းပြည်တစ်ပြည်လုံးနဲ့စာရင် နဲလှတယ်။ ဆရာတော်တွေ ပြန်တော်မူတဲ့အခါ အတ္ထုပ္ပတ္တိစာအုပ်လေးတွေ ထွက်ပါရဲ့။ အရေးအသားက ဆွဲဆောင်မှု မရှိလှဘူး။ ရေးတဲ့အခါမှာလည်း ဖြတ်သန်းခဲ့ရတဲ့ သုခ၊ ဒုက္ခ လမ်းကြောင်းတွေကို ဖော်မပြဘဲ ကြည်ညိုဖွယ်ရာတွေကိုပဲ အလေးပေးထားတော့ ရသအပြည့်ပေးနိုင်စွမ်းမရှိဘူး။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အတ္ထုပ္ပတ္တိဆိုရင်လည်း ဒီစာရေးတဲ့နေ့အထိ ပြည့်ပြည့်စုံစုံ ရက်ဖောက်ထားတဲ့ အတ္ထုပ္ပတ္တိမျိုး မတွေ့ရသေးဘူး။ ဆရာကြီးရဲ့ လေးချိုးကြီးတွေကို ငြမ်းဆင်ပြီးတော့ စနစ်တကျ စုတ်ချက်ဆွဲပြီး ရသအားကောင်းကောင်းနဲ့ ဖွဲ့မယ်ဆိုရင် အရမ်းလှတဲ့ အတ္ထုပ္ပတ္တိ ပန်းချီကားကြီးတစ်ချပ် ဖြစ်လာမှာ သေချာတယ်။ သာသနာတော်ရဲ့ မျက်နှာသာ ဖြစ်တော်မူတဲ့ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးရဲ့ အတ္ထုပ္ပတ္တိဆိုရင်လည်း ဒီနေ့အထိ တူတူတန်တန် ထွက်မလာသေးဘူး။ ရသစာရေးဆရာတွေ ရေးဖွဲ့ကြမယ်ဆိုရင် အရမ်းဖတ်လို့ကောင်းပြီး ပရိသတ်ကလည်း အားပေးကြမှာပါ။

မြန်မာပြည်က ထွက်ခဲ့သမျှ အတ္ထုပ္ပတ္တိတွေထဲမှာ စွဲမက်စရာ အကောင်းဆုံး အတ္ထုပ္ပတ္တိကို ဆွဲထုတ်ပြပါဆိုရင် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ တစ်ဘဝသံသရာနဲ့ ဆရာကြီးရွှေဥဒေါင်းရဲ့ ဘဝတစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်ကြီး နှစ်အုပ်ပါပဲ။ ဒီစာရေးကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပြီး သူတို့ဘဝဇာတ်ကြောင်းကို မချွင်းမချန် ကလောင်စွမ်းအားကောင်းကောင်းနဲ့ ခြယ်မှုန်းထားလို့ ဒီနှစ်အုပ်ကို အကောင်းဆုံးလို့ ညွှန်းရတာ။ ကိုယ့်အကြောင်းကို တခြားသူ အကုန်မသိနိုင်ဘူး။ အကုန်သိတောင် အကုန်မရေးရဲဘူး။ ကိုယ့်အကြောင်း ကိုယ်ရေးတော့ ဘယ်သူမှ မကန့်ကွက်နိုင်တော့ဘူး။

မဟာဂန္ဓာရုံဆရာတော်ကြီးက ပခုက္ကူမှာ ဆွမ်းရှားတာကို ဘုရားစံထားပြီး ဖြေသိမ့်ခဲ့ရပုံ၊ အာဘယာရာမတိုက်ကနေ ထွက်ပြီး တောင်မြို့ မဟာဂန္ဓာရုံကို ပြောင်းလာတဲ့အခါ ဘယ်သူမှ နှုတ်ဆက်မယ့်သူ မရှိပုံတွေကို ဖွင့်ဟထားတာတွေက ဖတ်ရင်းဖတ်ရင်း မျက်ရည်စို့စရာကောင်းလှတယ်။ တစ်ခါ ရဟန်းဆိုပေမယ့် ပုထုဇဉ်ဖြစ်တာမို့ ဖြစ်တတ်တဲ့ သဘာဝလေးတွေကို ဦးဓမ္မဂုတ်က "သီလရှင်လေးတွေက လှတုန်းပတုန်း၊ ကိုယ်တော်က ထတုန်းကြွတုန်း" စသဖြင့် သီလရှင်လေးတွေကို စာချပေးတဲ့အခန်းမှာ မေးထားတာကလည်း ပုထုဇဉ်လူသား

mgyoe.com

mgyoe.com
SAMPLE BOOK

သဘာဝကို အများကြီး ထင်ဟပ်စေတယ်။ အဲလိုသဘာဝတွေကို ဖော်ပြထားလို့လည်း ရဟန်းဝတ်ဖြစ်တာပါလို့ ဘီအီးဘွဲ့ရပြီးမှ ရဟန်းပြုလာတဲ့ ဗုဒ္ဓစာပေသုတေသနပညာရှင် အရှင်ပဏ္ဍိတ (ယခု သီရိလင်္ကာ)က ဝန်ခံတော်မူတယ်။

ဆရာကြီးရွှေဥဒေါင်းဆိုရင် သူ ဖြတ်သန်းခဲ့သမျှ ကောင်းဆိုးနှစ်တန်လောကဓံတွေကို အသေးစိတ် ရေးဖွဲ့ထားတယ်။ ဒါကြောင့်မို့ ဆရာကြီးစာအုပ်က ဘယ်အချိန်ဖတ်ဖတ် ဘယ်အခါဖတ်ဖတ် မဝဘူး။ မရိုးဘူး။ အီမသွားဘူး။ ကောက်ကိုင်လိုက်တာနဲ့ စာအုပ်က ကိုယ့်ကို ဆွဲခေါ်သွားတယ်။ ဒီစာအုပ်ကိုကြည့်ပြီး အတ္ထုပ္ပတ္တိကို ကိုယ်တိုင်ရေးရင် အကောင်းဆုံးဆိုတာ ပေါ်လွင်နေတယ်။

မဟာဗောဓိမြိုင်ဆရာတော်ကြီးက သူ့ဘဝဖြစ်စဉ်တွေကို ကိုယ်တိုင် ရေးဖွဲ့ထားတာဆိုတော့ ဖတ်သင့်တဲ့စာအုပ်ထဲမှာ ပိုပြီး စာရင်းဝင်သွားတယ်။ ဆရာတော်ကိုယ်တိုင် ကျမ်းပေါင်းများစွာ ပြုစုထားတော့ ဆရာတော့်လက်ကိုတော့ အထူးသံသယဖြစ်စရာ မရှိဘူး။ အခုဖတ်ကြည့်တော့ ဆရာတော့်လက်ရာ ဒီပြင်ကျမ်းတွေထက် အရေးသွက်တာကို တွေ့ရတယ်။ ဆရာတော်က ထေရုပ္ပတ္တိပြုတဲ့အခါ ဘယ်လိုမူထားမလဲဆိုတဲ့ အတွေးစလည်း ဝင်လာပုံရတယ်။ ဒါကြောင့်မို့ ဒီစာအုပ်ရေးတဲ့အခါ မူထားတာကိုလည်း တွေ့ရတယ်။

ဒီစာအုပ်ကြီးကို ပြုစုတဲ့အခါ ဘက်မလိုက်သစ္စာကို စောင့်ထိန်းပါတယ်လို့ ဝန်ခံတော်မူထားတယ်။ အကြည်ညိုလွန်ပြီး ကောင်းကွက်ကို ကြည့်ရေးတာ။ မတည့်လို့ ဆိုးကွက်ကိုချည်း ဖော်ပြတာဆိုတဲ့ ဆန္ဒာဂတိ ဒေါသာဂတိ နှစ်ပါးကို ရှောင်ပြီး ပြုစုထားတယ်။ အဲဒီအစွန်းနှစ်ခု မလွတ်ရင် သစ္စာမဲ့တဲ့ဘဝရောက်ပြီး လာဘ်မျှော်တဲ့ အကျင့်ပျက်ဝန်ထမ်းစာရင်း ဝင်သွားနိုင်တယ်လို့ မိန့်ဆိုထားတယ်။ ဒီအချက်တွေက အတ္ထုပ္ပတ္တိရေးမယ့် ပုဂ္ဂိုလ်တွေအတွက် မျဉ်းသားပေတံတွေဖြစ်လို့ အဖိုးတန်လှတယ်။

လူသတ္တဝါတွေရဲ့ စရိုက်သဘာဝအတိုင်း အကောင်းအဆိုးတွေကို မဖြုပ်မကွယ်ဘဲ ဖော်ပြမယ်လို့ ဝန်ခံထားတယ်။ ဒါအပြင် ဖတ်ရှုလေ့လာသူ သုတေသီတွေအနေနဲ့ ဒီစာအုပ်ကြီးကို ဟောသလို ဖတ်ရှုလေ့လာဖို့ တိုက်တွန်းထားတယ်။

ပွဲကြည့်ရာတွင် ဇာတ်ဆောင်တို့၏ ဝတ်စားပြင်ဆင်ပုံ ဟန်ပန်တို့အပေါ်မှာသာ (ကလေးပွဲကြည့်နည်းပမာ) မေးတင်မထားလေဘဲ ထိုဇာတ်ဆောင်တို့ ဖော်ဆောင်သွားသော ဇာတ်လမ်း (ပညာပေးသင်ခန်းစာ)၏ အနှစ်အသားသို့ ဆိုက်ရောက်စေသည့် လူကြီးပွဲကြည့်နည်း၏ အကြည့်ပေါ်တွင် အသိတင် ကြည့်လေလည့်နည်းတူ ငါတို့သိစေလိုသော မှားသော စိတ်ဓာတ်နှင့် ထိုစိတ်ဓာတ်

mgyoe.com

mgyoe.com SAMPLE BOOK

ပုံဖော်ရာ ဘဝဖြစ်စဉ်၏ သဘာဝ၊ မှန်ကန်သော စိတ်ဓာတ်နှင့် ထိုစိတ်ဓာတ် ပုံဖော်ရာ ဘဝဖြစ်စဉ်၏ သဘော၊ ထိုကျောရိုးနှစ်ခု သူလုကိုယ်လု အလုအယက် ပေါ်ထွက်လာသော ဘဝဖြစ်စဉ်၏ ဓမ္မတာတို့အပေါ် ရိပ်မိဉာဏ်ဝင်စေသည်အထိ လေ့လာရန် သတိပေးလို၏။ (စာ-၇)

❑

mgyoe.com

mgyoe.com

# ၄

မဟာဗောဓိမြိုင်ဆရာတော်ကြီးက လူဝင်စားလို့ မိန့်ဆိုထားတော့ လူဝင်စားတွေရဲ့အကြောင်း တစ်သီတန်းကြီး သတိရမိတယ်။ လူဝင်စားထဲမှာ နာမည်အကြီးဆုံးကတော့ ပိဋကတ်မောင်ထွန်းကြိုင်ပါပဲ။ လူဝင်စား မောင်ထွန်းကြိုင်က ၁၉၂၀ ခုနှစ်လောက်မှာ မြန်မာပြည်တစ်ပြည်လုံး ဟိန်းထွက် ညံကြွက်သွားအောင် နာမည်ကြီးခဲ့တာလို့ သိရတယ်။

မောင်ထွန်းကြိုင်က ပန်းတနော်နယ် ယွန်းကျောင်းဆရာတော်ကြီးကို ဝင်စားလာတာ။ အဲဒီဆရာတော်ကြီးဘဝကနေ ပျံလွန်တော်မူပြီးတော့ မောင်ထွန်းကြိုင်ဖြစ်လာတာတဲ့။ ဆရာတော်ဘဝက သိမ်းဆည်းထားခဲ့တဲ့ ပစ္စည်းတွေကို ထုတ်ပြီး ပြနိုင်တယ်။ အဲဒီထက် ပိုထူးခြားတာက ပြောတတ်တဲ့ အရွယ်ကစပြီးတော့ ပိဋကတ်သုံးပုံကို ဟောနိုင် ပြောနိုင်တယ်။ ဆွေးနွေးမေးမြန်းလာရင်လည်း ကျေနပ်လောက်အောင် ဖြေနိုင်တယ်။ ဖိုးသူတော်လေး ဝတ်ပြီး နယ်လှည့်ဓမ္မကထိလုပ်ခဲ့ရတဲ့အထိပါပဲ။ အဲလောက်ကြီးတော်တဲ့ လူဝင်စားမျိုးက ရှားပါလိမ့်မယ်။ ဒီလောက်ကျော်တဲ့ လူဝင်စားကလည်း မောင်ထွန်းကြိုင်လောက်ပဲ ရှိမယ်ထင်တယ်။ အဲဒီ မောင်ထွန်းကြိုင်လည်း ကြီးလာတာနဲ့ အတိတ်ဘဝအကြောင်းအရာတွေဟာ တဖြည်းဖြည်း မှုန်ဝါးလာပြီး မေ့ပျောက်သွားတဲ့အထိ ဖြစ်သွားတယ်။ အတိတ်ကို ပစ္စုပ္ပန်က ဝါးမျိုပစ်လိုက်တဲ့သဘောပါပဲ။

မိမိတို့ မွေးရပ်မြေမှာလည်း ပြောပြနိုင်တဲ့ လူဝင်စားတွေ အတော်များတယ်။ တချို့ဆို သုံးဘဝလောက် ဆက်တိုက်ဝင်စားတာ တွေ့ရတယ်။ တချို့

mgyoe.com

mgyoe.com SAMPLE BOOK

က လူဝင်စားဆိုတာကို ယုံလောက်အောင်ပဲ ပြောပြနိုင်တာ။ တချို့က အတော်လေး ပြောပြနိုင်တယ်။ တချို့ကျတော့ ပြည့်ပြည့်စုံစုံ ပြောပြနိုင်တယ်။ ပြည့်ပြည့်စုံစုံ ပြောပြနိုင်တဲ့ လူဝင်စားတွေနဲ့ "ဒီဘဝသေပြီးရင် ပြီးသွားပြီ၊ ခန္ဓာကိုယ်ကတော့ မြေဩဇာဖြစ်သွားမှာပဲ" ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိသမားတွေ တွေ့စရာကောင်းတယ်။ အဲလိုတွေ့ပေမဲ့လည်း ဥစ္ဆေဒက ဥစ္ဆေဒပဲဖြစ်မှာ သေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစွဲဆိုတာ ကျွတ်ခဲတယ်။ အဲ သူတို့ကလည်း အကြောင်းပြကြတယ်။ လူဦးရေနဲ့စာရင် လူဝင်စားပြီး ပြန်ပြောနိုင်သူက နည်းနည်းလေးပဲ။ ဒါကတော့ သံသရာကို လက်ခံမယ်။ ကုသိုလ် အကုသိုလ်ကို လက်ခံမယ်။ သုံးဆယ့်တစ်ဘုံကို လက်ခံမယ်ဆိုရင် ဒီကိစ္စက အဖြေရှိပြီးသားပဲ။ ဘဝခြားသွားလို့ ဘဝဟောင်းကို ပြန်အမှတ်မရနိုင်တာ ဘာဆန်းလဲ။ အဝိဇ္ဇာ ပိန်းပိန်းပိတ်ပြီး ကိစ္စများလှတဲ့ လူ့ဘဝမှာ မနက်က အကြောင်းအရာကိုတောင် နေ့လည်ရောက်သွားတာနဲ့ မေ့ပျောက်သွားတတ်သေးတာ။ ဘဝခြားရင်တော့ ဘယ်ပြောကောင်းမလဲ။ အကြောင်းအရာတွေက စုန်းစုန်းမြုပ်သွားပြီပေါ့။ ဇာတိဿရဉာဏ် (ဘဝဟောင်းကို ပြန်ပြောင်းသတိရနိုင်တဲ့ဉာဏ်) ရမှ ပြန်ပြောနိုင်တာ။

မဟာဗောဓိမြိုင်ဆရာတော်ကြီးကတော့ ပြန်ပြောနိုင်တယ်။ အရင်ဘဝက ဒီရွာမှာ မွေးပြီး ဒီကျောင်းက ဆရာတော်ကြီးဆီမှာပဲ ရဟန်းဖြစ်ခဲ့တာ။ ရဟန်းတစ်ဝါမှာ ပျံလွန်တော်မူသွားရှာတယ်။ ဆရာတော် ပဋိသန္ဓေနေတော့ ဝတ်ဖြူစင်ကြယ်နဲ့လူကြီးက အရိုးအိုးကို လာပေးတယ်လို့ အိပ်မက်မက်တယ်။ အရိုးအိုးဆိုတာ ဘုန်းကြီးပျံပွဲမှာ မီးသင်္ဂြိုလ်ပြီး ကျန်နေတဲ့ အရိုးတွေ ထည့်သိမ်းထားတဲ့ အရိုးအိုးကို ပြောတာ။ မိခင်ကြီးကလည်း အရိုးအိုး ပေးတဲ့အခါ ဟုတ်ကဲ့လို့ လက်ခံပြီး နိုးလာတယ်လို့ ဆိုတယ်။ အရင်ဘဝက ကျောက်ရောဂါနဲ့ ပျံတော်မူပြီး အစ်ကို့ကို စွဲလမ်းလို့ ဒီဘဝမှာ အစ်ကို့သား လာဖြစ်ရတယ်။ ဆရာတော်ကြီးက ဥပါဒါနပစ္စယာ ဘဝေါဆိုတာ ဒါပါပဲလို့ ပဋိစ္စသမုပ္ပါဒ်ကို ထောက်ခံမူတော်တယ်။

အရင်ဘဝက ညီအစ်ကိုမောင်နှမ ငါးယောက်ထဲမှာ အထွေးဆုံး။ အင်္ဂါသား ဉာဏ်ကျော်တဲ့။ ဒီဘဝမှာလည်း ငါးယောက်ထဲမှာ အထွေးဆုံး။ အင်္ဂါသား ညိမ်းမောင်တဲ့။ သာသနာ့ဘောင်ဝင်တော့ အရင်ဘဝကလည်း ရှင်ဥေယျ။ ဒီဘဝမှာလည်း ရှင်ဥေယျ။ ဒီဘဝဘွဲ့ကိုတော့ အတိတ်ကို မမေ့သူပီပီ သူ့ဘာသာသူ ပေးတယ်လို့ မိန့်ထားတယ်။ နှစ်ဘဝလုံး ဆရာတော် ဦးသုနန္ဒလက်အောက်မှာပဲ တပည့်သားအနေနဲ့ ကြီးပြင်းခဲ့ရတယ်။

mgyoe.com

ဆရာတော်ကြီးက အနေလည်း ကောင်း၊ စာလည်း တတ်တော့ တစ်နယ်လုံးက လေးစားကြတယ်။ တစ်ရွာလုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်ကြတယ်။ ဆရာတော်လောင်းလျာကို ဆရာတော်ကြီးကပဲ ကြပ်မတ်ပြီး သင်ကြားပေးတယ်။ အရင်ဘဝက ကြောက်လက်စနဲ့ ဒီဘဝမှာ ဘာမှမသိခင် ငယ်ငယ်လေးကတည်းက ဆရာတော်ကြီး တွေ့တာနဲ့ အော်ငိုပါသတဲ့။ ဆရာတော်ကြီးကလည်း တပည့်ဟောင်းမို့ အချစ်ပိုတယ်။ တပည့် လူဝင်စားလေးကို အဝတ်အစား ဆင်ပေးရုံသာမက ဆံရစ်ဝိုင်းလေးကိုပါ ကိုယ်တိုင်ရိတ်ပေးတော်မူတယ်။ စာတော်ပြီး သွက်လက်ချက်ချာတော့ ဆရာတော်ကြီးရဲ့ အပါးတော်မြဲ ပီအေဖြစ်သွားတယ်။ ဆရာတော်ကြီးက အရိပ်အကဲလည်း သိ၊ ဥပမိရုပ်လည်း ကောင်း၊ သတ္တိလည်း ရှိမှ အပါးတော်မြဲ ခန့်အပ်တယ်။

အတိတ်ဘဝက ပါလာတဲ့ ကမ္မသတ္တိတွေကြောင့်မို့ မေတ္တာသုတ်ကို သူ့ထက် သုံးနှစ်လောက် စီနီယာကျတဲ့ ကျောင်းသားတွေကို ကျော်ပြီး ဒိုးဒိုးဒေါက်ဒေါက် ဖတ်ပြနိုင်တယ်။ ဒါကြောင့်မို့ ဇာတ်ကြီးဆယ်ဘွဲ့မှာ အခက်ဆုံးဖြစ်တဲ့ ဝေဿန္တရာဇာတ်တော်ကြီးကို ကျောင်းသားလေးဘဝနဲ့ပဲ သင်ခွင့်ရသွားတယ်။ စီနီယာကျောင်းသားတွေ အနက်မထင် မြန်မာလို သဘောမပေါက်ဖြစ်နေတဲ့ "အာဂန္တွာ"ဆိုတဲ့ပုဒ်ကို မောင်ညိမ်းမောင်လေးက တစ်ခါမှ မတွေ့ဖူးဘဲ "အာဂန္တွာ-လာလတ်၍"လို့ ဝင်ထောက်လိုက်တော့ အားလုံး အံ့အားသင့်သွားကြတယ်။ နောက်ခံပါရမီက နှိုးဆော်လို့ဆိုပြီး ဆရာတော်က သုံးသပ်ထားတယ်။

ဆရာတော်ကြီးက "မင်း လိမ်လိမ်မာမာ နေတတ်ရမယ်၊ စာကြိုးစားရမယ်၊ ဒီနှစ်ချက်နဲ့ ပြည့်စုံရင် ငါချစ်ပြီလို့" ကလေးနားလည်အောင် ဆုံးမတော်မူတယ်။ မဟာဗောဓိမြိုင်ဆရာတော်က ငယ်ဆရာတော်ကြီးအကြောင်းကို ဖွင့်ထုတ်ကြည်ညိုပြထားတာကိုလည်း ကြည်ညိုကြည့်ပါဦး…၊

## ဣန္ဒြိယ သံဝရသီလနှင့် ပြည့်စုံသော ငါတို့ဆရာ

- ဆရာဘုန်းတော်ကြီး ဦးသုနန္ဒကား ပါတိမောက္ခသံဝရသီလ-ဝိနည်းတော်အပေါ်၌ စောင့်စည်းအား ကောင်းမွန်ခြင်း။
- ဣန္ဒြိယသံဝရသီလ-မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်တို့ကို စောင့်စည်းရာ၌ ကောင်းမွန်ခြင်း။
- အာဇီဝပါရိသုဒ္ဓိသီလ-အသက်မွေးဝမ်းကျောင်းမှုကို ဝိနည်းတော်နှင့် လျော်ညီစွာ စောင့်စည်းထိန်းသိမ်းရာ၌ ကောင်းမွန်ခြင်း။

mgyoe.com

mgyoe.com

- ပစ္စယသန္နိဿိတသီလ- ပစ္စည်းလေးပါးတို့ကို ဆိုင်ရာအချိန်ပိုင်း (ဝိနည်းတော်အဆုံးအဖြတ်) အတိုင်း သိမ်းဆည်းရာ၌ ကောင်းမွန်ခြင်း။

ဂုဏ်တို့နှင့် ပြည့်စုံတော်မူချေရကား မိမိနယ်တစ်ပိုင်မျှသာမက မြို့နယ်၊ ခရိုင်၊ တိုင်းများဖြစ်ကြသော ကန့်ဘလူ၊ ရွှေဘို၊ စစ်ကိုင်းသို့အထိ သတင်းကျော်ဇောပျံ့နှံ့တော်မူခဲ့ပါချေ၏။ နယ်၌လည်း မိမိထက် အကြီးအကဲ ဆရာတော်ကြီးများကပင် လေးစားတော်မူကြရ၏။ ဝိနည်းကံအရ အဆုံးအဖြတ်ပေါ်ခဲ့သော် ငါတို့ဆရာဘုန်းကြီးကိုသာ လွှဲအပ်တော်မူကြသည်ဆို၏။

ထိုသို့ ဣန္ဒြေစောင့်စည်းအား အထူးကောင်းမွန်တော်မူခဲ့သဖြင့် ငါတို့သည်ကား မော်မကြည့်ရဲလောက်အောင်ပင် ကြောက်ရွံ့ရိုသေခဲ့ကြရချေ၏။ ငါတို့ခေတ် ငါတို့မျက်နှာပေးမျိုးနှင့်ကား ဆီနှင့်ရေပမာ ကွာခြားလှဘိတောင်း။

ဆရာတော်ကြီး ဦးသုနန္ဒဟာ အသက်အရွယ်ကြီးလို့ ကိစ္စတွေကို လက်ထောက်ဦးဇင်းနဲ့ လွှဲထားပေမဲ့လို့ သိမ်သမုတ်ကိစ္စ၊ ရဟန်းခံကိစ္စတွေမှာတော့ ကိုယ်တိုင် ကြွရောက်ချီးမြှောက်တာကို နှောင်းခေတ်ရဟန်းတွေ အတုယူစရာ ကောင်းလှတယ်။

❑

mgyoe.com

mgyoe.com
SAMPLE BOOK


# ၅

မဟာဗောဓိမြိုင်ဆရာတော်က ဆရာဖြစ်သူ ဆရာတော်ကြီး ဦးသုနန္ဒရဲ့ ရုပ်ပုံကားချပ်ကို ပီပြင်အောင် ရေးဆွဲပြတော်မူတယ်။ ဆရာတော်ကြီးက မောင်ညိမ်းမောင်ကို စာကြိုးစားလို့ အရေးပေးပေမဲ့လို့ ပြုံးပြတာမျိုး၊ ရယ်ပြတာမျိုး၊ လူလူချင်းချင်း ဆက်ဆံသလို ဖက်လည်းတကင်း လုပ်တာမျိုး မရှိဘူး။ ကာယကံရှင် ရှေ့မှာ တော်ကြောင်းတောင် မပြောဘူး။ ဥပုသ်သည်တွေရှေ့မှာပဲ ချီးကျူးတယ်။ ဥပုသ်သည်တွေဆီကနေ ပြန်ကြားခွင့်ရလို့သာ မောင်ညိမ်းမောင် ပီတိဖြစ်ခွင့်ရတာ။ ဒါက ရှေးဆရာတော်ကြီးတွေရဲ့ ညှိမထားဘဲ ညီနေတဲ့အချက် ဖြစ်ပုံရတယ်။

ဆရာတော်ကြီးက အနေအထိုင်အကတော့ ပြောလောက်အောင် ကောင်းတယ်။ ဝိနည်းသိက္ခာနဲ့ ပတ်သက်လာရင် အသေးအမွှားကစ သတိလက်လွတ် မရှိသူ။ "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ–အဏုမြူလောက်သေးတဲ့ အပြစ်ကလေးကိုတောင် ဘေးလို့ ရှုတတ်တယ်" ဆိုတဲ့ ဘုရားဟောနဲ့အညီ နေတော်မူတယ်။ အဲသလို အကျင့်စရဏ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတော်မူလို့ လူတွေသာမက နတ်တွေရဲ့ အကြည်အညိုထိ ခံတော်မူရတယ်။

တစ်ခါက ချုံနွယ်တွေနဲ့ ပိတ်ပိတ်ဖုံးပြီး ပျောက်နေတဲ့ ကတုန်ပြန် (ခေါ်) တုန်ကန်စေတီကြီးဟာ နတ်တွေရဲ့ နှိုးဆော်ချက် ကမ္မဝိဒ္ဓိ (ကံကပေးတဲ့ တန်ခိုး) နဲ့ နှိုးဆော်လိုက်တဲ့အခါ ရောင်ခြည်တော်တွေ ကွန့်မြူးသွားတယ်။ ချုံမီးရိုက် ပိုက်ထောင်သမားတွေ မြင်သွားပြီး သတင်းကြီးသွားတယ်။ ဆရာတော်ကြီးနားအထိ ပေါက်သွားတယ်။ ဆရာတော်ကြီးက အဲဒီဘုရားကို ကြွသွားတယ်။ တစ်ညလုံး ဂုဏ်တော်နဲ့ မေတ္တာပွားပြီး သီတင်းသုံးတော်မူတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာပြည်မှာ ဘုရားရောင်ခြည်တော်လွှတ်တဲ့ သတင်းတွေ ကြားရတတ်တယ်။ ယုံသူတွေ အများကြီးရှိသလို မယုံသူတွေလည်း ရှိတယ်။ ယုံသူတွေနဲ့ တိုးမပေါက်သလို မယုံသူတွေကတော့ ခြေဦးတောင် မလှည့်ကြ။ စေတီတွေဆိုတာ ဗုဒ္ဓရှင်တော်မြတ်ကို ရည်စူးပြီး တည်ထားကြတဲ့ ဥဒ္ဒိဿစေတီတော်တွေပဲ။ အဲသလို ဥဒ္ဒိဿချင်း တူပါရဲ့နဲ့ ဘာဖြစ်လို့ တချို့စေတီတွေပဲ ရောင်ခြည်လွှတ်ရတာလဲ။ ဒီမေးခွန်းက စိစစ်တဲ့သူတွေရဲ့ ရင်ထဲမှာ ပြုတ်ကျတတ်တဲ့မေးခွန်း။ တော်ရုံနဲ့ ဒီမေးခွန်းမျိုးကို မဖြေနိုင်ဘူး။ စေတီတော်ချင်း တူပါရဲ့နဲ့ တချို့စေတီကျတော့ ရွှေတွေ ဖိတ်ဖိတ်တောက်နေပြီး ကိုးကွယ်သူတွေ ပေါများလှတယ်။ တချို့စေတီကျတော့ ကိုးကွယ်မယ့်သူ မရှိသလောက်ပဲ။ တွေ့ရင်ဖိနပ်ချွတ်သွားတာ လက်အုပ်ချီသွားတာ ရှိခိုးသွားတာကလွဲလို့ ဒီပြင် ပူဇော်မှုမျိုးတွေ မလုပ်ကြဘူး။ တစ်နေရာတည်းမှာ အတူတည်ထားတာတောင် ဘုန်းကံမတူဖြစ်နေတော့ မတွေးတတ်အောင် ဖြစ်ကြရတယ်။

မိမိတို့ ရွာကျောင်းမှာ ဘုရားသုံးဆူ ရှိတယ်။ မင်္ဂလာဘုရားကိုပဲ လူသိများတယ်။ ကျန်တဲ့ ဘုရားနှစ်ဆူကို ဘွဲ့တောင်မသိဘူး။ ဘုရားကို အကြောင်းပြုပြီး ကျောင်းကိုလည်း မင်္ဂလာကျောင်းလို့ ကင်းပွန်းတပ်ကြတယ်။ ပွဲလုပ်တော့လည်း မင်္ဂလာဘုရားပွဲ။ မင်္ဂလာဘုရားပွဲက အရမ်းစည်ကားတယ်။ နယ်ကျော်ပွဲလို့ ခေါ်ရမယ်။ ဒါတောင် အများကြိုက် ဇာတ်တွေ၊ အငြိမ့်တွေ ဆိုင်းတွေ မပါဘူး။ ဒီဘုရားပွဲ ရောက်လျှင် အခါမဲ့ မိုးရွာချတတ်တယ်။ ရွာပေမဲ့ပွဲပျက်လောက်အောင် မရွာဘူး။ ဖုန်သိမ့်အောင် အေးစိမ့်သွားအောင်ပဲ ရွာတာ။ ဒီတော့လူတွေရဲ့နှလုံးသားကို ပိုဆွဲငင်အား ကောင်းသွားတယ်။

ဒီစာအုပ်ဖတ်ရတော့မှ ဘုရားမွေတော်ဓာတ်တော် ရှိတာ မရှိတာကိုအကြောင်းပြုပြီး နတ်တွေ စောင့်ရှောက်တာ မစောင့်ရှောက်တာ ကွာခြားသွားလို့ဘုန်းတန်ခိုးလည်း ကွာသွားတယ်ဆိုတာ ကောက်ချက်ချလို့ရတယ်။ တစ်ခါတည်တဲ့ပုဂ္ဂိုလ်တွေရဲ့ သီလသမာဓိတွေကလည်း စေတီတွေအပေါ် အရိပ်ထိုးတာရှိပါတယ်။ နိုင်ငံရေးသမားတွေတည်တဲ့ ဘုရားဆိုရင် အဲဒီပုဂ္ဂိုလ်တွေ အာဏာရှိနေတုန်း စည်ကားတတ်ပေမယ့်လို့ သူတို့ အာဏာမဲ့သွားတဲ့အခါ မစည်ကားတတ်ပုံကို ဝန်ကြီးချုပ်ဦးဘဆွေ တည်တဲ့ သဃ်န်းကျွန်းက ရန်မျိုးအောင်ဘုရားနဲ့ ဗိုလ်ချုပ်ကြီးနေဝင်း တည်တဲ့ မဟာဝိဇယဘုရားကို သက်သေထားပြီး ဆရာတော်ကြီးက မှတ်ချက်ချထားတယ်။

mgyoe.com

mgyoe.com

စေတီတော်တွေကနေ ရောင်ခြည်တော်တွေ ကွန့်မြူးရတဲ့အကြောင်းကို ဆရာတော်ကြီးက ဖော်ထုတ်တော်မူထားတယ်။

ညအ၏ အမှောင်ရိုး ကြီးစိုးသည်နှင့် ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖူးတွေ့ရဆို၏။ ရောင်ခြည်တော်ဟူသည် နတ်တို့က ဤနေရာ ဘုရားဓာတ်တော်မွေတော်များ ရှိသည်ဟူ၍ လူတို့သိစေလိုသောကြောင့် ၎င်းတို့ ကမ္ဘဋိဒ္ဓိဖြင့် ပြသသည်လည်း ရှိ၏။ လူတို့၏ ဘုရားအပေါ် ကြည်ညိုသော သဒ္ဓါ ပသန္နစေတနာခေါ် စိတ်စေတနာကြည်လင်မှုကြောင့် ဓာတ်တော်များ၌ ကိန်းဝပ်နေသော ဘုရားရှင်၏တန်ခိုးတော် ဓမ္မသတ္တိများ မြူးကြွလာကာ ရောင်ခြည်တော် ကွန့်မြူးသည်လည်း ရှိ၏။ (စာ-၁၈)

နတ်တွေက ဘာဖြစ်လို့ နှိုးဆော်ရသလဲဆိုတာကိုလည်း တစ်ခါတည်း ရှင်းပြတော်မူတယ်။

ထိုတုန်ကန်ဘုရား၏ ပွင့်သင့်သောအချိန် ရောက်ရှိလာခြင်း၊ ၎င်းဘုရားကို မှီခိုလျက်က ဒါနနှင့်ထိုက်သူ ဒါနအမွေ၊ သီလနှင့်ထိုက်သူ သီလအမွေ နေက္ခမ္မနှင့်ထိုက်သူကို သိက္ခာသုံးဆင့် အကျင့်အမွေ လက်ရှမိမိ ရရှိစေလိုခြင်းများကြောင့်ပင် ဖြစ်ချေ၏။ ထိုအမွေများကို အဘယ်ကြောင့် ငါတို့ဆရာဘုန်းကြီးအား နှိုးဆော်၍ ပေးရလေသနည်း ထပ်ဆင့်မေးချေသော်ကား ငါတို့ဆရာဘုန်းကြီးသည် စရဏသီလ ဖြူစင်မြင့်မြတ်ခြင်း ဝုဏ်တော်၊ မေတ္တာနှစ်မျိုးတို့ကို ညဥ့်ဝယ် မပြတ် ပုတီးဖြင့် အထပ်ထပ် ပွားတော်မူခြင်း၊ တစ်နယ်လုံးက ကျောက်ထီးတန္တူ အလေးဂရုပြုရသော ရဟန်းရှင်တို့ လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူခြင်းဟူသော နာယကဂုဏ်နှင့် ပြည့်စုံသောကြောင့်ပင် ဖြစ်ပါချေ၏။ (စာ-၁၈/၁၉)

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၆

လူတွေမှာ အခက်ဆုံးလို့ ပြောရမယ့်အချက်တွေထဲမှာ ပါတဲ့အချက် နှစ်ချက်ရှိတယ်။ အဲဒါကတော့ ကိုယ့်အကြောင်းကိုသိဖို့၊ အဲလိုသိတဲ့အခါ ဆိုးတာကို ပြင်ပြီး ကောင်းတာကို တိုးပွားအောင် လုပ်ဖို့ပါပဲ။

တကယ်တော့ ကိုယ့်အကြောင်းကို သိဖို့က ခက်လွန်းလှတယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးဆင်ခြင်တဲ့ ပုဂ္ဂိုလ်က နဲလွန်းလှတယ်။ မဆင်ခြင်တော့ ကိုယ်လုပ်သမျှ အကောင်းချည်း ထင်နေကြတာ။ စကားဝိုင်းတစ်ဝိုင်းကို နားထောင်ကြည့်လိုက်ပါ။ သူများအပြစ်တွေကို အရသာခံပြောနေကြတာ များပါတယ်။ သူများအကြောင်း သူများမိသားစုအကြောင်း။ အဲဒီအပြစ်တွေ ကိုယ့်မှာ မရှိဘူးလားဆိုတော့ ပြည့်ရုံမကဘူး လျှံကျနေတယ်။ ကိုယ့်မိသားစုမှာ မရှိဘူးလားဆိုတော့ လျှံကျ အန်ထွက်နေတယ်။ ကိုယ့်မှာရှိရင် ဖုံးဖိထားတတ်တယ်။ ကိုယ့်မိသားစုမှာရှိရင် တိတ်တိတ်တစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး အများမသိအောင်၊ ပြန့်မသွားအောင် ဖုံးထားဖိထားတတ်ကြတယ်။ သူများမှာဖြစ်သွားရင် သူများမိသားစုမှာ ဖြစ်သွားရင် အများသိအောင် အများဆီ ပြန့်သွားအောင် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ဖွပေးဆွပေး လွှင့်ပေးတတ်တယ်။ သက်ရှိသတင်းစာ၊ ဂျာနယ်တွေ ဖြစ်မှန်းမသိ ဖြစ်နေကြတာကလား။

ကိုယ်နဲ့အလွမ်းသင့်နေသူ ကိုယ့်အပေါ် ကောင်းနေသူတွေရဲ့အပြစ်ကိုလည်း မမြင်တတ်သလို ဖုံးဖိပေးထားတတ်ကြတယ်။ ကိုယ်နဲ့မတည့်သူ ကိုယ့်မိသားစုနဲ့ မတည့်သူတွေရဲ့အပြစ်ကို ကောက်ရိုးပုံထဲက အပ်ရှာသလို ရှာပြီး

mgyoe.com

mgyoe.com
SAMPLE BOOK


ပိတ်သလေး ဘေးပစ်ပြောတတ်ကြတယ်။ သူ့အပြစ် ကိုယ့်ပြော၊ ကိုယ့်အပြစ် သူ့ပြောနဲ့ လည်နေတဲ့ လောကကြီးလို့ ဆိုရမလား မသိဘူး။

ကိုယ်လုပ်သမျှကိုတော့ ကောင်းလည်း ကောင်း၊ ဆိုးလည်း ကောင်း ထင်ကြတယ်။ ဒီထဲမှာ နိုင်ငံရေးသမားတွေ ပိုဆိုးတယ်။ ကိုယ်ခေါင်းဆောင်လုပ်မှ နိုင်ငံတိုးတက်မယ်။ ကိုယ့်ပါတီတက်လာမှ နိုင်ငံတိုးတက်မယ်လို့ ကြွေးကြော်ပြီး တခြားဘယ်သူတက်လာတက်လာ ရိုက်ချပုတ်ချ ပစ်လိုက်ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တက်လာသမျှ နိုင်ငံရေးပါတီတွေကို တုတ်ထိုးအိုးပေါက် ပြောတတ်ကြတဲ့ ကွန်မြူနစ်တွေ တောခိုသွားကြတယ်။ တောထဲမှာ သံသယတွေဝင်၊ အထင်တွေလွဲ၊ အမြင်တွေမှားပြီး ဖြုတ်ထုတ်သတ်လုပ်ရင်း သွေးချောင်းစီးသွားတယ်။ အမေ မရှိ၊ အဖေ မရှိ၊ ပိတုဃာတကကံတွေ ကျူးလွန်ကြပြီး နောက်ဆုံး သူတို့ခေါင်းဆောင်ကြီးပါ အသတ်ခံလိုက်ရတယ်။ ဒီတော့ သူတို့ တောခိုသွားတာ ဘာထူးလဲဆိုတော့ လက်အောက်ခံ ပြည်သူတွေ သေကြတယ်။ တိုက်ဖို့ စစ်လက်နက်တွေအတွက် နိုင်ငံတော်ဘဏ္ဍာတွေ ဆုံးရှုံးသွားတယ်။ တပ်ကြပ်ကြီးတစ်ယောက်ပြောတာကို ကြားဖူးတယ်။ သူပုန်တွေနဲ့ တိုက်တဲ့အခါ သုံးတဲ့ကျည်ဆံကို ရှုရှားကနေ တစ်ထောင့်ကို ဆန်သုံးတင်းပေးပြီး ဝယ်ရတာတဲ့။ ဘုရား… ဘုရား… နှစ်ပေါင်းများစွာ တိုက်ခိုက်ရတဲ့ ကနေ့ထိလည်း တိုက်နေရတဲ့ ပြည်တွင်းစစ်မီးကြီးလောင်နေတာ ပြည်သူတွေရဲ့ အသက်၊ ပြည်သူတွေရဲ့ ဥစ္စာဓနတွေ ဘယ်လောက်ထိ ဆုံးရှုံးနေဦးမလဲဆိုတာ မစဉ်းစားရဲစရာ။ ဒါတွေက ခေါင်းဆောင်တွေရဲ့ စဉ်းစားဆင်ခြင်မှု နဲ့ပါးတာကနေ၊ ကိုယ့်ကိုယ်ကိုယ် ငဲ့ပြီး ပြည်သူကို မငဲ့တာကနေ ဖြစ်လာရတာ။

မြန်မာပြည်ကို လွတ်လပ်ရေးရတဲ့အချိန်ကနေ ကနေ့အထိ အုပ်ချုပ်သွားတဲ့ ခေါင်းဆောင်ကြီးတွေ၊ ခေါင်းဆောင်အဖွဲ့ဝင်တွေ အများကြီးရှိတယ်။ တချို့က သူတို့ဘဝအကြောင်း စာရေးပြီး စာအုပ်ထုတ်ကြတယ်။ ကျုပ်တို့လုပ်တာ ဒါတော့ မှားသွားပြီလို့ ဝန်ခံတဲ့စာအုပ် မရှိသလောက်ပဲ။ သူတို့လုပ်သလောက် ကောင်းခဲ့တဲ့သဘောတွေကိုပဲ ဖော်ပြထားတယ်။ အဲ… ကောင်း မကောင်း ကတော့ မသိဘူး။ သယံဇာတ ပေါကြွယ်လှပါတယ်ဆိုတဲ့ မြန်မာပြည်ဟာ ဒီနေ့တော့ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံထဲ ရောက်သွားတယ်။ နိုင်ငံခြားကနေ လာသမျှ ခေါင်းဆောင်တွေကို လက်ဖြန့်တောင်းနေရတယ်။ ဗိုလ်ချုပ်အောင်ဆန်း ပြောတာ မှန်လိုက်တာ။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်ကိုယ်ကိုယ် မသိတာ မဆင်ခြင်တာ မပြင်တာတွေက အားနည်းချက်တွေပဲ။ အဲလိုအားနည်းချက်တွေ ပြည့်လျှံနေတဲ့ ခေါင်းဆောင်တွေ မြန်မာပြည်ကို အုပ်ချုပ်ခွင့်ရသွားတာ မြန်မာပြည် ကံဆိုးလှတယ်။ ကိုယ်ကလွဲရင် ဘယ်သူ့ကိုမှ အကောင်းမထင်တဲ့ ဥစ္ဆေဒဝါဒီ ကွန်မြူနစ်တွေ အုပ်ချုပ်ခွင့် ရမသွားတာကတော့ တော်သေးတယ်ပြောရမယ်။ ကွန်မြူနစ်တွေသာ အုပ်ချုပ်ခွင့်ရရင် ပြည်သူတွေ ရွှေတိဂုံဘုရားတောင် ဖူးခွင့်ရပါ့မလားလို့ စဉ်းစားစရာရှိတယ်။

ဒါကြောင့်မို့ ဓမ္မပဒမှာ "အပြစ်ကို ထောက်ပြဝေဖန်သူကို ရွှေအိုးကို လက်ညှိုးနဲ့ ထိုးပြသူ"လို့ သဘောထားဖို့ ဖော်ပြထားတယ်။ ကိုယ့်အပြစ်ကို မမြင်တတ်ကြတော့ ထောက်ပြမယ့်သူကို တန်ဖိုးထားရမယ်လို့ လမ်းညွှန်ထားတာ။ ကိုယ့်အပြစ်ကိုလည်း မမြင်၊ သူများထောက်ပြရင်လည်း လက်မခံနိုင်ရင်တော့ မှားပြီးရင်းမှားပြီး အမှားသံသရာထဲမှာလည်ရင်း ဆိုးကျိုးတွေ ခံစားကြရဦးမယ်။

မဟာဗောဓိမြိုင်ဆရာတော်ကြီးက သူ့အကြောင်းကို သိတယ်။ သူ့အကြောင်းကို ဆင်ခြင်တယ်။ သူ့ကိုယ်သူ ပြင်တယ်။ ဒါကြောင့်မို့လည်း အမှန်သိမြင် တရားရှင် ဖြစ်သွားတာပဲလို့ ကောက်ချက်ချမိတယ်။ အခက်ဆုံးကို လုပ်လို့ အမြတ်ဆုံးကို ရတာပဲလို့ စဉ်းစားမိတယ်။ ဆရာတော်ကြီးက သူ့စရိုက်လက္ခဏာကို ဟောသလို ဖွင့်ထုတ်တော်မူတယ်။

ငါတို့ သွားလမ်းတစ်လျှောက်ရှိ လှမ်းဖဝါး၏ ခြေရာသည် အသိပေးသင့်သော ထင်ကျန်မှုများဟူ၍ သဘောရသောကြောင့်ပင် ဖြစ်ချေ၏။

ငါတို့သည်ကား ဓာတ်လေးပါးတို့၏ အစုအဝေးဖြစ်သော်လည်း စင်စစ်လေဆောင်သော ဝါယောဓိကသမားများ ဖြစ်ချေရကား စိတ်မြန်၏။

အမြဲတမ်း အပူဓာတ်များချည်း ကိန်းနေသဖြင့် အအေးကို အလွန်နှစ်သက်၏။

အင်္ဂါသားဖြစ်သဖြင့်လည်း စိတ်ကြီး၏။ သို့သော် တေဇောဓိက ခေါမီးဓာတ်ကောင်းများ မဟုတ်လေသဖြင့် သူရသတ္တိကား တစ်ပြားသားမျှ မရှိတတ်ချေ။

ရန်စသူတွေ့က ဝိုရသည်ချည်း ဖြစ်ခဲ့ရ၏။ နှိမ့်ချစကားပြောလျှင် ဝမ်းနည်းတတ်၏။ မြှောက်ပင့်သော်ကား ဘယ်လောက်မြှောက်မြှောက် အားရသည် မရှိခဲ့ချေ။ စာပေပညာဘက် တော်သလောက် စိတ်ဓာတ်ခိုင်မာခြင်း၊ လုပ်ရဲသည် ခံရဲသည်ဟူသော သတ္တိသွေးထက်ခြင်းများ ငါတို့ထံ၌ လုံးဝမရှိခဲ့။ (စာ-၂၄)

mgyoe.com

mgyoe.com SAMPLE BOOK

သည်သမျှ မှတ်ဉာဏ်ကောင်းသော ငါတို့ကား သတ္တိအရာ၌ ကံခေလှချေ၏။ စိတ်ကြီးသလောက် အသည်းကြောင်၏။ အညာမိုးကဲ့သို့ အခြိမ်းသန်လျက် ရေကျနည်းလေ့ရှိတတ်၏။ ထိုစိတ်ကြီး အသည်းကြောင်မှ သီးပွင့်လာသောအရာကား စိတ်ကောက်တတ်ခြင်း၊ အငြိုးအတေး များလာတတ်ခြင်းပင်တည်း။ (စာ-၂၆)

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၇

မေတ္တာသုတ်ကို အခေါက်တွေ အများကြီး အကြိမ်ကြိမ် ရွတ်ခဲ့တယ်။ ဒီနေ့လည်း ရွတ်နေတယ်။ နောင်လည်း ရွတ်နေဦးမှာ သေချာတယ်။ ရွတ်တာက ပွားတဲ့ဘာဝနာကို မမီပေမယ့် နေ့စဉ်ရက်တိုင်း လုပ်နေတော့ ထုံလာတဲ့ သဘောတော့ ရှိတယ်။ တစ်ဖက်သားကို ချမ်းသာစေချင်တယ်။ ကိုယ့်ကြောင့် ထိခိုက်မယ့်အလုပ်မျိုးကို ရှောင်လာတတ်တယ်။ သူတစ်ပါးကောင်းကျိုးကို အနစ်နာခံလို့ ပေးချင်လာတယ်။ လုပ်ပေးတယ်။ ရောက်လေရာမှာ တစ်ဖက်သားတွေဆီကလည်း တုန့်ပြန်လာတာကို တွေ့ရတယ်။ ဒီတော့ ပိုယုံလာတယ်။ ပိုယုံလာတော့ ပိုလုပ်ဖြစ်တယ်။ ပိုလုပ်ဖြစ်တော့ ပိုအကျိုးပေးတယ်။

မေတ္တာသုတ်ကို ဒီလောက်ပဲ သဘောပေါက်တယ်။ ဒီထက်မပိုဘူး။ လေးလေးနက်နက်လည်း မတွေးမိဘူး။ မဟာဗောဓိမြိုင်ဆရာတော်ကြီး ရေးပြတော့မှ မေတ္တာသုတ်က ဝိပဿနာကမ္မဋ္ဌာန်းအထိ ပြဋ္ဌာန်းထားတယ်။ သတိကပ်ပြီး မှတ်နိုင်ရင် ရဟန္တာအထိ ဖြစ်နိုင်တယ်ဆိုတာ သိရတယ်။ တကယ်တော့လည်း မေတ္တာသုတ်ထဲမှာကို "န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ" ဆိုတဲ့အပိုဒ်နဲ့ နိဂုံးချုပ် အဆုံးသတ်ထားတယ်။ အဓိပ္ပာယ်ကတော့ အဓိဝမ်းခေါင်း မအောင်းရတော့ဘူးတဲ့။ အဲလိုပါပေမဲ့လို့ အဲဒီအပိုဒ်ကို အကြိမ်ကြိမ် ရွတ်နေပေမဲ့လို့ ဝိပဿနာနဲ့ဝေးတော့ မစဉ်းစားမိဘူး။ အများစုလည်း ဒီအတိုင်းပါပဲ။ ဘဝကောင်းစားရေးအတွက်ပဲ အသုံးချနေမိကြတာ။ ဘဝပျက်၊ ဘဝချုပ်သွားအောင် မစဉ်းစားမိဘူး။

ဒီနေရာမှာ မနုဿဗေဒပါမောက္ခ ဒေါက်တာစပီရို ပြောတာလေး သွားသတိရမိတယ်။ စပီရိုက မြန်မာပြည်မှာနေပြီး မြန်မာတွေကို လေ့လာသူတော့

mgyoe.com

mgyoe.com
SAMPLE BOOK


သနပြုတယ်။ ပြီးတာနဲ့ Buddhism and Society ဆိုတဲ့ စာအုပ်ပြုစုပြီး ဖြန့်ချိခဲ့တယ်။ ထေရဝါဒဗုဒ္ဓဝါဒအရ ကုသိုလ်ကံ အကုသိုလ်ကံတွေကို မဂ်နဲ့ဖြတ်ရင် ခန္ဓာငါးပါး ချုပ်ငြိမ်းပြီး အေးငြိမ်းတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ ဒါကြောင့်မို့ ဗုဒ္ဓဝါဒက ကံဖြတ်ဝါဒပဲ။ ဒါပေမဲ့လို့ ဒီနေ့ မြန်မာဗုဒ္ဓဘာသာဝင်အများစုက ကံကောင်းဝါဒကို ကျင့်သုံးနေကြတယ်။ ကံဖြတ်ပြီး နိဗ္ဗာန်ရောက်ဖို့ထက် ကံကောင်းပြီး စည်းစိမ်ဥစ္စာနဲ့ ကြွယ်ဝချမ်းသာဖို့ကိုပဲ ပိုအလိုရှိကြတယ်။ ပါးစပ်ကနေ နိဗ္ဗာန်ကို ဆုတောင်းနေကြပေမဲ့လို့လည်း နိဗ္ဗာန်ကို တကယ်လိုချင်သူရှားတယ်။ လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာတွေကိုပဲ လိုချင်ကြ တမ်းတကြတယ်။

ပါမောက္ခစပီရို ပြောတာ မှန်ပါတယ်။ လက်ရှိ မြန်မာပြည်က ဆင်းရဲဒုက္ခအတိပြီးနေတော့ ခန္ဓာငါးပါးဆင်းရဲထက် လက်ရှိဆင်းရဲကနေ ပိုလွတ်ချင်တယ်။ တရားရှုမှတ်မှ သိနိုင်တဲ့ လက္ခဏာရေးသုံးပါးကို လက်ရှိဆင်းရဲက ဖုံးလွှမ်းထားတယ်။ ဒီတော့ လက်ရှိဆင်းရဲက လွတ်မြောက်ရေးအတွက် အကူအညီရှာကြတယ်။ ဒီမှာတင် ပြည်သူတွေက ဘာသာရေးဘက် ဖိလုပ်ပြီး ပရိတ်သံ ပဋ္ဌာန်းသံ ကြေးစည်သံတွေနဲ့ ဝေစည်နေတယ်။ ဘုန်းကံကြီးဖို့၊ အလုပ်အကိုင်အဆင်ပြေဖို့၊ စီးပွားဥစ္စာ တိုးတက်ဖို့၊ ရာထူးတက်ဖို့၊ စာမေးပွဲမှာ ဂုဏ်ထူးတွေ တသီတတန်းကြီးထွက်ဖို့ စသဖြင့်··· မျက်မှောက်ကောင်းစားရေးကို ဦးစားပေးကြတယ်။ ဒါကြောင့်မို့ မေတ္တာသုတ်မှာ ဝိပဿနာပြဋ္ဌာန်းထားပေမဲ့လို့ အဲဒီအထိမရောက်တော့ဘူး။

မေတ္တာသုတ်က ရွတ်ဖတ်ရင် ကောင်းကျိုးအထွေထွေ ခွန်စေမြဲစေတယ်။ အေးချမ်းသာယာတယ်။ ဘေးရန်ကင်းတယ်။ ဒီသဘောလောက်ပဲ သဘောပေါက်ကြတယ်။ ရှုမှတ်ရင် နိဗ္ဗာန်အထိ လမ်းပေါက်ဆိုတာ သဘောပေါက်သူ၊ တွေးမိသူ၊ လက်တွေ့လုပ်ကိုင်နေသူ၊ အင်မတိ အင်မတန် ရှားပါလိမ့်မယ်။

မဟာဗောဓိမြိုင်ဆရာတော်ကြီးကတော့ ဆရာကောင်းတယ်လို့ ဆိုရမယ်။ တိဋ္ဌ စရံ နိသိန္နောဝ ကနေ ပုန ရေတိ အထိ ကျေညက်နေအောင် ခေါင်းထဲ၊ မိုက်ထဲ၊ နှလုံးသားထဲကအထိ ရောက်အောင် ကျက်ခိုင်းတယ်။ "အေး··· အလွန်ကောင်းတဲ့ အဓိပ္ပာယ်ကွာ။ ရှေ့မတက်နဲ့ဦး ဒါပဲ ဆက်ကျက်ဟေ့" နောက်တစ်ရက် ရောက်တဲ့အခါ "ဒါ··· ရဟန်းတစ်ပါး တကယ်လုပ်ရမယ့်ကိစ္စပဲကွာ၊ ရှေ့မတက်နဲ့ဦး ဒါကို မိမိရရ ဆက်ကျက်ထားဦး" ဆိုပြီး နှိုးဆော်ပေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တတိယရက် ရောက်တဲ့အခါကျတော့ "ရဟန်းဆိုတာ တစ်ဘဝစံ တစ်လမ်းသွားမျိုးကွာ။ လူတွေလို အထက်တက်လိုက် အောက်ဆင်းလိုက်မျိုး မဖြစ်ရဘူး။ နိဗ္ဗာန်တစ်လမ်းတည်း တန်းတန်းသွားရတယ်။ လူတွေလို တစ်ဘဝ မှတစ်ဘဝ မရွေ့ပြောင်းနေရဘူး။ သည်တစ်ဘဝတည်းနဲ့ ကိစ္စပြီးအောင် ဘုရားစကား နားထောင် ဆောင်ရွက်ရတယ်။ မင်း… အဲဒီဂါထာပါ အဓိပ္ပာယ်အတိုင်း လေ့ကျင့် တတ်ဖို့ ကြိုးစား" (စာ-၂၇) ဆိုပြီး လမ်းညွှန်တော်မူတယ်။

မဟာဗောဓိမြိုင်ဆရာတော်က ကိုယ်တိုင် သုံးရက်အထိ ကျေညက်နေ အောင် ကျက်ခဲ့ရ၊ ထုံမွှမ်းခဲ့ရတဲ့ အပိုဒ်တွေကို ဝိပဿနာဘာဝနာရောက်အောင် မြန်မာပြန်ထားတာကိုလည်း ရင်ထဲမှာ စွဲနစ်အောင် မှတ်ထားစေချင်တယ်။

တိဋ္ဌံ စရံ နိသိန္နောဝ၊ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။

ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရမိဓ မာဟု။

ရပ်လျက်နေနေ၊ သွားလျက်ပဲဖြစ်ဖြစ်၊ လဲလျောင်းလျက်ပဲဖြစ်ဖြစ်၊ အိပ် ပျော်ငိုက်မြည်းခြင်း အထူးကင်းစင်သော ရှုမှတ်မှုသတိမျိုးကို တည်ဆောက်ရ မည်။

ဤသို့ ဣရိယာပုထ်လေးပါး အကြားအလပ်မရှိ တစ်စပ်ထည်းတည်း သတိကို တည်ထောင်လျက်က နေနိုင်ခြင်းသည် ရှုံးကြွေးမထပ် အမြတ်ပေါ်သော နေနည်းတည်း။

ဒိဋ္ဌိဥ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။

ကာမေသု ဝိနယ ဂေဓံ၊ န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ။

အဘယ်ကြောင့်ဆိုသော် ထိုသို့သတိမပြတ်စပ်နေသောသူ၌ ငါဆိုသော ဒိဋ္ဌိ မကပ်သားခြင်း၊ ကိုယ်အကျင့်စင်ကြယ်ခြင်း၊ စိတ်အမြင် မှန်ကန်ခြင်း၊ ကြိုက်စိတ်ကြိုက်စွဲမကပ်သာခြင်း၊ အမိဝမ်းခေါင်းအောင်းမျိုး မဖြစ်ရတော့ခြင်း များကြောင့်ပင်တည်း။ (စာ-၂၇)

❑

mgyoe.com

mgyoe.com
SAMPLE BOOK


## ၈

ဝေဘူဆရာတော်ကြီးရဲ့ ပဋိပတ္တိဂုဏ်သတင်းက ဒီနေ့အထိ မွှေးမြမြ သင်းနေတယ်။ အဘိဉာဏ်ရ ရဟန္တာမထေရ်ကြီးလို့ သတ်မှတ်ထားကြတယ်။ မိမိတို့ငယ်တုန်းက အခု ပုဂံကျွန်စစ်သား ဥမင်ကျောင်း ဆရာတော်ဦးဝိမလနဲ့ အတူ ကျောက်ဆည်ဝေဘူကို ရောက်ဖူးတယ်။ ကိုယ်ကတော့ ဘာမှ ဟုတ်တိ ပတ်တိ နားမလည်သေးဘူး။ ဘုန်းကြီးဦးဝိမလကတော့ တရားသမား။ ဝေဘူ ဆရာတော် သက်ရှိထင်ရှားရှိတုန်းက ညညဆို ဒီဝေဘူတောင်ပေါ်က ဘုရား တွေကို ဈာန်ပျံပြီးဖူးတယ်။ အဲလို တစ်ဆူပြီးတစ်ဆူ ဖူးနေတာကို ခန္ဓာကိုယ် တစ်ခုလုံး ဝင်းလက်နေလို့ ကျောက်ဆည်တစ်ဝိုက်က လူတွေ ဖူးခွင့်ရပြီး ကြည်ညို မဝဖြစ်ကြရတယ်လို့ အင်မတန် အားကျတဲ့အသံနဲ့ ပြောပြတာကို ဒီနေ့အထိ စွဲငြိမှတ်မိနေတယ်။ ဝေဘူဆရာတော် သက်ရှိထင်ရှားရှိတုန်းကဆို ဆရာတော် ကြီးရဲ့ ဂုဏ်သတင်းက ဘယ်လောက်ထိ ကျော်နေမယ်ဆိုတာ ခန့်မှန်းကြည့်နိုင် တယ်။ ဘယ်လောက်ကျော်ကျော် ဘယ်လောက်တော်တော် အဲဒီကျော်တာ တော် တာကို မိမိကိုယ်တိုင် နားလည်ခံစားနိုင်စွမ်းရှိမှ တန်ဖိုးသိတာ။ ထိုက်တန်တာ။ ဘုရားပွင့်ပေမဲ့လို့ အကုသိုလ်ကံကြီးသူတွေက ဖူးခွင့်မရဘူး။ အနားရောက်ပေမဲ့လို့ ဖူးခွင့်မရဘူး။ ရန်သူအဖြစ် သတ်မှတ်သူတွေလည်း မနဲလှဘူး။ စားဖွယ်တွေ ဘယ်လောက်ကောင်းကောင်း လျှာမရှိရင်၊ လျှာမကောင်းရင် အရသာ မခံစားနိုင်ဘူး။ ဒီလိုပဲ ဝေဘူဆရာတော်ကြီး ဘယ်လောက်ပဲ ကြည်ညိုဖွယ်ကောင်းနေနေ မဖူး ထိုက်လို့ ဖူးချင်လောက်တဲ့ အသိဉာဏ်မရှိလို့ မဖူးရတဲ့သူတွေ အဲဒီနားဝန်းကျင်မှာ ဘယ်လောက်များမယ် မသိဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

မဟာဗောဓိမြိုင်ဆရာတော်ကြီး (၁၃) နှစ်သားအရွယ်မှာ ဝေဘူဆရာတော်ကြီးရဲ့ ဂုဏ်သတင်းတွေက သူ့နားထဲ စိမ့်ဝင်လာတယ်။

ဝေဘူတောင်မှာ ကျင့်နေတာ တင်ပါး ခြတောင်စားသတဲ့။

သူ့လက်တော်မှာ စပါးကြီးမြွေမျိုးနေတာတောင် မလှုပ်မယှက်တဲ့။ (စာ-၂၈)

ဒီသတင်းတွေက (၁၃) နှစ်သား မောင်ကျောင်းသားရဲ့ ပါရမီကို လှုပ်ခတ်ပေးလိုက်သလို ဖြစ်သွားတယ်။ ပါရမီရှိလို့သာ နိုးကြားသွားတာ။ ဒီသတင်းက တစ်နယ်လုံးကျော်နေမှာပဲ။ အများစု ကြားကြမှာပဲ။ ဒါပေမဲ့လို့ အဲလိုပါရမီလှုပ်ခတ်သူ ဘယ်နှစ်ဦးရှိမှာလဲ။

ငါတို့စိတ် မခံနိုင်ပြီ။ "ငါလည်းပဲ သူတို့လိုကျင့် သူတို့လိုပင် ရမှာပဲ"ဟူသော အားကျမခံစိတ် ဖျော်လင့်တမ်းတစိတ်များ တဖွားဖွား ပေါ်လာချေတော့၏။ (စာ-၂၈)

ဒါနဲ့ ဥပုသ်သည်တွေနဲ့အတူ သိမ်ထဲမှာ တရားမှတ်တယ်။ မှတ်နည်းကို လူကြီးတွေကို မေးတယ်။ စာမကျက်ရတဲ့ ဥပုသ်နေ့တွေမှာဆို တစ်ယောက်တည်းတောထဲ သွားမှတ်တယ်။ ညညဆို ကျောင်းသားတွေနဲ့အတူ ရောမအိပ်တော့ပဲ ကျောင်းကြီးအောက်မှာ တရားမှတ်ရင်း အိပ်တယ်။ ကြာတော့ ဆရာဘုန်းကြီးက သတိပေးရတဲ့အထိ ရောက်သွားတယ်။

ဒီလို ပါရမီဓာတ်ခံရှိလို့ အခုအခါမှာ မဟာဗောဓိမြိုင်ဆရာတော် ဖြစ်လာတာပဲ။ အဲဒီအရွယ်နဲ့ အဲလိုတရားရှုမှတ်ချင်စိတ်ပေါ်သူ၊ တရားရှုမှတ်သူ အရေအတွက်က ကမ္ဘာ့လူဦးရေအတိုင်းအတာနဲ့ တွက်ရင်တောင် ဘယ်နှစ်ဦးရှိမှာလဲ။ သူများခိုင်းလို့ လုပ်ရတာမဟုတ်ဘဲ ပါရမီဓာတ်ခံက နှိုးဆော်လို့ နိုးကြွလာပြီး တရားမှတ်နေသူ ဘယ်နှစ်ဦးရှိမှာလဲ။

အဲလို ကိုယ့်သဘောနဲ့ကို ရှုမှတ်ခဲ့ပေမဲ့လို့ ဘာဖြစ်လို့ တရားမသိခဲ့တာဆိုတာကိုလည်း ဆရာတော်ကြီးက သူ့ကိုယ်သူ အားမနာတမ်း စစ်တမ်းထုတ်ထားတယ်။

ထိုစဉ်ကာလရှိ ငါတို့အာရုံယူစိတ်ထားကား သံသရာကြောက်သဖြင့် လွတ်မြောက်ရန် ရည်မှန်းရင်း အလျဉ်းမပါပြီ။ နိဗ္ဗာန်ဉာဏ်-ဘဝအပေါ် ငြီးငွေ့မှု သရုပ်သကန်လည်း အမှန်မရှိခဲ့။ (စာ-၂၈)

ငါတို့၏ တစ်ခုတည်းသော ဆန္ဒမှာ "ဝေဘူလို ငါကျင့်ချင်သည်"

mgyoe.com

mgyoe.com SAMPLE BOOK

ဟူသော ဆန္ဒတစ်ခုမျှသာ။ လူပြောများသည်ကို သဘောကျသော ချီးမွမ်းခံလိုသည့် ရာဂကြီးသမား၏ အမူအကျင့်တစ်ခုမျှသာ။ (စာ-၂၉)

ဘာဖြစ်လို့ အဲလိုတရားကျင့်ချင်စိတ် ပေါက်ရတယ်၊ ဘာဖြစ်လို့ တရားမှတ်ဖြစ်တယ်ဆိုတဲ့ အမေးကိုလည်း အခုလိုအဖြေထုတ်ထားတယ်။

စင်စစ် ထိုအမူအကျင့်မျိုးများသည် အတိတ်စရဏမှ ထကြွလှုံ့ဆော်လာသော စရဏလက်ငုတ်သာ ဖြစ်တန်ရာ၏။ ဝက်သားစားဖူးသူ ဝက်သားဟင်းအကြောင်း တစ်စေ့တစ်စောင်း နားထောင်မိရင်းကပင် ခံတွင်းချဉ်ကာ ပါးစပ်ပြင်မိခြင်းပမာသာ ဖြစ်တန်ရာ၏။ (စာ-၂၉)

စရဏနဲ့ ဝိဇ္ဇာကိုလည်း အခုလို စနစ်တကျ ဆစ်ပိုင်းပြတော်မူတယ်။

စရဏကား ကျင့်ဆောင်ခြင်းကို တာဝန်ခံရ၏။ ဝိဇ္ဇာကား သိမြင်ခြင်းကို ဝန်ခံရ၏။ စရဏသန်ပြီး ဝိဇ္ဇာဉာဏ်မပွင့်သော် ကျင့်၏မသိပြီ။ ငါတို့ကျင့်ခဲ့ဖူးဟန်ရှိ၏။ အတိတ်၏ နီးသောအကြောင်းခံဖြစ်သောကြောင့် ဤသက်ငယ်ကာလမျိုး၌ လာရောက်၍ အညွန့်တက်နေခြင်းဟု ထင်မိ၏။ (စာ-၂၉)။

မအေကြီးရဲ့ တရားအနံ့အသက် ကူးစက်တယ်လို့လည်း ပြောလို့ရမယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ လူဆိုတာ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးတာ ခံရတတ်တယ်။ အထူးသဖြင့် ငယ်တဲ့အချိန်မှာ နုနယ်သေးတော့ ကူးစက်တာ ပိုမြန်တယ်။ ပတ်ဝန်းကျင်ရောင် ပိုစွဲတယ်။

မယ်တော်ကြီးက ဆရာလမ်းညွှန်မှုနဲ့ တရားအားထုတ်နေတယ်။ အားထုတ်မှုက အဆင့်မသေးလှဘူး။ သမာဓိစခန်းကနေ ပညာစခန်းကို ကူးဝင်ဆဲဆဲဖြစ်နေတယ်။ မယ်တော်ကြီး တရားတက်နေချိန်မှာ အိမ်အလုပ်လုပ်မယ့်သူ လိုနေတယ်။ ဒီမှာတင် ဆရာတော်လောင်းလျာ မောင်ကျောင်းသားဟာ ဆရာတော်ကြီး အမိန့်နဲ့ ဘုန်းကြီးကျောင်းကနေ ထွက်ခွာပြီး အိမ်အလုပ်ကူခဲ့ရတယ်။ မအေ့ပါရမီ တစ်ချိဖြည့်ခဲ့ရတယ်လို့ ဆရာတော်က မှတ်တမ်းတင်ထားတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၉

မဟာဗောဓိမြိုင်ဆရာတော်ကြီးဟာ (၁၄) နှစ်သားအရွယ်မှာ သာမဏေပြုပြီး သာသနာ့ဘောင် ဝင်ခဲ့တယ်။ မြန်မာလူမျိုးတွေက သားယောကျ်ားလေးမွေးလာတာနဲ့ ''ဗေထိ''ဆိုတဲ့ ဆိုင်းသံဗုံသံကြီး နားထဲ ပဲ့တင်သွားကြတယ်လို့ ဖခင်တစ်ယောက်က ပြောပြဖူးတယ်။ သားလေးကြီးရင် ရှင်ပြုပေးမယ်ဆိုတဲ့ ရည်မှန်းချက်က သားလေးကို မျက်နှာမြင်လိုက်တာနဲ့ နှလုံးသားထဲကို အလိုလို စိမ့်ဝင်လာတာ။ ရှင်ပြုမပေးရသေးဘူးဆိုရင် တာဝန်မကျေသေးဘူးလို့ ခံစားကြရတယ်။ ဒါကြောင့် ကိုယ့်သားကို တတ်နိုင်သလောက် ရှင်ပြုပေးဖို့ ကြိုးစားကြတယ်။ မြန်မာပြည်မှာလည်း အညာပိုင်းက ရှင်ပြုအလှူကြီးပေးတဲ့ဓလေ့ပိုထွန်းကားတယ်။ အညာရှင်ပြုအလှူဆိုတာလည်း တော်ရုံတတ်နိုင်ရုံနဲ့ မလုပ်နိုင်ဘူး။ ခုခေတ်ဆို သိန်း (၁၅၀) (၂၀၀) လောက် ကုန်မယ်ထင်တယ်။ ချဲ့ရင် ချဲ့သလောက် ကုန်တာကိုး။ အညာသူ အညာသားတွေကလည်း ကျန်တဲ့နေရာမှာ ချွေတာရင် ချွေတာမယ်။ အလှူပေးပြီဆိုတာနဲ့ အိတ်သွန် ဖာမှောက် လုပ်တတ်ကြတယ်။ ဉာဏ်နဲ့သူတွေကတော့ အကြွေးတင် မွဲပြာကျသွားသည်အထိ လုပ်တတ်ကြတယ်။ အလှူကြီးပေးဖို့အတွက် နှစ်ရှည်လများ စုဆောင်းထားပြီး အလှူပေးတာနဲ့ အဲဒီစုဆောင်းထားသမျှကို ပုံသွန်ပစ်လိုက်ကျတယ်။

ရှင်ပြုပွဲလုပ်တဲ့အခါ အိမ်ဝင်းထဲမှာ မဏ္ဍာပ်ကြီးကို ဟိန်းနေအောင် ဆောက်ပြီး လာသမျှ လူတွေနဲ့ တစ်ရွာလုံးက ရွာသူရွာသားတွေကို အားပါးတရ ကျွေးပြီး ထမင်းရည်ချောင်းစီး မောင်းတီးလှူတဲ့ ပင်မအလှူဒါယကာရယ်၊ လက်ဆွယ်

mgyoe.com

mgyoe.com SAMPLE BOOK

အလှူ့ဒကာရယ်ဆိုပြီး နှစ်မျိုးရှိတယ်။ လက်ဆွယ်ကတော့ အလှူမကြီးထဲကို သတ်မှတ်ထားတဲ့ ငွေကြေးထည့်ပြီး ဧည့်ပရိသတ်ကိုလည်း နိုင်သလောက်ဖိတ်ပြီး တပိုင်တနိုင်လုပ်တဲ့ အလှူရှင်ကို ခေါ်တယ်။ လက်ဆွယ်များရင် များသလောက် အလှူမကြီးအတွက် ကာမိသွားတယ်။ လက်ဆွယ်လည်း အားကောင်းတယ်။ မိတ်ဆွေအပေါင်းအသင်းလည်း အားကောင်းတယ်။ ဆွေမျိုးသားချင်းတွေကလည်း စီးပွားရေး တောင့်တင်းတယ်ဆိုရင် ရတဲ့အလှူငွေက အလှူမှာ ကုန်သွားတဲ့ငွေကို ထေမိတဲ့အပြင် တချို့ဆို မြတ်တောင်မြတ်ပါသတဲ့။ အဲလိုအမြတ်ကိုကြည့်ပြီး တချို့အလှူ့ဒကာတွေဟာ တကယ်တမ်း လုပ်ကြည့်တဲ့အခါ မမြတ်ဘဲ ရှုံးကြွေးတင်သွားလို့ အမျှဝေတဲ့အခါ အမျှအမျှလို့ ဆိုရမယ့်အစား "ကယ်တော်မူကြပါဦး ခင်ဗျား" လို့ အလန့်တကြား ထအော်လိုက်တဲ့ဖြစ်ရပ်တွေလည်း ရှိတယ်လို့ ကြားဖူးတယ်။ စိတ်ပျက်စရာကောင်းလိုက်တာ…

အလှူအတွက် နှစ်တွေနဲ့ချီပြီး ပြင်ကြရတာ။ ကာယကံရှင်တွေက အဲဒီအတွက် ဘယ်လောက်ပဲ ကိုယ်ပန်းစိတ်ပန်းရှိပါစေ မငြီးမညူပဲ ပျော်နေကြတယ်။ အလှူပေးမယ့်နှစ်မှာလည်း အလှူနဲ့ပတ်သက်ပြီး အကြံဉာဏ်ယူဖို့ အတွေ့အကြုံရှိသူတွေကို ဖိတ်ပြီး ဆွေးနွေးကြတယ်။ အလှူလုပ်ဖူးသူတွေက သူတို့ အတွေ့အကြုံတွေကို အောက်ခြေသိမ်းကနေ မဏ္ဍပ်ဖျက်တဲ့အချိန်ထိ ပြောပြကြတယ်။ ရှောင်သင့်တာ ရှောင်ဖို့ လုပ်သင့်တာလုပ်ဖို့ မျိုးစုံအကြံပေးကြတယ်။ အဲလိုအကြံပေးကြလို့လည်း အလှူလုပ်တဲ့အခါ အားနည်းမှုတွေ မရှိသလောက်ဖြစ်သွားတယ်။ စည်းလုံးမှုလည်း ပိုရသွားတယ်။ အလှူ့ဒကာ အလှူ့အမတွေလည်း အလွန်စန်းပွင့်မျက်နှာရတဲ့ အချိန်ပေါ့။ ဒါကြောင့်မို့လည်း ချွေးတွေနဲ့ သွန်ပြီး ရထားတဲ့ပစ္စည်းတွေကို စွန့်လွှတ်နိုင်ကြတာပဲ။

မဏ္ဍပ်ဆိုလည်း ဘယ်မဏ္ဍပ်က ကောင်းတယ်၊ ဆိုင်းဆိုလည်း ဘယ်ဆိုင်းက ကောင်းတယ်။ ဘိတ်သိက်ဆိုလည်း ဘယ်ဘိတ်သိက်ဆရာနဲ့ သင့်တော်တယ်၊ အငြိမ့်ငှားမယ် ဇာတ်ငှားမယ်ဆိုရင် ကိုယ့်ငွေနဲ့ နိုင်တဲ့ အငြိမ့်တွေ၊ ဇာတ်တွေကို ငှားနိုင်အောင် အကြံပေးကြတယ်။ ပရိက္ခရာကို ဘယ်လိုဝယ်မယ်၊ ပရိသတ်ကို ဘယ်လိုကျွေးမယ်၊ ဘယ်ဟင်းနဲ့ ကျွေးမယ်၊ သံဃာတွေကို ဘယ်လိုဆွမ်းကပ်မယ် စသဖြင့် စီမံကြတယ်။ နီးစပ်ရာ တစ်ရွာလုံး တစ်ရပ်လုံးက ဦးနိုင်ဦး၊ ပွဲနိုင်ပွဲ ထမ်းဆောင်နေကြတာ ပျော်စရာကြီးပဲ။ အခုခေတ်ဆို အရက်ကြိုက်သူတွေက ကော့နေအောင် လုပ်အားပေးပြီး မထနိုင်အောင် သောက်ကြတယ်။ အလှူဝစ်လှူ တစ်လှူမှာဆို အရက်ဖိုးကတင် ဘယ်နဲ့မလဲ။ အဲ…

mgyoe.com

mgoe.com SAMPLE BOOK

ဆရာတော်ကြီးကို ရှင်ပြုပေးတဲ့ခေတ်ကတော့ အဲလို သုရာမေရယတွေ အားမပေးသေးဘူး။ အခုခေတ်ကတော့ အရက်က ဦးစားပေးကဏ္ဍထဲမှာ ပါနေတယ်။

အလှူမတိုင်ခင် မဏ္ဍပ်ဆောက်ကတည်းက လူတစ်ရာလောက်ကို နေ့တိုင်း ကျွေးမွေးဧည့်ခံတယ်။ ရိက္ခာတွေကို အလှူလုပ်ဖူးသူတွေရဲ့ အကြံပေးချက်အရ ကြိုတင်ပြီး ပြည့်ပြည့်စုံစုံ စီမံထားတော့ အလှူပြီးတဲ့အခါ မလောက်မငှ ဖြစ်တယ်ဆိုတာ မရှိသလောက်ပဲ။ ပင့်သံဃာကိုလည်း သတ်မှတ်မထားဘူး။ အကြောင်းအားလျော်စွာ ကြွရောက်လာတဲ့ သံဃာတွေကိုလည်း ပင့်လိုက်တာပါပဲ။ အလှူအဝင်နေ့ညမှာ ဆိုင်းပါရင် ဆိုင်း၊ အငြိမ့်ထည့်ရင် အငြိမ့်၊ ဇာတ်ထည့်ရင် ဇာတ်က ဧည့်ခံဖျော်ဖြေတယ်။ မနက်မိုးလင်းတာနဲ့ အလှူပွဲလှည့်လည်ဖို့ ပြင်ဆင်ကြတယ်။ ဆိုင်းကလည်း ဧည့်သည်တွေကို စပြီး ဖျော်ဖြေနေပြီ။ ရပ်ရွာထဲရှိ သာသနာ့ဒါယကာ ဒါယိကာမကြီးတွေက တံခွန်ကုက္ကားကိုင် ဘုရားပန်းအိုးရွက်၊ အလှူ့ဒါကာ အလှူ့မတွေက သပိတ်လွယ် သင်္ကန်းဗန်းရွက်၊ ရှင်လောင်းတွေက ထမ်းစင်စီး၊ နားသတွေက လှည်းယာဉ်စီးပြီး ရွာဦးကျောင်းကို ဦးတည်ပြီး တစ်ရွာလုံး ရှင်လောင်းပွဲ လှည့်တာက မြန်မာလူမျိုး ဗုဒ္ဓဘာသာတွေအတွက် တိုင်းတာလို့ မရလောက်အောင် ကြည်နူးစရာကောင်းလှတယ်။ သူတို့အတွက်တော့ ဘာနဲ့မှ အစားထိုးနိုင်မယ် မထင်ဘူး။ ဒီအခန်း ဒီအချိန်က အလှူကြီးတစ်ခုလုံးရဲ့ ဗဟိုချက်မလို့ ပြောရမယ်။ အလှူရှင်တွေရဲ့အသက်လို့ ပြောနိုင်တယ်။

အဲဒီမနက်ခင်းမှာ အရပ်လေးမျက်နှာက လာလာသမျှ ဧည့်သည်တွေကို အရောင်မရွေး၊ အရွယ်မရွေး၊ အဆင့်မရွေး ထမင်းရည်ချောင်းစီး ဧည့်ခံကျွေးမွေးကြတယ်။ အဲဒီအချိန်မှာ ဆန်ကုန်ချင်သလောက် ကုန်ပါစေ… ဆီကုန်ချင်သလောက် ကုန်ပါစေ… ကုန်လေ သဘောကျလေ ကြည်နူးလေပဲ။ ပရိသတ်နဲ့နဲ့ ဆီနဲ့နဲ့ ဆန်နဲ့နဲ့ ဖြစ်မှာကို စိုးရိမ်နေကြတယ်။ အလှူ့ဒကာ အလှူ့အမများ ခင်ဗျာ… ဆန်အတင်းအစိတ်တော့ ကုန်သွားပြီ ဆီဘယ်နှပုံး ကုန်သွားပြီလို့ ပြောလာရင် ဝမ်းသာနေကြတယ်။ ကြည်နူးနေကြတယ်။ တောသူတောင်သားတွေအတွက် ဒီအလှူ့သည်ပင် ဘဝ၊ ဘဝသည်ပင် ဒီအလှူဆိုတော့ သူတို့အသိဉာဏ် သူတို့ ပတ်ဝန်းကျင်နဲ့တော့ ဟပ်နေတာပဲ။ အဲလို ထမင်းရည်ချောင်းစီး အလှူပေးနေကြပေမဲ့လို့ ကျေးရွာမူလတန်းကျောင်းက ခေါင်မိုးသွပ်မိုးယိုနေတာ၊ ခုံတွေပျက်နေတာ၊ အကာမလုံတာတွေကို ပြုပြင်ဖို့အတွက် အလှူငွေထည့်ဖို့ ငွေတစ်ရာကျပ်လောက်တောင် ဝန်လေးနေကြပြန်တယ်။ အပြစ်တင်နေမယ့်အစား အသိဉာဏ်

mgoe.com

mgyoe.com

ဗဟုသုတတွေ တိုးတက်လာအောင်ပဲ ဘက်ပေါင်းစုံကနေ လုပ်ပေးဖို့ လိုမယ် ထင်ပါတယ်။ အဲဒါဆို ဉာဏ်ရှိတဲ့ အလျှော့၊ ဘဝတိုးတက်ရေး အလျှော့တွေဘက်ကို ဦးတည်သွားနိုင်စရာရှိတယ်။

မဟာဗောဓိမြိုင်ဆရာတော်ကြီးရဲ့ ရှင်ပြုပွဲကိုလည်း အရပ်ထုံးစံအတိုင်း မဏ္ဍပ်ကြီး ဟိန်းနေအောင်ထိုးပြီး ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့တယ်။ အလှူကို ရည်မှန်းပြီး စိုက်ပျိုးခဲ့တဲ့ လယ်တွေကလည်း နှစ်တိုင်းထက် ပိုဖြစ်ထွန်းပြီး ရိတ်သိမ်းတဲ့အခါ စပါးတင်းပေါင်း ငါးရာကျော် ထွက်ပါသတဲ့။ ဒီလိုထွက်နှုန်းမျိုး တစ်ခါမှ မထွက်ဖူးဘူးလို့ ဆရာတော်က မှတ်တမ်းတင်ထားတယ်။ မယ်တော်ကြီးဟာ ဆွေမျိုးတွေအလယ်မှာ ဟိုကဖြင့် အလှူ့အမကြီး၊ ဒီကဖြင့် အလှူ့အမကြီးလို့ ခေါ်ခေါ်ပြီး မျက်နှာလန်းလို့ စန်းပွင့်ခဲ့ရတယ်လို့ ဆရာတော်က မုဒိတာတွေ သွန်းလောင်းပေးထားတယ်။

ဆရာတော်က ရှင်ပြုရလို့ သူ့ခံစားချက်ကို တစ်သက်နဲ့တစ်ကိုယ် အပျော်ဆုံးနေ့လို့ အခုလို မှတ်တမ်းတင်ထားတယ်။

အများက အပျော်ဆုံးနေ့ သတ်မှတ်ရာ၌ မိန်းမရသော နေ့၊ ထောင်က ထွက်သော နေ့၊ ရှင်လိုင်ပြန်သော နေ့ဟူ၍ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ချေရာ ငါတို့ကား ပြောင်းပြန်သမားဖြစ်ခဲ့ချေရာ ရှင်လိုင်ပြန်သော နေ့အစား ရှင်လိုင်ယူသော နေ့ဟူ၍ ပြင်ဆင်သတ်မှတ်လို၏။ ထိုနေ့လောက် ပျော်သော နေ့ ငါတို့၏ တစ်သက်နှင့်တစ်ကိုယ် မည်သည့်အခါမျှ မတွေ့ခဲ့ရစဖူးချေ။ (စာ-၃၂)

❑

mgyoe.com

# ၁၀

ရှင်ဥေယျက မောင်ညိမ်းမောင် ဘဝကတည်းက တရားကျင့်ခဲ့ပြီး သာသနာ့ဘောင် ရောက်ရင်တော့ တောထွက်ပြီး တရားကျင့်မယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိခဲ့တယ်။ အဲဒီရည်ရွယ်ချက်ကို ဆရာတော်ကြီးကလည်း သိနေတယ်။ ဆရာတော်တွေက ပရိယတ်ဆိုတာ ပဋိပတ်ရဲ့ သင်ရိုးညွှန်းတမ်းလို့ သတ်မှတ်ထားတော့ စာမတတ်ဘဲ တရားအားထုတ်တာကို အားမပေးကြဘူး။ စာတတ်ပြီဆို အားထုတ်ပေတော့။ အားပေးကြတယ်။ ခုလည်း တောထွက်ပြီး တရားကျင့်ချင်နေတဲ့ ရှင်ဥေယျကို "မင်းက ငယ်သေးတယ်။ ကောထွက်လို့ မသင့်တော်သေးဘူး။ ကြီးတော့ မင်းသဘော ပ။ တောထွက်ချင်လည်း ထွက်ပါ။ ခုတော့ မြို့တက် စာသင်ချေဦး" လို့ ယတိပြတ် အမိန့်ရှိလိုက်တယ်။ ဒီလိုမိန့်တာကလည်း ဆရာဆိုပြီး အာဏာနဲ့ အမိန့်ပေးတာမျိုး မဟုတ်ဘူး။ နားဝင်အောင် ချော့မော့ပြီး ပြောပြတာ။

အဲဒီခေတ်က စာပေနဲ့ စာမေးပွဲ ချိန်ခွင်လျှာမျှတယ်လို့ ပြောရမယ်။ ရှေးခေတ်ကတော့ စာတတ်အောင် စာကို အရသာခံပြီး သင်ကြတယ်။ ဘယ်မှာ ဘယ်စာဝါကောင်းတယ် ကျော်တယ်ဆို ပစ္စည်းလေးပါး ဘယ်လောက်ရှားရှား အရောက်သွားပြီး အရယူကြတယ်။ ဒါကြောင့်မို့ နေရာတိုင်း၊ ရွာတိုင်း၊ မြို့တိုင်း၊ ကျောင်းတိုင်း စာတတ်ပေတတ် ဆရာတော်ကြီးတွေရဲ့ ဩဇာက လွှမ်းမိုးနေတယ်။ အနေအထိုင်လည်းကောင်း၊ စာပေလည်းတတ်ကျွမ်းဟော့ တစ်ရွာလုံး၊ တစ်နယ်လုံး လေးစားကြတယ်။ တတ်တဲ့ပညာနဲ့ ဘယ်သူ့ကိုပြဲစ်ဖြစ် မဟုတ်တာလုပ်ရင် ခေါ်ငေါက်၊ ခေါ်ဆူ၊ ခေါ်ရိုက်ရဲတယ်။ ဘယ်နိုင်ငံရေးသမားမှ အဲဒီရပ်၊ အဲဒီ

mgyoe.com

mgyoe.com
နယ်၊ အဲဒီမြို့၊ အဲဒီရွာတွေမှာ အဲဒီဆရာတော်ကြီးတွေရဲ့ ဩဇာကို မကျော်နိုင်ဘူး။

ဆရာတော်တို့ ခေတ်ရောက်တော့ စာမေးပွဲက တန်းတူနေရာ ယူလာတယ်။ စာမေးပွဲအောင်ရင် လူ ရှင် ရဟန်းတွေက အားပေးကြတယ်။ မြှောက်စားကြတယ်။ အထင်ကြီး လေးစားကြတယ်။ စာတတ်တယ် ထင်ကြတယ်။ စာမေးပွဲဘက်ကို ဦးတည်လာတော့ စာတတ်တဲ့ဘက်မှာတော့ အရင်နဲ့စာရင် နန့်နဲ့လျော့သွားတဲ့သဘော ရှိတယ်။ ဒါပေမဲ့ မသိသာဘူး။ စာမေးပွဲအောင်သူတွေကလည်း စာတတ်ကြတာကိုး။ ဒါကြောင့်မို့ စာမေးပွဲက ရှေ့တန်းရောက်လာတယ်။ ခုခေတ်ကတော့ စာမေးပွဲက ရှေ့တန်းရောက်ရုံသာမဟုတ်ဘူး လွှမ်းသွားတယ်။ စာတတ်ရေး မတတ်ရေးက အရေးမကြီးတော့ဘူး။ အလေးမထားတော့ဘူး။ စာမေးပွဲအောင်ရေးက အရေးကြီးလာတယ်။ စာမေးပွဲကိုပဲ အလေးပေးလာကြတယ်။ ဒါကြောင့်မို့ စာမေးပွဲ တသီကြီးအောင်တယ်။ ဘွဲ့တွေ တသီကြီး ရကြတယ်။ စာသိပ်မတတ်ကြတော့ဘူး။ စာတတ်ပုဂ္ဂိုလ် နဲသွားတယ်။ ဒါကတော့ ပရိယတ္တိသာသနာတော်အတွက် ဝမ်းနည်းစရာပဲ။ တစ်ခါ စာမေးပွဲတွေက အာဂုံကို ဇဟိုပြုတဲ့ စာမေးပွဲတွေဖြစ်နေလို့ အတတ်နဲ့ ဝေးနေသလို သုတေသနနဲ့လည်း ဟိုဘက်ကမ်း ဒီဘက်ကမ်းလို ဖြစ်နေတယ်။ ပိဋကတ်ထဲမှာ သုတေသနပြုစရာတွေ အများကြီးရှိနေပေမဲ့လို့ နိုင်ငံခြားသားပညာရှင်တွေရဲ့ သုတေသနစာတမ်းတွေကိုသာ တွေ့ရပြီး မြန်မာဘုန်းကြီးတွေ သုတေသန ပြုထားတဲ့ကျမ်းကို ရှာမယ်ဆိုရင် တော်တော်ခေါင်းခြောက်ပြီး အချိန်ကုန်သွားနိုင်စရာရှိတယ်။

ဆရာတော်တို့ခေတ်က စာမေးပွဲဘက် ဦးတည်နေတဲ့ခေတ်ဆိုတော့ စာမေးပွဲလုပ်ပေးတဲ့ စာသင်တိုက်တွေလည်း နယ်တိုင်းမှာလို ရှိတယ်။ သူ့နယ်နဲ့သူကျော်ပြီး စည်းကမ်းသေဝပ်ကြတယ်။ တော်ရုံဖွဲ့နဲ့ မနေနိုင်ကြဘူး။ ဆရာတော်ကတော့ ရွှေဘိုမြို့မျက်နှာဖုံး ဝေဠုဝန်စာသင်တိုက်ကို ရောက်သွားတယ်။ စာသင်သား (၁၈၀) လောက် ရှိတယ်။ ပဓာနနာယက ဆရာတော်ကြီး ဦးဆောင်တဲ့ စာချဘုန်းကြီးအဖွဲ့က စာဝါတွေကို နိုင်နိုင်နင်းနင်း ပို့ချနေတယ်။ ဆရာတော်ကြီးက သဒ္ဒါသန်သူဆိုတော့ သဒ္ဒါသံတွေနဲ့ စည်ညံနေတယ်လို့ ပြန်ပြောင်းအောင်းမေ့ထားတယ်။

တကယ်တော့ စာသင်သားဘဝဆိုတာ ကြမ်းတမ်းလှတယ်။ ခက်ခဲလှတယ်။ ကိုယ်နဲ့ တစ်ယောက်မှမသိတဲ့ နယ်မြေ၊ တစ်ခါမှမသိတဲ့ ပတ်ဝန်းကျင်
mgyoe.com

mgyoe.com SAMPLE BOOK

မှာ အစိမ်းသက်သက်နဲ့ အခြေချကြရတာ။ ဒဏ်ခံနိုင်၊ ကြိုးစားနိုင်တဲ့သူတွေ တက်သွားပြီး ဒဏ်မခံနိုင်သူတွေ ကျဆုံးသွားကြတယ်။ အကိုင်အတွယ်တတ်တဲ့ ဆရာတွေနဲ့ တွေ့ရင်တော့ ကံကောင်းတယ်လို့ သတ်မှတ်ရမယ်။ အကိုင်အတွယ် ညံ့ဖျင်း အုပ်ချုပ်ရေး အဂတိမကင်းတဲ့ ဆရာနဲ့တွေ့ရင်တော့ ရင်ကော့ပြီးသာ ခံလိုက်ပေတော့။ ဒကာ ဒကာမဆိုတာလည်း ဆွမ်းလောင်းရုံကလွဲပြီး တခြား ဘာမှလှူလောက်တဲ့ ဂုဏ်သိက္ခာမရှိသေးတော့ ဘာမှမလှူကြဘူး။ ရေးဘုန်း ရေးကံပါလာရင်တော့ တော်သေးတယ်။ မိဘဆွေမျိုးသားချင်းတွေနဲ့ကလည်း ဝေးရုံသာ မဟုတ်ဘူး၊ မြို့ရောက်သွားတော့ အထင်ကြီးပြီး မလှူတဲ့အပြင် ဘာ လေးပေးလိမ့်နိုးနိုး စောင့်မျှော်နေတတ်ကြတယ်။ မိဘဆွေမျိုးတွေနဲ့လည်း ဝေး၊ လူစိမ်းတွေနဲ့လည်း မသိသေးတဲ့ဘဝကို စဉ်းစားကြည့်က မျက်ရည်ကျလောက် ပါတယ်။ အဲ… မိမိနေတဲ့ စာသင်တိုက်က ပြည့်စုံတဲ့တိုက်ဖြစ်နေရင် တော် သေးတယ်။ ဆင်းရဲတဲ့တိုက်ဖြစ်နေရင် ဟင်းကောင်းတစ်ခွက် စားရရင်တောင် ဧရာမစည်းစိမ်ကြီး ဖြစ်နေတာ။ အညာစာသင်တိုက်တွေကို ပြောတာပါ။ အောက် ပိုင်း စာသင်တိုက်တွေကတော့ အဲလောက်မဆင်းရဲပါဘူး။ အဲဒီဆင်းရဲဒဏ်တွေ က အသက်ကြီးလာပြီး ယောနိသောမနသိကာရ မရှိရင် မကောင်းတဲ့စိတ်တွေ ပေါက်ဖွားလာတတ်တယ်။ ဆင်းရဲတာကတော့ ဘယ်ဆင်းရဲမှ မကောင်းဘူးလို့ မှတ်ချက်ချလို့ရတယ်။

ဆရာတော်က ကံကောင်းတယ်လို့ ပြောရမယ်။ ဆရာသမားတွေရဲ့ ဦးစား ပေးခံရတယ်။ စာကြိုးစားတယ်။ ရတဲ့စာတွေကို ညညပြန်တာ (၁၀) နာရီ (၁၁) နာရီလောက်ထိ ရောက်တယ်။ စာကြိုးစားတဲ့တပည့်ကို ဆရာသမားတွေ ဦးစားပေးတာ သဘာဝပဲ။ ရှင်ဧယျရဲ့ စာသံတွေနဲ့ တစ်တိုက်လုံး စည်လွင် နေတော့ တိုက်သံဃာတွေရဲ့ ပါးစပ်ဖျားထိ ဂုဏ်သတင်းက တွဲလောင်းခိုနေတယ်။ ဆရာတော်နဲ့ အတူနေဖူးသူ ရွာကျောင်းဘုန်းကြီးက "မဟာဗောဓိမြိုင်ဆရာတော် က စာသိပ်ကြိုးစားတာ"လို့ ပြောပြဖူးတယ်။ စာကြိုးစားပြီး စာထဲနစ်နေတဲ့ ရှင်ဧယျဟာ ခြိမ့်ခြိမ့်သဲ ဆင်နွှဲနေတဲ့ မြို့ထောင့်စေတီပွဲမှာ လာကနေတဲ့ အဲဒီ ခေတ်က နာမည်ကျော်ဇာတ်ကြီးတွေကို ဆရာက ကြည့်ခိုင်းလို့ သွားကြည့်ပေမဲ့ စိတ်မပါဘူး။ ဗေဒသံတွေနဲ့ စည်စည်ညံနေပေမဲ့လို့ စာအံစာကျက် မပျက်ဘူး။ အဲလိုစာဇာတ်ဝင်နေလို့ စရိုက်သဘာဝတွေလည်း ပြောင်းလဲသွားတဲ့အကြောင်း ဆရာတော်က အခုလို မှတ်တမ်းတင်ထားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

- ငယ်ငယ်က တဏှာဘာဝ ကြီးထွား၏။ ယခု မပေါ်တော့ပြီ။
- ငယ်ငယ်က အပျော်အပါး အားကြီး၏။ ယခု ကင်းဆိတ်နေပြီ။
- ငယ်ငယ်က အမြှောက်အပင့်ခံလို၏။ ယခုသော် မြှောက်မှန်းသိ မုန်းတီးလာပြီ။ (စာ-၄၃)

ဆရာတော် ဝေဠုဝန်တိုက်မှာ ရှိနေတုန်းမှာပဲ ထင်ရက်စရာမရှိတဲ့ ဖြစ်ရပ်ကြီးတစ်ခု တိုက်ထဲမှာ ဖြစ်ပေါ်သွားတယ်။ အဲဒါကတော့ တိုက်ရဲ့ ပဓာနနာယက ဆရာတော်ကြီး ဦးစန္ဒိမာဟာ သက်တော် (၇၅)၊ ဝါတော် (၅၅) ဝါရမှာ လူဝတ်လဲသွားတဲ့အတွက်ပဲ။ မကြာမီ ရွှေဘိုပြင်ဈေးရပ်က (၆၅) နှစ်အရွယ် ဒေါ်ပနဲ့ အိမ်ထောင်ကျသွားတယ်။ ဒါပေမဲ့လို့ အသွင်မတူ အိမ်သူမဖြစ်ဆိုတဲ့အတိုင်း ကြာကြာမပေါင်းရဘဲ ကျောင်းပြန်ရောက်လာတယ်။ တပည့်ဆရာတော်တွေက ဆရာတော် ဦးစန္ဒိမာ တစ်ဖြစ်လဲ ဆရာကြီးဦးစံညွန့်ကို သေတစ်ဖန် သက်တစ်ဆုံး ကျေးဇူးဆပ်ရင်း ပြုစုတော်မူကြတယ်။ လောက… လောက… ဩော် … လောက…။

❑

mgyoe.com

 mgyoe.com SAMPLE BOOK 

# ၁၁

ရှင်ဥဿယျက ဆရာသမားကောင်းရဲ့ အထိန်းအကွပ်အောက်မှာ ဗိုင်းကောင်းကျောက်ဖိ ဖြစ်နေတယ်။ ကံကောင်းလှတယ်။ စာကြိုးစားတယ်။ အာဂုံစာတွေ ဒိုးဒိုးဒေါက်ဒေါက် ပြန်နိုင်တယ်။ စာထောက်စာမ ဆရာတိုင်းက လေးစားကြတယ်။ ဘေးက ကြားရသူတွေတောင် ကြားရတဲ့အခါ သဒ္ဒါပွားသွားကြတယ်။ အသံနေကလည်း ကြည်လင်တယ်၊ အသံထားကလည်း ပြတ်သားတယ်။ အင်း … အဲ… ဆိုတဲ့ မလိုအပ်တဲ့ အသံတွေ ကင်းစင်နေပြီး မရပ်မနားဘဲ ရွှေဘော်ကောင်းကောင်းနဲ့ ထိုးလိုက်သလို တဒေါက်ဒေါက် ဖြစ်နေအောင် ပြန်နိုင်တယ်။ ဒါကြောင့်မို့ ဆရာသမားတွေရဲ့ ချစ်မြတ်နိုးမှု ခံရတယ်။ တစ်တိုက်လုံးမှာ အားအထားဆုံး ခံရတယ်။ ကိုယ်ပိုင်တွင်းထွက် စိန်တစ်လုံးအနေနဲ့ ကြိုပြီး ကြည်နူးနေကြဟန်ရှိတယ်။

အတူနေ ဆရာသမားအပေါ်မှာလည်း တပည့်ဝတ် ကျေပွန်လှတယ်။ နံနက် မျက်နှာသစ်ရေ ခပ်ပေးတယ်။ တံမြက်စည်းလှည်းပြီး သန့်ရှင်းရေးလုပ်ပေးတယ်။ ဘုရားသောက်တော်ရေကပ်၊ ပန်းကပ်၊ ဆွမ်းတော်ကပ် စတဲ့ ဘုရားနဲ့ပတ်သက်တာလည်း မလစ်ဟင်းစေရဘူး။ ဒါကြောင့်မို့ အတူနေ ဆရာရဲ့ ချီးမြှောက်မှုကိုလည်း အပြည့်ရခဲ့တယ်။ မိခင်တစ်ဦးလို စောင့်ရှောက်ပေးတယ်။ အဲဒီဆရာတော်က ပခုက္ကူသွားပြီး ကျမ်းကြီး ဖောက်နေတာတောင် တပည့်အတွက် သေတ္တာထဲ သိမ်းထားတဲ့ သင်္ကန်းတစ်စုံကို ထုတ်ပေးလိုက်ဖို့ ညွှန်ကြားပြီးတောင် အရေးပေးတယ်။ အဲဒီခေတ်က သင်္ကန်းတစ်စုံဆိုတာ ရွှေလောက်နီးနီး ရှားတာ။ သင်္ကန်းတစ်စုံ ရဖို့က စာမေးပွဲအောင်ဖို့ထက် ခက်တယ်။ သာသနာ့မျက်နှာဖုံး

mgyoe.com

mgyoe.com SAMPLE BOOK

နာမည်ကြီးဆရာတော်ကြီးတစ်ပါးက ပထမကျော် ဆုနှင်းသဘင် ကြွတဲ့အခါ ကျောမှာ ချွေးကွက်ကြီး ထင်နေတဲ့ သင်္ကန်းကြီးကိုရုံပြီး ပထမကျော်အောင် လက်မှတ် အကပ်ခံခဲ့ရကြောင်း ထေရုပ္ပတ္တိမှာ မှတ်တမ်းတင်ထားတယ်။ အဲဒီ လောက် သင်္ကန်းရှားတဲ့ခေတ်။ အဲဒီခေတ်မျိုးမှာ သင်္ကန်းတစ်စုံကို အဝေးကနေ ပေးပြီး ချီးမြှောက်တယ်ဆိုတာ ထိပေါက်သလောက် ဂုဏ်ရှိတယ်။

အဲဒီတုန်းက ဆရာတော်ဘဝမှာ နှစ်ခုတည်းပဲ ရှိတယ်။

- ငါတို့ချစ်မြတ်နိုးသော တစ်ခုတည်းသောအရာက စာတည်း။
- ငါတို့အားကိုးသော တစ်ခုတည်းသောအရာက ဆရာတည်း။

(စာ-၄၄)

ကံကြမ္မာရဲ့ အလှည့်အပြောင်းက ကြောက်စရာကောင်းလှတယ်။ သတ္တဝါ တွေဟာ ကံဇာတ်ဆရာရဲ့အလိုကျ ကနေကြရတယ်။ ဒါကြောင့်မို့ ကံကိုဖြတ် နိုင်အောင် အကောင်းဆုံး မလုပ်နိုင်ရင် ကံကောင်းအောင် လုပ်ကြရမယ်။ အဲဒီလို မဟုတ်ရင် အကုသိုလ်ကံတွေရဲ့ ဇာတ်ညွှန်းအတိုင်း ကပြ အသုံးတော်ခံရင်း ဘဝတွေဟာ ရှေ့ဂွန်း နောက်ဂွန်း ပြန်နေကြရတယ်။ အဲဒီအချိန်မှာ ကိုယ့်ကံကို ပြန်မကြည့်မိဘဲ တစ်ပါးသူကို မျက်စောင်းထိုးမိကြတယ်။ ဒါလူ့သဘာဝ လောက သဘာဝ ထင်ပါရဲ့။

အခုလည်း ဆရာတော်ဘဝကို အလှည့်အပြောင်းလုပ်ဖို့ ကံဇာတ်ဆရာ က စတင်လုပ်ပြီ။ ရှင်ဥေယျကို မြှောက်စားတဲ့ဆရာက ကျမ်းကြီးဖောက်ဖို့ ပခုက္ကူကို ကြွသွားတယ်။ နောက်ဆရာလက်ထဲ ရောက်သွားတယ်။ နောက် ဆရာက ပထမဆရာနဲ့ သဘောထားချင်း ကွာချင်တိုင်း ကွာနေတယ်။ အပြုံးနဲ့ လှနေတဲ့ ရှင်ဥေယျကို ကြည့်မရ။ ရှင်ဥေယျရဲ့အပြုံးက သူ့အတွက် အမုန်းဖြစ် နေတယ်။ ရှင်ဥေယျက တွေ့တိုင်း ပြုံးတယ်။ ဆရာက ပြုံးတိုင်း ငေါက်တယ်။ ဆူးနဲ့ဖတ်လို ထိတိုင်းပေါက်နေတယ်။ ဒီထဲ အနာပေါ်တုတ်ကျ ဆိုရမလား မပြောတတ်။ အပြုံးကြောင့် အမုန်းခံနေတဲ့ ရှင်ဥေယျကို အဲဒီဆရာဘုန်းကြီးရဲ့ ရဟန်းအမက စာပြန်နေသံကြားပြီး ကြည်ညိုသွားတယ်။ ဆွမ်းခံကြွဖို့ ဖိတ်သွား တယ်။ ဒီတင် ကုလမစ္ဆရိယက နှိပ်စက်လိုက်ပြန်လို့ အမုန်းတိုးသွားပြန်တယ်။

ရဟန်းလောကမှာ အချို့ပုဂ္ဂိုလ်တွေဟာ ကုလမစ္ဆရိယစိတ် အတော် အားကြီးကြတယ်။ ကိုယ့်ကိုယ်ကိုယ်တောင် အနတ္တဖြစ်နေရတဲ့ လောကကြီးမှာ ကိုယ့်ဒကာ ဒကာမဆိုပြီး အတ္တကြီးနေကြတယ်။ ကိုယ့်ဒကာ ဒကာမက တခြား ရဟန်းတွေပေါ် ကြည်ညိုသွားမှာ ပါသွားမှာကို အားကြီး ကြောက်ကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်းကြောင်းကြောင့် ပါသွားရင်လည်း အထိနာကြတယ်။ ပိဋကတ်စာပေထဲမှာ မစ္ဆရိယရဲ့ ဆိုးကျိုးတွေကို ဇာတ်နာသွားလောက်အောင် ဖော်ပြထားပေမဲ့လို့ ရင်ထဲရောက်အောင် မကျင့်သုံးတဲ့အတွက် သနားစရာကောင်းလှတယ်။ မိမိညှံ့တာကို တစ်စက်ကလေးမှ ငုံ့မကြည့်ဘဲ တစ်ဖက်ကို ရန်လုပ်ဖို့ ကြိုးစားနေကြတာကလည်း အန္တရာယ်ကြီးလှတယ်။ အဲဒီပုဂ္ဂိုလ်မျိုးတွေအတွက်ဆို သာသနာတော်မှာ ကောင်းသူအတွက် နေရာမပေးနိုင်သလို ဖြစ်နေတယ်။ မဟာဗောဓိမြိုင်ဆရာတော်ကြီးဟာ ယခုလို တောကြီးမျက်မဲထဲမှာ တရားကျင့်နေတဲ့အချိန်မှာတောင် တချို့နယ်ခံသာသနာ့ဝန်ထမ်းတွေရဲ့ ကုလမစ္ဆရိယဒဏ်ကို ခံနေရတဲ့အကြောင်း ဒီစာအုပ်မှာ ဖော်ပြထားတယ်။ ဆရာတော်ကြီးကတော့ အဲဒီလိုဖြစ်လာရင် အဲဒီနေရာကို မနေတော့ဘဲ ပြောင်းရွှေ့သွားတယ်။ အဲလိုမျိုးပုဂ္ဂိုလ်တွေနဲ့ တွေ့တဲ့အခါ သူတို့ကို ဒီစိတ်မျိုးမဝင်အောင် ပြောပြနားချဖို့ မလွယ်ရေးချ မလွယ်။ ကိုယ့်ကြောင့် အဲဒီစိတ်မျိုး မဝင်အောင်ဘဲ သတိထားသင့်တယ်။ အဲလိုအကိုင်အတွယ်မတတ်တဲ့ ဆရာနဲ့တွေ့ရပြီး ငယ်ရွယ်သူပီပီ တခြားတိုက်ကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်လိုက်တယ်။

ငါ စာကြိုးစားလျှင် ဘယ်ကျောင်းနေနေ စာတော်စာတတ် ဖြစ်ကိုဖြစ်ရမည်။

ငါ့ကိုယ်ငါ ထိန်းသိမ်းနိုင်လျှင် ဘယ်မှာသွားသွား စည်းကမ်းရှိသမား ဖြစ်ကိုဖြစ်ရမည်။

တန်ဖိုးသိ တန်ဖိုးထားတဲ့ တိုက်ထဲက စာချဆရာတော်တွေက မပြောင်းဖို့ နည်းမျိုးစုံနဲ့ ကြိုးစားကြပေမဲ့လို့ မရတော့။ မော်လမြိုင် စိန်မမပါဠိတက္ကသိုလ်ကို ပြောင်းရွှေ့သွားတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၁၂

မဟာဗောဓိမြိုင်ဆရာတော်လောင်းလျာဟာ မော်လမြိုင် စိန်မမပါဠိ တက္ကသိုလ်မှာ စာပေဆည်းပူးရင်း မော်လမြိုင်အကြောင်းကိုလည်း အတော်လေ့လာ ထားတာ တွေ့ရတယ်။ တကယ်တော့ မော်လမြိုင်ကို အညာဒေသလို ပရိယတ္တိ နယ်မြေစစ်စစ်လို့ ပြောဖို့ခက်တယ်။ ပရိယတ္တိစာပေလောကတစ်ခုလုံးက လေးစား ရတဲ့ ဘာသတန္တရဆေက တောင်ပေါက်ဆရာတော်ကြီးလို၊ သကျသီဟမဟွာစရိယ နဲ့ ကျော်လေးကျော် တောင်လေးလုံး ဆရာတော်ကြီးလို ပရိယတ္တိတစ်လမ်းသွား ဆရာတော်ကြီးတွေ သီတင်းသုံးရာ၊ သာသနာတော်အတွက် ကျေးဇူးများတဲ့ သုသမာစာရစာမေးပွဲကြီး ကျင်းပရာ နယ်မြေလည်း ဖြစ်တယ်။ လောကီဝိဇ္ဇာ ဂန္ဓာရီလမ်း လိုက်စားကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကျက်စားရာ နယ်မြေလည်း ဖြစ်နေ ပြန်တယ်။ အဲသလို ရောပြွန်းနေလို့ ထင်ပါတယ်။ မန္တလေးလို၊ ရန်ကုန်လို၊ ပဲခူးလို ပရိယတ္တိအကျော်အမော်တွေ အများစု ပေါက်ဖွားတဲ့နယ်မြေလို့တော့ ပြောဖို့ခက်တယ်။ ဘာပဲဖြစ်ဖြစ် ဗုဒ္ဓသာသနာ ပန္နက်စိုက်ရာမြေဖြစ်လို့ မွန်တွေ ရဲ့ ယဉ်ကျေးသိမ်မွေ့မှုကတော့ လက်ဖျားခါလောက်တယ်လို့ ဆိုတယ်။ ဆရာ တော်ကလည်း မော်လမြိုင်ကို အခုလို ချီးမွမ်းထားတယ်။

မော်လမြိုင်ကား နေရာလည်း သာယာ၏။ လူလည်း သာယာ၏။ ငါတို့ စိတ်လည်း သာယာ၏။ ပင်လယ်ကွေ့ဖြစ်သဖြင့်လည်းကောင်း၊ တောတောင်စုံ ရှိသဖြင့်လည်းကောင်း နေရာသည် သာယာ၏။ ဥတုမျှတ၏။ တွေ့သည်နှင့် လိုက်လှဲဖော်ရွေစွာ ဆက်ဆံလေ့ရှိသော မွန်၊ တွေ့သည်နှင့် ရည်မွန်သော စေတနာ များဖြင့် ဆီးကြိုလေ့ရှိသော မွန်၊ တွေ့သည်နှင့် ရဟန်းဆို ရှေးက ဆွေဟောင်း

mgyoe.com

mgyoe.com SAMPLE BOOK

မျိုးဆက်တို့ ပြန်လည်တွေ့ဆုံရပုံမျိုးများဖြင့် ဝတ်ပြုလေ့ရှိသော မှန်၊ တွေ့သည်နှင့် မာတုဂါမ (မိန်းမ)မှန်သမျှ ရဟန်းတို့နှင့် ထိပ်တိုက်ရင်ဆိုင်ကာ သွားလာလှုပ်ရှားခြင်း မပြု။ ထိုရဟန်း ငှင်းတို့ကို ကျော်လွန် လွတ်မြောက်သွားလေမှ သာလမ်းဘေးထိုင်ရာမှ ထသွားလေ့ရှိသော မှန်၊ ထိုမှန်၊ ဤမှန်တို့ အခြေစိုက် ရာဒေသကောင်းဖြစ်သဖြင့်လည်း သာတောင့်သာယာရှိ၏။

စင်စစ် မှန်တို့သည် ဤမြန်မာပြည်၏ ဘုရားသာသနာ ဦးစွာခြေချရာဒေသကောင်းဖြစ်လေသဖြင့် အမူအကျင့်ကောင်းများ မြောက်မြားစွာ ကျန်ရှိနေချေသေး၏။

ဆရာတော်က ဒီအခန်းမှာ ဘာသာအယူဝါဒအကြောင်းကို တော်တော်နက်နက်နဲနဲ ဆွေးနွေးထားတယ်။ ဆရာတော် ဆွေးနွေးထားတာကို စူးစူးစိုက်စိုက်နဲ့ ဖတ်ကြည့်စေချင်တယ်။ နားလည်တဲ့အထိ အကြိမ်ကြိမ် ဖတ်ကြည့်စေချင်တယ်။

အယုံစွဲ၍ အရဲပိုလာစေသော စိတ်တန်ခိုး စိတ်သတ္တိမွေးထုတ်ရာ မိခင်ပမာဖြစ်၏။ စိတ်နေအဆင့် မြင့်မားတိုးတက်စေရန် လေ့ကျင့်ပေးနေသော ဆရာပမာလည်း ဖြစ်၏။

အစမျှသာ သိပိုင်သော ခေါင်းဆောင်တို့ ဦးစီးရာ ဘာသာဝါဒ၌ ကံတစ်ခုကိုသာ ဦးစားပေးလျက်က စိတ်ကို မကောင်းရာမှ ကောင်းရာသို့ ဆွဲဆောင်ပေးတတ်၏။

တစ်ဝက်မျှသာ သိပိုင်သော ခေါင်းဆောင်တို့ဦးစီးရာ ဘာသာဝါဒ၌ ကံတွင်းဈာန်သွင်းပေးလျက်က စိတ်ကို ကောင်းရာမှ မြင့်ရာသို့ ဆွဲဆောင်ပေးတတ်၏။

အဆုံးထိ သိပိုင်တော်မူသော ဘုရားရှင် ဦးဆောင်သည့် ငါတို့ဗုဒ္ဓဝါဒကား ကံ-ဈာန်တို့အတွင်း ဉာဏ်ပါသွင်းပေလျက်က မြင့်ရာမှ မြတ်ရာသို့အထိ ပို့ဆောင်ပေး၏။

သို့ကြောင့် ထိုဘာသာဝါဒတို့၏ နောက်လိုက်များစွာတို့တွင်-

ကံဆွဲဆရာတို့၏ နောက်လိုက်တို့ကား လူ့ဘုံ နတ်ဘုံများမှ ရှေ့မတိုးသာပြီ။ လူ့စည်းစိမ်၊ နတ်စည်းစိမ် ခံစားခွင့်မှလည်း ရှေ့ထွက်မလာပြီ။ ထွက်ရကောင်းမှန်းလည်း မသိပြီ။

ဈာန်ဆွဲဆရာတို့၏ နောက်လိုက်တို့ကား လူ့ဘဝ-လူ့စည်းစိမ်၊ နတ်ဘဝ-နတ်စည်းစိမ်များအပြင် ဗြဟ္မာ့ဘဝ၏ ဗြဟ္မာ့စည်းစိမ်အထိကိုပါ ခံစားခွင့်သာ

mgyoe.com

m g m SAMPLE BOOK


စေ၏။ သို့တစေလည်း ဉာဏ်သွားမဖက် ရျာန်လား သက်မျှသာဖြစ်ခြင်း၊ ကိုယ်ပိုင် မထုတ် နောက်လိုက်အလုပ်မျှကိုသာ ဆန္ဒ-ဝီရိယ အားသွင်းထားခြင်းများကြောင့် ဗြဟ္မာ့အောက်တန်းစား ဗြဟ္မာ့အောက်ဆင့်များမှ ရှေ့မတိုးသာပြီး နိဗ္ဗာန်ဘုံနှင့် အရိယာစည်းစိမ်ခံစားခွင့်ဘက်သို့လည်း တက်မလာပြီ။

ဉာဏ်ဆွဲဆရာတစ်ဆူ ဖြစ်တော်မူသော ဘုရားရှင်၏ ဩဝါဒခံ ဗုဒ္ဓဘာသာ တို့မူကား ကံချမ်းသာတို့ ကြီးစိုးရာ လူ့ဘဝ-လူ့စည်းစိမ်၊ နတ်ဘဝ-နတ်စည်းစိမ် များကိုလည်း ခံစားခွင့်ရ၏။ ဉာဏ်ပင်း ရျာန်ချမ်းသာတို့ ကြီးစိုးရာ အထက် အထက်ဗြဟ္မာ့ဘဝ၊ ဗြဟ္မာ့စည်းစိမ်များကိုလည်း ခံစံခွင့်ရ၏။ ဖလသမာပတ်၊ နိရောဓသမာပတ်မှသည် မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကိုလည်း ဉာဏ်ချမ်းသာကြွယ်ဝလျှင် ကြွယ်ဝသလောက် သုံးပိုင်ခွင့် ပိုလာသေး၏။

ထိုအတုမဲ့ဘဝ၊ အတုမဲ့ချမ်းသာ (ပြိုင်စံကင်း ချမ်းသာ)မျိုးကို ပုံသွင်း ခွင့် ရစေသည့်အပြင် ရုပ်ဒုက္ခ နာမ်ဒုက္ခတို့ကို အိုမှု၊ နာမှု၊ သေမှု ဟူသော အကြီးစားမှသည် အသေးအဖွဲများ ဖြစ်ကြလေသော တစ်ဦးနှင့်တစ်ဦး အကြိုက် ပေး၍ အဖျက်ဆီးခံနေရခြင်း၊ မကြိုက်ပေး၍ အဖျက်ဆီးခံရခြင်း၊ သဘာဝဘေးရန် တို့၏ အဖျက်ဆီးခံရခြင်း စသည်များမှ လွတ်မြောက်ရာနိဗ္ဗာန်ဘုံသို့ ပြောင်းရွှေ့ နေခွင့်ရသေး၏။

နိဗ္ဗာန်ဆိုသည်မှာ တခြားဘာသာရေးသမားတို့ ပုတ်ခတ်စွပ်စွဲသလို မရှိ သော အရာမျိုးမဟုတ် ရှိသောအရာသာ ဖြစ်၏။ ရှိသဖြင့်သာ ဘုရားစ သား အရိယာကြီးများ သွားရောက်စံနေနိုင်ကြ၏။ မရှိသော စံ၍ ဖြစ်မည်မဟုတ်။ ထိုနိဗ္ဗာန်သည် ရုပ်၊ နာမ် ခေါ် ခန္ဓာမှ အလွတ်ဖြစ်၏။ အစွဲကင်းသဖြင့် စွဲရုပ်၊ စွဲစိတ် မရှိသော အရာမျိုးဟု ဆိုလို၏။

အာယတန ခေါ် အကြောင်းခံအားဖြင့် ဓမ္မဟူသော အကြောင်းထား အထင်အရှားရှိ၏။ ဓာတ်ခေါ် ဖြစ်ပွင့်ခြင်းအားဖြင့် ဓမ္မဟူသော အရှိန်တွန်းအား အထင်အရှားရှိ၏။

သစ္စာခေါ် အမှန်သဘာဝအားဖြင့်လည်း နိရောဓဟူသော ငြိမ်သက်အား အထင်အရှားရှိ၏။ သို့ကြောင့် နိဗ္ဗာန်ဝင်ပြီးဘုရားသို့ အာရုံတန်ရည်မှန်း၍ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူသော် ဓမ္မာယတန ဓမ္မဓာတ်အကြောင်းခံ အမှန်ရှိထား ခြင်းကြောင့် ယုံကြည်လေသူတိုင်း ယုံလျှင်ယုံသလောက် အကျိုးထူး သက်ရောက် စေခြင်းကို သတ္တိစွမ်းပြသတတ်ချေ၏။

mgyoe.com

mgoe.com

ထိုဘုရားဆွမ်းကပ်၊ ပန်းရေချမ်းကပ်သည် ဘုရားအတွက်ကား မဟုတ် မိမိအတွက်သာ။

နိဗ္ဗာန်၏ (နိဗ္ဗာန်ဝင်ပြီး၏) ဓမ္မာယတနနှင့် မိမိ၏ မနာယတန ခေါ် အာရုံပြုမနော ထိုနှစ်ခုတို့ တည့်တည့်ကြီး ထိတွေ့မိချေသော် မိမိ၌ ဗုဒ္ဓဂုဏ် ဟိတ် ပုံရိပ်သည် မနောဝိညာဏ်အဖြစ် ပေါ်ထွန်း၍ လာစေ၏။ ထိုမနောဝိညာဏ် ခေါ် မိမိအသိဉာဏ်၌ သဒ္ဓါဉာဏ် ထပ်ပိုးဝင်လာသောအခါ-

ဗုဒ္ဓ၏ (နိဗ္ဗာန်ဝင်ပြီး၏) ဓမ္မဓာတ်နှင့် မိမိ၏ မနောဓာတ်တို့သည် အပွင့်ဓာတ်အဖြစ် ပွင့်ပေါ်လာ၏။ ထိုအခါ မနောဝိညာဏ်ဓာတ်သည် မဲညစ်နေရာမှ ဖြူစင်တောက်ပလာပြီး လူ့ဘဝ လူ့အကျိုးကိုလည်းကောင်း၊ နတ်ဘဝ နတ်အကျိုးကိုလည်းကောင်း၊ ဗြဟ္မာ့ဘဝ ဗြဟ္မာ့အကျိုးကိုလည်းကောင်း သယ်ပိုးသွားချေတော့၏။ သို့မဟုတ် ထိုကုသိုလ်ယှဉ် ဉာဏ်ယှဉ် စိတ်တန်ခိုး စိတ်သတ္တိလေး၏ အလင်းရောင်က လူသွားလမ်း၊ နတ်သွားလမ်း၊ ဗြဟ္မာသွားလမ်းများကို အလင်းပြ၍ လမ်းစဖော်ပေးခြင်း။

ဗုဒ္ဓ၏ (နိဗ္ဗာန်ဝင်ပြီး၏) နိရောဓသစ္စာသည်လည်း ဉာဏ်လမ်းသို့ တက်လာသူဖြစ်ခဲ့လျှင် ထိုသူ၏ တစ်ချက်မှတ် ကိလေသာချုပ်စပ် တစ်ချက်ပြတ် တဒင်္ဂနိရောဓနှင့် ထိတွေ့စေသောအားဖြင့် တွန်းအားအရှိန် တည်ရှိကာ ဓာတုပရိနိဗ္ဗာန် မစံမချင်း အငြိမ်းဓာတ်ကို ဝိုင်းဝန်းဖွင့်ပေးလေသည်သာ။

သို့ဆိုသော် နိဗ္ဗာန်ဆိုသည်မှာ မရှိသော နေရာဟူသည့်စကား အဘယ် မှာ ယုတ္တိရှိအံ့နည်း။ ဘုရားဆွမ်းတော်ကပ်က ကြွက်စား၊ ဘုရားပန်းကပ်က ကြွက်သိုက်၊ ဘုရားရေချမ်းက ကြွက်သောက်ရေ၊ ဘုရားဆီမီးကား ကြွက်လမ်းပြ ဟူသည့် စကားလည်း အဘယ်မှာ အဓိပ္ပာယ်ရှိအံ့နည်း။ လေဓာတ်၊ မီးဓာတ် များ၏ အခိုးအရှိန်သတ္တိကို လက်ခံနိုင်သေးလျှင် ဓမ္မဓာတ်၏ အရှိသတ္တိ လက် မခံနိုင်စရာအကြောင်းမရှိ။

သင်သည် ပြင်ပဗန်းပြ သာမာန်မျှသော ကံကုသိုလ်၊ ဉာဏ်ကုသိုလ်မှ ပြကျင့်တတ်ရုံမျှဖြင့် ဗုဒ္ဓဘာသာ အမည်မခံသင့်။

ဗုဒ္ဓဝါဒသည် ဉာဏ်၌သာ နား၏။ ကိုယ်ပိုင်ဉာဏ်ရှင်တို့၏ ကျက်စားရာသာ ဖြစ်ဘိ၏။ ဖရဲသီး၊ ပိန္နဲသီးတို့၏ မှည့်မမှည့်ကို ပုတ်ကြည့်မှ သိရ၏သို့ အတွင်း၌သာ ဓမ္မဓာတ်၏ ဓမ္မရသ၊ နိဗ္ဗာနဓာတ်၏ ဝိမုတ္တိရသ အမြဲတေတည်သော ဗုဒ္ဓ၏ စစ်မှန်တည့်ဖြောင့်လှသော ဝါဒရေးရာ အဖြာဖြာကိုလည်း မိမိကိုယ်တိုင် မိမိခန္ဓာဖြစ်စဉ်ကို သတိဖြင့် အသိဖြင့် လှည့်ကြည့်လေမှ တွေ့သိရတတ်ချေသည်။

mgoe.com

mgyoe.com SAMPLE BOOK

မည်မျှ ဗုဒ္ဓဘာသာ အမည်ခံထားသော်လည်း ဉာဏ်မပင်းသော ကံတွင်း ကုသိုလ်မျှဖြင့် ဗုဒ္ဓအဆုံးအမ အဆုံးဘဝအထိ မရတတ်ချေ။ ဉာဏ်ကင်းသော ရျာန်ရင်းကုသိုလ်မျှဖြင့်လည်း ဗုဒ္ဓ၏အမွေ မြစ်ချေမှသည် အပွင့်အသီး အမှည့် တို့အထိ မမိတတ်ချေ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၁၃

စိန်မမ ပါဠိတက္ကသိုလ်မှာ ပရိယတ္တိစာပေ လေ့လာရင်း ပထမလတ်တန်းစာမေးပွဲ အောင်မြင်သွားတယ်။ ပထမကြီးတန်းမှာ အသက်ပြည့်ပြီမို့ ရဟန်းပြုဖို့ စီစဉ်ကြတယ်။ ရဟန်းဒကာတွေက လေးစုဖြစ်နေတယ်။ ဆရာတော်ကိုယ်တိုင်ကတော့ ရန်ကုန်က ဒကာတွေရဲ့ အထောက်အပံ့နဲ့ ရဟန်းဖြစ်လိုပေမဲ့လို့ ရန်ကုန် ရဟန်းဒကာတွေကို ပေးထားတဲ့ နောင်တော်ဘုန်းကြီးက ရွာရဟန်းဒကာတွေရဲ့ အထောက်အပံ့နဲ့ ရဟန်းပြုဖို့ ညွှန်ကြားလိုက်တယ်။ နောက်ဆုံးတော့ ဦးကြီးတော်သူ ထန်းတစ်ပင် ဇီးကုန်းမြို့က ရဟန်းဒကာ၊ ဒကာမနဲ့ပဲ ကံစပ်သွားတယ်။

ရဟန်းဖြစ်လာတဲ့ ပဉ္စင်းသစ်တွေဟာ ရဟန်းခံပွဲမှာ တရားဟောကြရ တယ်။ တတ်သလောက် မှတ်သလောက်နဲ့ ဟောကြရတယ်။ ဘယ်လိုပဲဟော ဟော၊ ဘယ်လောက်ပဲဟောဟော၊ ဘာပဲဟောဟော ပရိသတ်ကလည်း ကောင်း ကွက်ကို ရှာပြီး ချီးမွမ်းကြတယ်။ အမှားပါရင်လည်း ခွင့်လွှတ်ကြတယ်။ ဟော ရင်ကိုပဲ ဟောရဲသားပဲ ဆိုပြီး ကြဖန်ချီးမွမ်းကြတယ်။ ကောင်းတဲ့ဓလေ့လို့ပဲ ဆိုရမယ်။

ဆရာတော်ကတော့ စာသမား စကားတတ်သူဆိုတော့ ရဟန်းသစ်ဆိုပေမယ့်လို့ ပီပီပြင်ပြင် ဟောနိုင်ခဲ့ပုံရတယ်။ ဝမ္မိကသုတ်လို လေးနက်တဲ့ တရားမျိုးကို ရွေးရဲတာကိုက နဲတဲ့သတ္တိမှ မဟုတ်တာ။ များသောအားဖြင့် ကျော်နေတဲ့ ဓမ္မကထိကတွေတောင် ဒါနခန်း၊ သီလခန်းလောက်နဲ့ ပွဲထွက်နေတတ်ကြတာ။ ဒီလိုသုတ္တန်ကြီးမျိုးဟောဖို့ မတွေးမိကြဘူး။ ဆရာတော်ရဲ့ ရဟန်းသစ် တရားဦးကို ဆရာတော်ရေးထားတာ ကြည့်ကြည့်ပါဦး။

mgyoe.com

mgyoe.com

တောင်ပို့ကြီးသည် အောက်မှ အခိုးလွှတ်သော အပူဓာတ် မြေခိုးမြေငွေ့တို့ဖြင့် ငှင်း၍ရှိသမျှအပေါက်များမှ အခိုးအလျှံထွက်ကာ တရှိန်ရှိန် အပူတောက်လောင်ပင် နေကြလေကုန်၏။

သည့်အခြေပမာသာလျှင် လူတို့သည်လည်း တဏှာ-မာန-ဒိဋ္ဌိတို့၏ အခိုးအငွေ့ လွှတ်တင်မှုကြောင့်လည်းကောင်း၊ ရာဂ-မောဟ စသော ကိလေသာ အခိုးအငွေ့များကြောင့်လည်းကောင်း၊ ကာမရာဂ၊ ဘဝရာဂ စသော သံယောဇဉ်တရားများ၏ အငွေ့သတ္တိများကြောင့်လည်းကောင်း အိပ်ရာမှ နိုးသည်နှင့်-

- မျက်စိပေါက်မှလည်း အပူမီး-အခိုးအလျှံများ မစဲမတိတ် တရိပ်ရိပ်တည်း။
- နားပေါက်များမှလည်း ကြိုက်ခိုး ဆိုးငွေ့များ တဝေ့ဝေ့သာတည်း။
- နှာခေါင်းပေါက်များမှလည်း မုန်းရှိန်. ချစ်ခိုးများ တဖြိုးဖြိုးသာတည်း။
- လျှာပြင်ထက်မှလည်း ကြိုက်ငမ်း ဖမ်းချက်များ တသွက်သွက်တည်း။
- ကိုယ်တစ်ခုလုံးမှလည်း ကြိုက်ပြစ်မှား… မကြိုက်စော်ကား တဖွားဖွားတည်း။
- စိတ်တံခါးပေါက်မှလည်း ကြိုက်လက်ခံ မကြိုက်တော်လှန်တို့ကား ရှေ့ရောက်နောက်ပြန်သာတည်း။

နေသည် နေ့အခါ လောကသားတို့အပေါ် အပူရှိန် အခိုးလွှတ်၍ စီးပိုးလာသောအခါ လောကသားများသည်လည်း-

- ရှေ့ပြေး နေအရုဏ်လာသောအခါ နိုးထလျက်က စောင့်ကြိုနေကြရချေ၏။
- နေထွက်လာသောအခါ လှုပ်ရှားစ ပြုလာကြရ၏။
- နေတက်လာသောအခါ အလုပ်ဖက် ပြင်ဆင်ကြရ၏။
- နေသည် ထန်းတဖျားရောက်သော် လောကသားတို့လည်း အလုပ်ပူမိလာကြကုန်ပြီ။
- နေသည် မွန်းတည့်လာလတ်သော် လောကသားတို့လည်း အလုပ်ဒေါင်းတောက်လာကြကုန်ပြီ။
- နေသည် မွန်းတိမ်းသွားသောအခါ လောကသားတို့လည်း အလုပ် ၌ ကတိမ်းကပါး ဖြစ်ကုန်ကြပြီ။